# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက် | ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ ၁၃ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၉)၊ အမှတ်(၃၄၆)


## ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်(၂၇) ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဖိုရမ်၊ အာဆီယံ-ဥရောပသမဂ္ဂ နိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံ-အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတို့သို့ ဆက်လက်တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၂

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ယနေ့နံနက် ၇ နာရီခွဲတွင် video conference ဖြင့် ကျင်းပပြုလုပ်သည့် (၂၇) ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဖိုရမ် (အေအာရ်အက်ဖ်) ဝန်ကြီးအဆင့် အစည်းအဝေး၊ အာဆီယံ-ဥရောပသမဂ္ဂ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ အာဆီယံ-အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတို့သို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော်မှ ပါဝင်တက်ရောက်သည်။

(၂၇) ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဖိုရမ်တွင် ဝန်ကြီးများက ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထို့ပြင် ဝန်ကြီးများက COVID-19 ကူးစက်ရောဂါ ဖြစ်ပွားနေစဉ်အတွင်း ARF ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် လုပ်ငန်းစဉ်များ အရှိန်အဟုန်မပြတ်စေရေးအတွက် ယာယီအစီအမံများ ချမှတ်ဆောင်ရွက်နေမှုကို ကြိုဆိုပြီး "ဟနွိုင်းလုပ်ငန်း စီမံချက်-၂ (၂၀၂၀-၂၀၂၅)"၊ "ကူးစက်ရောဂါဖြစ်ပွားမှုများကာကွယ်တုံ့ပြန်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆိုင်ရာ ARF ထုတ်ပြန်ချက်"၊ "အကြမ်းဖက်နှင့် အစွန်းရောက်အကြမ်းဖက်အုပ်စုတို့နှင့် ပတ်သက်ဆက်နွှယ်သည့် စုဆောင်းခံရသူ ကလေးသူငယ်များအား ပြုပြင်စောင့်ရှောက်ရေးဆိုင်ရာ ARF ထုတ်ပြန်ချက်" နှင့် "နိုင်ငံတကာလုံခြုံရေးအတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာ အသုံးပြုမှု လုံခြုံရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ARF ထုတ်ပြန်ချက်" တို့ကို အတည်ပြုခဲ့ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍


**အဌမအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့သို့ ပေးပို့သည့် သဝဏ်လွှာ**

စာ » ၄

**ကာရာအိုကေ ဗိုင်းရပ်စ်**

စာ » ၆

**ပိတ်ထားတဲ့ ကျောင်းတံခါးများနဲ့ ကလေးငယ်တို့၏ စိတ်ကျန်းမာရေး**

စာ » ၁၄




## မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၇၂ ဦးအား ပြန်လည်ခေါ်ဆောင်

နေပြည်တော် စက်တင်ဘာ ၁၂

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံ၌ အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၇၂ ဦးအား မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။(အပေါ်ပုံ)

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ

စာမျက်နှာ ၃ ကော်လံ ၁ ◆

## မြန်မာ့မီးရထားအနေဖြင့် ခရီးသည်စီးနင်းမှုအပေါ်မူတည်၍ လူစီးရထားများ လျှော့ချပြေးဆွဲ

ရန်ကုန် စက်တင်ဘာ ၁၂

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်အတွက် မြန်မာ့မီးရထားအနေဖြင့် လမ်းပိုင်းအသီးသီး၌ ပြေးဆွဲပေးလျက်ရှိသော လူစီးရထားများအား စက်တင်ဘာ ၁၂ ရက်မှ စတင်ကာ လျှော့ချပြေးဆွဲမည်ဖြစ်ကြောင်း မြန်မာ့မီးရထားထံမှ သိရသည်။

ယခုအခါ ခရီးသွားလာမှု ကန့်သတ်ချက်များအရ ရထားဖြင့် ခရီးသည် စီးနင်းလိုက်ပါမှုများ လျော့နည်းလာသည့်အတွက် အဓိကကျသည့် လမ်းပိုင်း ခြောက်ခုတွင် ရထားတစ်စင်းစီ ဆက်လက် ပြေးဆွဲမည်ဖြစ်ပြီး ကျန်ရထားများကို ယာယီရပ်နားထားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့မီးရထား၏ ခရီးဝေးရထားများအနေဖြင့် ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အမှတ် (၃) အဆန်နှင့် အမှတ် (၄) အစုန် လူစီးရထား၊ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် အမှတ် (၄၁) အဆန်နှင့် အမှတ် (၄၂) အစုန် လူစီးရထား၊ ရန်ကုန်-ပြည်လမ်းပိုင်းတွင် အမှတ် (၆၃) အဆန်နှင့် အမှတ် (၆၄) အစုန် လူစီးပါဆယ်ရထား၊ နေပြည်တော်-ချောက် လမ်းပိုင်းတွင် အမှတ် (၁၀၁) အဆန်နှင့် (၁၀၂) အစုန် လူစီးရထား၊ ပုသိမ်-ကြံခင်း လမ်းပိုင်းတွင် အမှတ် (၁၈၅) အဆန်နှင့် (၁၈၆) အစုန် လူစီးရထားနှင့် မန္တလေး-လားရှိုး လမ်းပိုင်းတွင် အမှတ် (၁၃၁) အဆန်နှင့် (၁၃၂) အစုန် လူစီးရထား (နယ်စပ်မှ နေရပ်ပြန်များအတွက်) တို့ကို ပြေးဆွဲပေးမည်ဖြစ်ပြီး

စာမျက်နှာ ၃ ကော်လံ ၃ ✻


- လွယ်ကူလျင်မြန်တဲ့ဝန်ဆောင်မှု Delivery Service ဆိုရင် Cloud City ကို သတိရပါ။ ထိပ်တန်းအဆင့်မီ စားသောက်ဆိုင်ကြီးများမှ သန့်ရှင်းလတ်ဆတ်ပြီး အဟာရပြည့်ဝသော အစားအသောက်များကို အိမ်ကပဲဖြစ်ဖြစ်၊ ရုံးမှာပဲဖြစ်ဖြစ် အပြင်ထွက်စရာမလိုဘဲ Cloud City မှ ဝန်ဆောင်မှုပေးနေပါပြီ။ Food Delivery လုပ်ကိုင်ချင်သော လုပ်ငန်းရှင်များ Cloud City နဲ့သာ ပူးပေါင်းလိုက်ပါ။ လူကြီးမင်းတို့ စိတ်တိုင်းကျ နည်းပညာပိုင်းဆိုင်ရာ ကူညီထောက်ပံ့ပေးသွားမှာပါ။ လူကြီးမင်းတို့ရဲ့ လုပ်ငန်းများ လျင်မြန်စွာ တိုးတက်ပြောင်းလဲဖို့အတွက် Cloud City နဲ့သာ အမြန်ဆုံးဆက်သွယ်လိုက်ပါ။

- မန္တလေးမြို့
(09-782099991 /09-782099992)
- လားရှိုးမြို့
(09-782099993/09-782099994)
- လောက်ကိုင်မြို့
(09-782099995/09-782099996)

မြန်မာနိုင်ငံအနှံ့ အနယ်နယ်အရပ်ရပ်ရှိ လုပ်ငန်းရှင်များကိုလည်း Cloud City နဲ့ အမြန်ပူးပေါင်းဖို့ ဖိတ်ခေါ်ပါတယ်။
ဆက်သွယ်မေးမြန်းစုံစမ်းရန် - 09-403703432, 09-782997788

**Cloud City Application က ဘယ်လိုတွေ အသုံးဝင်သလဲ?**

- Cloud City ကနေဖုန်းငွေဖြည့်လို့ရတယ်။
- အစားအသောက်မှာလို့ရတယ်။
- ဈေးဝယ်ခြင်း၊ ဈေးရောင်းခြင်းတို့ကို ငွေပေးချေနိုင်တယ်။ (ဖုန်းဘေလ်၊ လျှပ်စစ်မီတာခ၊ အခွန်အခများကို ဒေါ်လာ Visa/MPU/kbz pay/ wave pay စသဖြင့် ပေးချေနိုင်ပါတယ်။)

Scan For Download Android APP



မြန်မာ့အလင်း

## ညီညွတ်ရေးနှင့် ကပ်ရောဂါဘေး ကင်းဝေးရေး

ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရောဂါပိုး ကမ္ဘာတစ်ခွင် လှည့်လည်ခြိမ်းခြောက်မှုက လူ့လောကတစ်ခုလုံးကို ကျန်းမာရေးသတိကြီးကြီး ထားမိသွားစေသည်။

ကမ္ဘာ့နိုင်ငံအသီးသီးက နိုင်ငံခေါင်းဆောင်များ၊ နိုင်ငံရေးအရ၊ အုပ်ချုပ်ရေးအရ တာဝန်ရှိသူများက ရောဂါပိုးပျံ့နှံ့မှုကို မည်သို့ ထိန်းချုပ် ကာကွယ်မည်ဆိုသည်ကို နည်းလမ်းရှာကြ၏။ ဆေးသိပ္ပံနှင့် သုတေသနပညာရှင်များက ရောဂါပိုးကို နှိမ်နင်းသုတ်သင်နိုင်မည့် ဆေးများ၊ ဗိုင်းရပ်စ်ပိုး လူ့ခန္ဓာထဲဝင်မလာအောင် ကာကွယ်နိုင်မည့် ဆေးဝါးများကို စမ်းသပ်ဖော်ထုတ်ရန် ကြိုးပမ်းကြ၏။ လူတို့၏ ကျန်းမာရေးနှင့် တိုက်ရိုက်ပတ်သက်နေသော ပညာရှင်များ၊ တာဝန်ထမ်းဆောင်နေကြသူများဖြစ်သည့် ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဆိုင်ရာဝန်ထမ်းများက လူအများ ရောဂါပိုး မကူးစက်ရေး၊ ကူးစက်ခံထားရသူများကို ပျောက်ကင်းအောင် ကုသနိုင်ရေး၊ ဝေဒနာပြင်းထန် ခံစားနေရသူများကို သက်သာစေရေး၊ အသက်ကယ်ဆယ်နိုင်ရေး စသည်ဖြင့် အပန်းတကြီး အားထုတ်လုပ်ကိုင်နေကြ၏။

မြန်မာနိုင်ငံအတွင်း၌လည်း ထိုသို့ပင်။ သက်ဆိုင်ရာ ကဏ္ဍအသီးသီးက တာဝန်ရှိသူများ၊ တာဝန်ယူထားသူများ၊ တာဝန်ရှိသူဟု ကိုယ့်ကိုယ်ကိုယ် ခံယူထားကြသူများတို့သည် တာဝန်သိသိဖြင့် အင်တိုက်အားတိုက် ကိုဗစ်-၁၉ ရောဂါပိုး ကာကွယ်ထိန်းချုပ် ကုသနိုင်ရေး ကြိုးကုတ်လုပ်ဆောင်ခဲ့ကြသည်မှာ ရှစ်လကျော်ပင် ရှိခဲ့ချေပြီ။

အထူးသဖြင့် ကုသရေးဆိုင်ရာများကို တာဝန်ယူဆောင်ရွက်နေကြရသည့် ဆရာဝန်များ၊ သူနာပြုများ၊ ဓာတ်ခွဲပညာရှင်များ အပါအဝင် ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၊ စေတနာအရရော၊ ကျင့်ဝတ်အရပါ ပြည့်ပြည့်ဝဝ လုပ်ကိုင်ထမ်းဆောင်နေကြသူများသည် မြန်မာနိုင်ငံသားအပေါင်း၏ ကောင်းချီးပေး ဂုဏ်ပြုခံထိုက်သူများဖြစ်သည်ဟု ဆိုချင်ပါ၏။ သာဓုအတန်တန် ခေါ်မိပါ၏။

ယနေ့အခြေအနေက ရောဂါပိုးကူးစက်မှုနှုန်းထား မြင့်လာသည်နှင့်အမျှ ဆေးရုံများ၊ ထိန်းချုပ်စောင့်ရှောက်ရေး ခြေချုပ်ဌာနများတွင် သံသယလူနာများ၊ စောင့်ကြည့်လူနာများ၊ ရောဂါအတည်ပြုလူနာများမှာ ရက်တရက် တိုးမြင့်များပြားလာခြင်းကြောင့် တာဝန်ယူဆောင်ရွက်နေရသူတို့အတွက် ကြီးစွာသော ဝန်ထုပ်ဝန်ပိုးဖြစ်သည်ဟု နားလည်ပါသည်။ ကူးစက်ရောဂါပိုးနှင့် ဆက်နွှယ်နေသူများကို ကျန်းမာရေးစောင့်ရှောက်ပေးနေရသူများဖြစ်လေရာ ကိုယ်တိုင်ရောဂါပိုးကူးစက်ခံရနိုင်ခြေ အလွန်မြင့်မားသူများလည်း ဖြစ်ပါ၏။

ထိုသို့ တာဝန်ကလည်းကြီး၊ ဝန်ထုပ်ဝန်ပိုးကလည်း မတန်တဆဟုခေါ်နိုင်လောက်အောင် လေးလံ၊ ကိုယ်တိုင်ရောဂါရနိုင်ခြေကလည်း မြင့်မားသူများဖြစ်သည့်အပြင် ဤတာဝန်များကို ယူနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်မှာလည်း နည်းပါးလှပါ၏။

ထိုသို့နည်းပါးသည့် အရင်းအမြစ်များ၏ တန်ဖိုးကား ကြီးလှသည်လည်းဖြစ်၏။ ရောဂါဘေးနှင့် နီးကပ်စွာ ခံစားနေရသူများ၏ အားကိုးအားထားပြုနေရသူများဖြစ်သည့်အားလျော်စွာ ထိုသို့ တာဝန်ကြီးကြီးယူနေရသူ တစ်ဦးတလေ လဲပြိုသည်ဆိုလျှင်ပင် နိုင်ငံအတွက် များစွာ စိုးရိမ်ပူပန်စရာဖြစ်ပါသည်။ ထို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ တာဝန်ယူထားသူများအားလုံး လုံခြုံအန္တရာယ်ကင်းရေးသည် အထူးဂရုပြုရမည့် အချက်ဖြစ်ပါသည်။ ပင်ပန်းတကြီး တာဝန်ယူထမ်းဆောင်နေကြသူများသည် မိမိတို့ တစ်ဦးချင်း၏ ကိုယ်တိုင်ဘေးကင်းရေးကို အရေးကြီးသည့် ဦးစားပေးတာဝန်အဖြစ် သဘောထားရန် လိုပါသည်။ နိုင်ငံသားအားလုံး ကပ်ရောဂါဘေးက ကင်းဝေးရေးအတွက် အရေးကြီးဆုံး လုပ်ငန်းစဉ်မှာ တာဝန်ရှိသူတို့ ကိုယ့်ကိုယ်ကိုယ် လုံခြုံဘေးကင်းအောင် ဂရုတစိုက်နေခြင်းဟု ယူဆပါသည်။

ထိုသို့ အန္တရာယ်နှင့်အနီးကပ်မှာနေပြီး စွန့်စားလုပ်ကိုင် တာဝန်ယူနေရသူများကို စာနာစိတ်ထားရင်း မိမိတို့ကိုယ်တိုင်နှင့် မိမိတို့ မိသားစုများ အပါအဝင် မိမိတို့ လူမှုဝန်းကျင်တစ်ခုလုံးကို ကပ်ရောဂါဘေးက ကာကွယ်နိုင်ရန် ပြည်သူတို့ စည်းကမ်းဥပဒေများကို လိုက်နာကြရန် တိုက်တွန်းလိုပါသည်။ ထို့ပြင် အိမ်တွင်း၌သာ နေထိုင်ကြခြင်း၊ မဖြစ်မနေ အပြင်ထွက်ရမည်ဆိုလျှင် မျက်နှာဖုံး နှာခေါင်းစည်းတပ်ခြင်း၊ လူစုလူဝေး မပြုလုပ်ခြင်း၊ လူချင်း အနည်းဆုံး ခြောက်ပေအကွာမှာနေခြင်း၊ လက်ကို စနစ်တကျဖြင့် စက္ကန့် ၂၀ ကြာ ရေနှင့်ဆပ်ပြာ သို့မဟုတ် လက်သန့်ဆေးရည်ဖြင့် ဆေးကြောခြင်းတို့ကို ပြည်သူတစ်ဦးချင်းစီ၏ အသိစိတ်ဓာတ်ဖြင့် ကျင့်သုံးလိုက်နာကြရန်လည်း နှိုးဆော်လိုပါသည်။

မြန်မာနိုင်ငံသည် ရုပ်ပိုင်းဆိုင်ရာအရပ်ရပ်တွင် ချို့တဲ့သည့် နိုင်ငံဖြစ်သော်လည်း မေတ္တာစွမ်းအား၊ စေတနာစွမ်းအား၊ စိတ်ဓာတ်စွမ်းအား၊ ဝီရိယစွမ်းအားတို့ ချမ်းသာသည့် နိုင်ငံဖြစ်သည်ဟု ကောင်းစွာနားလည်ပါသည်။ ထိုစွမ်းအားတို့ကို အခြေပြု၍ မြန်မာနိုင်ငံသားတို့၏ ညီညွတ်မှုစွမ်းအား၊ အသိဉာဏ်စွမ်းအား ကြီးမားကြအောင် ကြိုးစားကြခြင်းဖြင့် တစ်ကျော့ပြန် ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကို ကျော်လွှားအောင်မြင်နိုင်ကြမည်ဟု ယုံကြည်ပါကြောင်း။ ။

## နေပြည်တော်သို့ လာရောက်သည့် အများပြည်သူများအား COVID-19 ဓာတ်ခွဲစမ်းသပ်ခ ကောက်ခံသည့်နှုန်းထား သတ်မှတ်ခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရှိ ဓာတ်ခွဲခန်းများတွင် COVID-19 ဓာတ်ခွဲစမ်းသပ်ပေးရာ၌ ပြည်ပသို့ Relief Flight ဖြင့် လိုက်ပါမည့် မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားသားများ၊ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် Home Quarantine နေထိုင်မည့် နိုင်ငံခြားသားများအတွက် (၁)ကြိမ်လျှင် ဓာတ်ခွဲစမ်းသပ်ခငွေ(၂)သိန်းကျပ်နှင့် ပြည်ပသို့ ထွက်ခွာမည့် သင်္ဘောသားများအတွက် (ဓာတ်ခွဲပစ္စည်း-Reagent များ သင်္ဘောကုမ္ပဏီမှ ဝယ်ယူပေးပြီး) ဓာတ်ခွဲစမ်းသပ်ခ (၁)ကြိမ်လျှင် ငွေ(၁)သိန်းကျပ် ကောက်ခံလျက်ရှိပါသည်။

ယခုအခါ နေပြည်တော်သို့ တိုင်းဒေသကြီး/ပြည်နယ်များမှ လာရောက်သော ပြည်သူများအား ဓာတ်ခွဲနမူနာ ရယူစစ်ဆေးမှုများ စတင်ပြုလုပ်လျက်ရှိရာ ဓာတ်ခွဲစမ်းသပ်ခ အခကြေးငွေ သတ်မှတ်ရာ၌-

- အစိုးရအဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် အခမဲ့
- နေပြည်တော်အတွင်း နေထိုင်သော ပြည်သူများအတွက် တစ်ကြိမ်လျှင် (၃၀,၀၀၀) ကျပ်
- အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင် နေထိုင်သော ပြည်သူများအတွက် တစ်ကြိမ်လျှင် (၅၀,၀၀၀) ကျပ်
- နေပြည်တော်သို့ လာကြသည့် UN ဝန်ထမ်းများနှင့် INGO အဖွဲ့အစည်းများမှ နိုင်ငံခြားသားများအား တစ်ကြိမ်လျှင် (၂၀၀,၀၀၀) ကျပ်
- မည်သူမဆို ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများမှ တရားဝင်ဖိတ်ကြားစာ ပါပါက အခမဲ့အဖြစ် သတ်မှတ်သည်။

ထို့အပြင် နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီးနှင့် အထူးကုဆေးရုံများသည် အနီးပတ်ဝန်းကျင်ဒေသများမှ ပြည်သူများ ဆေးကုသမှုခံယူရာ လွှဲပြောင်းဆေးရုံကြီး (Referral Center)များအဖြစ် လက်ခံကုသမှုပေးနေရသည်ဖြစ်ရာ ဆေးပညာကျင့်ဝတ်အရ လည်းကောင်း၊ လူသားချင်းစာနာသောရှုထောင့်မှ လည်းကောင်း၊ နယ်ဆေးရုံများမှ ဆရာဝန်များ၏ လွှဲပြောင်းစာ(Referral Letter) ဖြင့် ရောက်ရှိလာသော လူနာများနှင့် အရေးပေါ် ဆေးကုသမှုခံယူရန် နေပြည်တော်သို့ လာရောက်သော လူနာများအား နေပြည်တော်အဝင်ဂိတ်များတွင် ခွင့်ချက်ဖြင့် လူနာနှင့် လူနာစောင့် (၂)ဦးမှ (၃)ဦးအထိ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ပြီး ဆေးရုံများရှိ သီးခြားဆောင် (Isolation room) တွင် ထားရှိ၍ COVID-19 ဓာတ်ခွဲနမူနာ အခမဲ့စစ်ဆေးပေးခြင်း၊ လိုအပ်သော ဆေးကုသမှုပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ရေကြည်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ဂရန်အင်းများ ရေရှည်တည်တံ့စေရန် ငါးသားပေါက်များ စိုက်ထည့်

ရေကြည် စက်တင်ဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဂရန်အင်းများ ရေရှည်တည်တံ့ပြီး ငါးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ငါးသားပေါက်များ စိုက်ထည့်ခြင်းအခမ်းအနားကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ယနေ့နံနက်ပိုင်းက အသုတ်ချောင်းမကြီးအင်း၌ ပြုလုပ်သည်။

အခမ်းအနားသို့ အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွှန့်၊ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးသော်ထွန်းဦး၊ ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘိုဘိုထွန်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးလွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကြေးတိုင်အင်းစိစစ်ရေးကော်မတီဝင်များ၊ အင်းသားကြီးများတက်ရောက်ပြီး ကြေးတိုင်အင်းသုံးအင်းအတွက် ငါးသားပေါက်ကောင်ရေ ၁၃၅၀၀၀ ကို အင်းသားကြီးများထံ လွှဲပြောင်းပေးပြီး (အပေါ်ပုံ) ငါးမျိုးစိုက်ထည့်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



အောင်သူဟန် (ပြန်/ဆက်)

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်


မြဝတီ စက်တင်ဘာ ၁၂

ကရင်ပြည်နယ် မြဝတီမြို့ ငွေဟသာ်ဘုန်းကြီးကျောင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၇ နာရီက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ပြည့်စုံ၊ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး စိန်ဒွေးနှင့် အရာရှိ ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များက ငွေဟသာ်ကျောင်းဝင်းအတွင်းက စေတီတော်ရင်ပြင်နှင့် ကျောင်းတိုက်ဝင်းအတွင်းက ချုံနွယ်မြက်များ ရှင်းလင်းခြင်း စုပေါင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်၊ မြို့နယ်၊ မြို့မစခန်းများက ရဲတပ်ဖွဲ့ဝင် ၆၀ ကျော်က စုပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး လာမည့် စက်တင်ဘာ ၂၀ ရက်တွင်လည်း မြဝတီခရိုင် ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းခြင်းများ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်
(ပြန်/ဆက်)




## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၁၂

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နေမည်။

မိုး/ဇလ

# ပြည်သူသာလျှင် အဓိက

❍ *ရှေ့ဖုံးမှ*

ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ နိုင်ငံအချို့က ရခိုင်အရေးကိစ္စသည် သိမ်မွေ့ရှုပ်ထွေးသဖြင့် ပြဿနာအရင်းအမြစ်ကို ဖြေရှင်းရန် လိုအပ်ကြောင်း၊ နေရပ်ပြန်လာသူများ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် ကောင်းမွန်သည့် ပတ်ဝန်းကျင် ဖန်တီးရေး အရေးကြီးကြောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စဖြေရှင်းရာတွင် အာဆီယံအနေဖြင့် မြန်မာနိုင်ငံကို ဆက်လက်ကူညီပံ့ပိုးပေးရန်နှင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အဆင်ပြေချောမွေ့စေရေး အတွက် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအနေဖြင့် အပြုသဘောဆောင်သော ထိတွေ့ဆက်ဆံမှုများ ဆက်လက်ဆောင်ရွက်သွားရန် တိုက်တွန်းကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားကြသည်။

### ရခိုင်ပြည်နယ်အရေး အလေးထားလုပ်ဆောင်

ပြည်ထောင်စုဝန်ကြီးက ရခိုင်ကိစ္စဆွေးနွေးချက်များအပေါ် တုံ့ပြန်ပြောကြားရာ၌ ရခိုင်ပြည်နယ် အရေးကိစ္စကို အမှန်တကယ်ဖြေရှင်းလိုပါက ပိုမိုကျယ်ပြန့်သောအမြင်ဖြင့် ရှုမြင်သုံးသပ်ပြီး ယင်းပြဿနာ၏စိန်ခေါ်မှုများနှင့် ရှုပ်ထွေးမှုများကို နားလည်သဘောပေါက်ရန်လိုကြောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စသည် တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ရွှေ့ပြောင်းသွားလာမှုနှင့် မိမိတို့ လွတ်လပ်ရေးမရမီအချိန်ကပင် ပေါ်ပေါက်ခဲ့သော ခွဲထွက်ရေးလှုပ်ရှားမှုများမှ အစပြုခဲ့သည့် ရှည်လျားရှုပ်ထွေးသော သမိုင်းကြောင်းရှိသည့် ပြဿနာတစ်ရပ်ဖြစ်ကြောင်း၊ မတူညီသည့် အသိုက်အဝန်းများအကြား အပြန်အလှန်မယုံကြည်မှုများ၊ ကြောက်ရွံ့မှုများ နက်ရှိုင်းစွာ အမြစ်တွယ်လျက်ရှိရာ မိမိတို့အနေဖြင့် အသိုက်အဝန်းများအကြား ယုံကြည်မှုနှင့် သဟဇာတရှိမှု တည်ဆောက်ရေးကို အလေးထား လုပ်ဆောင်လျက်ရှိပြီး လုံလောက်သည့် အခြေအနေနှင့် အချိန်အခါလိုအပ်ကြောင်း၊ လက်ရှိမြန်မာအစိုးရအနေဖြင့် အသိုက်အဝန်းအားလုံးအတွက် ရေရှည်တည်တံ့သည့် အဖြေတစ်ရပ်ရှာဖွေရေးကို ဦးစားပေးလုပ်ဆောင်လျက်ရှိကြောင်း၊ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် ARSA အကြမ်းဖက်အဖွဲ့၏ စတင်တိုက်ခိုက်မှုကြောင့် လူအများအပြား နေရပ်စွန့်ခွာခဲ့ကြခြင်းဖြစ်သည့်အချက်ကို အများက လျစ်လျူရှုထားကြကြောင်း၊ ရခိုင်ပြည်နယ်တွင် အမှန်တကယ် နေထိုင်ခဲ့ကြောင်း စိစစ်အတည်ပြုနိုင်သူများကို မြန်မာ၊ ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူညီချက်များနှင့်အညီ ပြန်လည်လက်ခံရန် အဆင်သင့်ရှိကြောင်း မိမိတို့အနေဖြင့် အကြိမ်ကြိမ် ပြောကြားပြီးဖြစ်ကြောင်း၊ နေရပ်စွန့်ခွာသူဦးရေနှင့် ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး ပြောကြားသည့် ကိန်းဂဏန်းများသည် အလွန်အမင်း ဖောင်းပွနေကြောင်း၊ မိမိတို့အနေဖြင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် စတင်ရန် အဆင်သင့်ရှိသော်လည်း လုပ်ငန်းစဉ်မစတင်နိုင်စေရန် နေရပ်စွန့်ခွာသူစခန်းများတွင် အကြမ်းဖက်အုပ်စုများ၏ ခြိမ်းခြောက်မှုများနှင့် နိုင်ငံရေးရည်မှန်းချက်အတွက် နေရပ်စွန့်ခွာသူများအား အမြတ်ထုတ်မှုများကြောင့် နှောင့်နှေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံ သဘောတူညီချက်တွင် မပါဝင်သော အချုပ်အခြာအာဏာထိပါးနိုင်သည့် အဆိုပြုချက်အသစ်များကို လက်ခံနိုင်မည်မဟုတ်ကြောင်း၊ ARSA ၏ လှုပ်ရှားမှုများ၊ AA ၏ အကြမ်းဖက်တိုက်ခိုက်မှု တိုးမြင့်လာခြင်းနှင့် COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေတို့ကြောင့် လက်ရှိအချိန်တွင် ရခိုင်ပြည်နယ်အခြေအနေသည် ပိုမိုရှုပ်ထွေးလာကြောင်း ပြောကြားခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အာဆီယံ-ဥရောပသမဂ္ဂ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ ပါဝင်တက်ရောက်စဉ်။ သတင်းစဉ်

### ရွှေ့ပြောင်းစမ်းသပ်စီမံကိန်းများ ဆွေးနွေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လက်ရှိအချိန်တွင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် ရပ်တန့်နေသော်လည်း နှစ်နိုင်ငံသဘောတူညီချက်များ အကောင်အထည်ဖော်ရေးအတွက် သံတမန်လမ်းကြောင်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ရခိုင်ပြည်နယ်ရှိ ကျေးရွာနှစ်ရွာတွင် ရွှေ့ပြောင်းစမ်းသပ်စီမံကိန်းများ စတင်ရန် ဆွေးနွေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအထိ စိစစ်အတည်ပြုပြီးဖြစ်သည့် နေရပ်စွန့်ခွာသူဦးရေ ၂၅၀၀၀ ကျော်စာရင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထပ်မံပေးပို့ထားပြီးဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၊ အာဆီယံ၊ မိမိတို့၏ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်း၍ ရခိုင်ပြည်နယ်၌ ကောင်းမွန်သည့် ပတ်ဝန်းကျင်တစ်ရပ် ဖန်တီးပေးရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ မကြာသေးမီက အာဆီယံနှင့် မြန်မာနိုင်ငံတို့သည် အာဆီယံဆန်းစစ်လေ့လာရေးအဖွဲ့၏ အစီရင်ခံစာပါ အကြံပြုချက်များကို အကောင်အထည်ဖော်ရေးအတွက် အာဆီယံစီမံကိန်း(၄) ခုကို အတည်ပြုခဲ့ကြောင်း၊ UNDP၊ UNHCR တို့အနေဖြင့် အခြေခံအဆောက်အအုံ တိုးတက်ကောင်းမွန်စေရန်နှင့် ဒေသခံများ၏ လိုအပ်ချက်များကို ဆန်းစစ်ရန် ရွာပေါင်း ၁၂၀ တွင် ကွင်းဆင်းလေ့လာမှု (၇) ကြိမ် ပြုလုပ်ခဲ့ပြီး Quick Impact Project ၇၅ ခုကို ဆောင်ရွက်ခဲ့ကြောင်းနှင့် ရခိုင်ပြည်နယ်တွင် အခြေအနေများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ကူညီပံ့ပိုးမှုများအတွက် အာဆီယံနှင့် အခြားဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများကို ကျေးဇူးတင်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

### ဆက်လက်ထောက်ခံအားပေး

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးအပြီးတွင် (၅၃) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၏ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါပူးတွဲကြေညာချက်တွင် ရခိုင်ပြည်နယ်အရေးကိစ္စနှင့်စပ်လျဉ်း၍ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများက လူသားချင်းစာနာမှု အကူအညီများပေးခြင်း၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အဆင်ပြေချောမွေ့စေရေးအတွက် ကူညီပံ့ပိုးခြင်းနှင့် ရခိုင်ပြည်နယ်၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို တိုးမြှင့်ဆောင်ရွက်ခြင်းတို့တွင် အာဆီယံ၏ ကူညီပံ့ပိုးမှုကို ထပ်လောင်းအတည်ပြုကြောင်း၊ တတိယအကြိမ်အဆင့်မြင့် ညှိနှိုင်းအစည်းအဝေး၌ အာဆီယံဆန်းစစ်လေ့လာရေးအဖွဲ့၏ အကြံပြုချက်များကို အကောင်အထည်ဖော်ရန် ဦးစားပေးစီမံကိန်းများ အတည်ပြုခဲ့ခြင်းကို ကြိုဆိုကြောင်း၊ "ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ" အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကြိုဆိုကြောင်း၊ ရခိုင်ပြည်နယ်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့အတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ဆက်လက်ထောက်ခံအားပေးကြောင်း ဖော်ပြထားသည်။

(၅၃) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၉ ရက်နေ့မှ ၁၂ ရက်နေ့အထိ video conference ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးအပြီးတွင် ပူးတွဲကြေညာချက် (Joint Communique) အပါအဝင် စာရွက်စာတမ်းစုစုပေါင်း (၄၁)ခုကို ထုတ်ပြန်ခဲ့သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အာဆီယံ-အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ ပါဝင်တက်ရောက်စဉ်။ သတင်းစဉ်

---

◆ *ရှေ့ဖုံးမှ*

အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍လည်း မလေးရှားနိုင်ငံရောက် အထောက်အထားမဲ့ မြန်မာနိုင်ငံသားများနှင့် အကြောင်းအမျိုးမျိုးကြောင့် မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် မြန်မာနိုင်ငံသားများအား နိုင်ငံသားဖြစ်တည်မှု မှန်ကန်ကြောင်း အထောက်အထားများ စိစစ်လျက် မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေးလေယာဉ်များဖြင့် ဆောလျင်စွာ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုများနှင့်အညီ မြန်မာသံရုံး ကွာလာလမ်ပူမြို့အနေဖြင့် မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက်ရှိသည်။ မလေးရှားနိုင်ငံမှ ယနေ့အထိ ကယ်ဆယ်ရေးလေယာဉ် ၁၃ ကြိမ်တိုင် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❊ *ရှေ့ဖုံးမှ*

ရထားအချိန်စာရင်း အသေးစိတ်ကို သက်ဆိုင်ရာဘူတာများတွင် ကြေညာပေးမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်-မော်လမြိုင်လမ်းပိုင်း၌ ပြေးဆွဲလျက်ရှိသော အမြန်ရထားသုံးစင်းအနက် အမှတ် (၈၁) အဆန် ရန်ကုန်- မော်လမြိုင်-ရေး အမြန်ရထားနှင့် အမှတ် (၈၃) အဆန် ရန်ကုန်-မော်လမြိုင်ရထားတို့အား စက်တင်ဘာ ၁၁ ရက်မှစ၍ ယာယီရပ်နားထားပြီး အမှတ် (၈၉) အဆန် အမြန် ရထားကိုလည်း စက်တင်ဘာ ၁၂ ရက်မှစ၍ ယာယီရပ်နားထားကြောင်း သိရသည်။ ရေးနှင့် မော်လမြိုင်မှ ရန်ကုန်သို့ လာရောက်မည့် ရထားခရီးစဉ်များကိုလည်း ဖျက်သိမ်းထားကြောင်း သိရသည်။

ရန်ကုန်မြို့ပတ်ရထားပြေးဆွဲမှုအနေဖြင့် ယခင်က နေ့စဉ် ၅၄ စင်း ပြေးဆွဲပေးလျက်ရှိရာမှ စက်တင်ဘာ ၁၂ ရက်မှ စတင်ကာ အစင်းရေ ၃၀ သာ နေ့စဉ် ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်- လှော်ကားလမ်းပိုင်းတွင် နံနက် လေးခေါက်၊ ညနေ လေးခေါက် အစုန် အဆန် ပြေးဆွဲပေးခဲ့ရာမှ ယခုအခါ နံနက် နှစ်ခေါက်၊ ညနေ နှစ်ခေါက်သာ ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန် - တိုးကြောင်ကလေး၊ ရွာသာကြီးလမ်းပိုင်းတွင် ယခင်က နံနက် လေးခေါက်၊ ညနေ လေးခေါက် အစုန် အဆန် ပြေးဆွဲပေးခဲ့ရာမှ ယခုအခါ နံနက် နှစ်ခေါက်၊ ညနေ နှစ်ခေါက်သာ ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်-မင်္ဂလာဒုံလမ်းပိုင်းတွင် ယခင်က နံနက် သုံးခေါက်၊ ညနေ သုံးခေါက် ပြေးဆွဲပေးလျက်ရှိရာမှ ယခုအခါ နံနက် နှစ်ခေါက်၊ ညနေ နှစ်ခေါက်သာ ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။ နေ့လယ်ပိုင်းတွင် ရန်ကုန်လက်ဝဲရစ်နှင့် လက်ယာရစ်ပတ်သည့် မြို့ပတ်ရထားလေးစင်းလုံး ပုံမှန်အတိုင်း ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်-မန္တလေးလမ်းပိုင်းနှင့် မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတို့တွင် ပြေးဆွဲလျက်ရှိသော ပါဆယ်ရထားများနှင့် ကုန်ရထားများကို ဆက်လက်ပြေးဆွဲမည်ဖြစ်ကြောင်း မြန်မာ့မီးရထားထံမှ သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# မြန်မာနိုင်ငံအနေဖြင့် မဲခေါင်ဒေသတွင်း (၆)နိုင်ငံ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်း၊ မြန်မာ-တရုတ်/ မြန်မာ-ထိုင်း/ မြန်မာ-လာအို/ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ စသည်တို့ကို လက်မှတ်ရေးထိုး၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုယန္တရားများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိ

**အဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ထံမှ ပေးပို့သည့်သဝဏ်လွှာ**

(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၃ ရက်)

မြန်မာနိုင်ငံအနေဖြင့် ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေပြဋ္ဌာန်းခဲ့သည့် စက်တင်ဘာလ ၁၃ ရက်နေ့ကို မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ် ၂၀၁၃ ခုနှစ်မှစ၍ သတ်မှတ်ကျင်းပခဲ့သည်မှာ အဋ္ဌမအကြိမ်မြောက်ရှိပြီဖြစ်ပါသည်။

ယခင်နှစ်များက လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ဗဟိုအဆင့်အခမ်းအနားကို နေပြည်တော်တွင်လည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် အခမ်းအနားများကို သက်ဆိုင်ရာ အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့်လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။ ယခုနှစ်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါ (COVID-19) အခြေအနေကြောင့် မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားများကို မပြုလုပ်ဘဲ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပြည်သူလူထုအား အသိပညာပေးမှုများသာ အဓိကဆောင်ရွက်ခဲ့ပါသည်။

## ပုံစံမျိုးစုံဖြင့် လူကုန်ကူးခံနေကြရ

လူကုန်ကူးမှုသည် လူ့အသိုက်အဝန်းအတွင်း လက်မခံနိုင်သည့် ကြီးလေးသော လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီး၌ ရင်ဆိုင်နေရသော စိန်ခေါ်မှုပြဿနာတစ်ရပ် ဖြစ်ပေသည်။ အထူးသဖြင့် ဖွံ့ဖြိုးမှုနောက်ကျသည့် နေရာဒေသများမှ လူများသည် ပိုမိုဖွံ့ဖြိုးတိုးတက်သောနေရာများသို့ ရွှေ့ပြောင်းသွားလာ၍ အလုပ်အကိုင်အခွင့်အလမ်းများရှာဖွေကြရာမှ လူကုန်ကူးသူများ၏ သားကောင်များအဖြစ် ရောက်ရှိသွားကြသည်ကို တွေ့ရှိရပါသည်။ ကမ္ဘာတစ်ဝန်း နှစ်စဉ် ထောင်ပေါင်းများစွာသော အမျိုးသား၊ အမျိုးသမီးနှင့် ကလေးသူငယ်များသည် ပုံစံမျိုးစုံဖြင့် လူကုန်ကူးခံနေကြရပြီး ယင်းတို့အနက်မှ ထက်ဝက်ကျော်သည် အာရှ-ပစိဖိတ်ဒေသအတွင်းမှဖြစ်ကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသနေ ပြည်သူများဖြစ်ပြီး ဆင်းရဲနွမ်းပါးမှု၊ ဒေသအတွင်း မတည်ငြိမ်မှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုများကြောင့် ရွှေ့ပြောင်းလုပ်သားများအဖြစ် တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းသွားလာလုပ်ကိုင်ရာမှ ရပ်တည်ရန်ခက်ခဲသည့် အခြေအနေအပေါ် လူကုန်ကူးသူများ၊ လူပွဲစားများက အခွင့်ကောင်းယူကာ မက်လုံးပေးစည်းရုံးမှုများကြောင့် လူကုန်ကူးမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ် မြန်မာနိုင်ငံသား ၃၀၀ ဦးမှ ၃၆၀ ဦးခန့်သည် အဓမ္မ လုပ်အားခိုင်းစေမှု၊ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှု၊ အဓမ္မထိမ်းမြားလက်ထပ်မှု၊ အဓမ္မအငှားကိုယ်ဝန်ဆောင်မှု စသောလူကုန်ကူးမှုပုံစံများဖြင့် ပြည်တွင်းအပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် အခြားနိုင်ငံများသို့ လူကုန်ကူးခြင်း ခံနေရပါသည်။

## လူကုန်ကူးမှုများဖြစ်ပွား

လူကုန်ကူးမှုဖြစ်ပွားမှုပုံစံများမှာလည်း ပြောင်းလဲဖြစ်ပွားလျက်ရှိရာ မိမိနိုင်ငံမှအသက်ငယ်ရွယ်သည့် မိန်းကလေးများနှင့် ထိမ်းမြားလက်ထပ်ရန်အတွက် အိမ်နီးချင်းနိုင်ငံမှ အမျိုးသားများက ပြည်တွင်းအထိ တိုက်ရိုက်လာရောက်စည်းရုံးခေါ်ဆောင်မှုများ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ပြည်တွင်းရေလုပ်ငန်းများ၊ ငါးဖမ်းစက်လှေများနှင့် ကျားဖောင်လုပ်ငန်းများတွင် ရေလုပ်သားအဖြစ် လုပ်ကိုင်နေသူများကို အဓမ္မလုပ်အားခိုင်းစေခြင်းဖြင့် လူကုန်ကူးမှုများဖြစ်ပွားလာကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇ ခုနှစ်မှစ၍ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ်သတ်မှတ်ကာ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၄ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၏ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ နောက်ဆက်တွဲစာချုပ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးပါဝင်ကာ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ပါသည်။

## လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်

၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့၊ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးလုပ်ငန်းအဖွဲ့နှင့် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ စသောလုပ်ငန်းအဖွဲ့ (၃)ဖွဲ့ ကိုလည်းကောင်း၊ အဆင့်ဆင့်သော တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့နှင့် ရပ်ရွာအခြေပြုစောင့်ကြည့်ရေးအဖွဲ့ တို့ကိုလည်းကောင်း ဖွဲ့စည်းခဲ့ပြီး ရည်မှန်းချက်၊ မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်၍ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ် စီမံကိန်းများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခု တတိယ(၅)နှစ်စီမံကိန်း (၂၀၁၇-၂၀၂၁)ကို နှစ်အလိုက် လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

လုပ်ငန်းစီမံချက်ပါ လုပ်ငန်းများဖြစ်သော မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်ကာကွယ်ရေး၊ တရားစွဲဆိုရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များ၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအထိ အဆင့်ဆင့်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်း၍ ဌာနဆိုင်ရာများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် မဲခေါင်ဒေသတွင်း (၆)နိုင်ငံ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်း၊ မြန်မာ-တရုတ်/ မြန်မာ-ထိုင်း/ မြန်မာ-လာအို/ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ စသည်တို့ကို လက်မှတ်ရေးထိုး၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုယန္တရားများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

## အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်

လူကုန်ကူးမှုမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွင် လူကုန်ကူးမှုအန္တရာယ်များကို ပြည်သူလူထုအကြား ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးအတွက် မီဒီယာအဖွဲ့အစည်းများပူးပေါင်း၍ အသိပညာပေးခြင်း၊ ရုပ်မြင်သံကြားတွင် အသိပညာပေးဇာတ်လမ်းနှင့် တေးသီချင်းများ ထုတ်လွှင့်ပြသခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အသိပညာပေး (Bill Board)များ စိုက်ထူခြင်း၊ မိုဘိုင်းဖုန်းအော်ပရေတာများမှတစ်ဆင့် SMS ပေးပို့ခြင်း၊ ကျောင်းသားလူငယ်များအကြား လူကုန်ကူးမှုအန္တရာယ်အသိပညာများ ရရှိစေရေးအတွက် အခြေခံပညာကျောင်းသင်ခန်းစာများတွင် ထည့်သွင်းပို့ချပေးခြင်း စသောလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ လူကုန်ကူးမှုနှင့် လူကုန်ကူးခံရသူများအား အချိန်မီ သတင်းပေးကယ်တင်နိုင်ရေးအတွက် (၂၄) နာရီ သတင်းပေးတိုင်ကြားနိုင်သည့် Hot Line ဖုန်းများကို နေပြည်တော်အပြင် ရန်ကုန်၊ မန္တလေး၊ မူဆယ်မြို့များတွင် တိုးချဲ့တပ်ဆင်ခဲ့ပြီး အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်ခြင်း၊ အရေးယူခြင်းနှင့် ကယ်တင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

သတ္တမအကြိမ်မြောက် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ပြီးဆုံးသည့်အချိန်မှ ယနေ့အထိ (၈-၉-၂၀၂၀) လူကုန်ကူးမှု ဖော်ထုတ်အရေးယူခြင်းနှင့် တရားစွဲဆိုခြင်းလုပ်ငန်းတွင် လူကုန်ကူးမှု ၁၄၈ မှုမှ တရားခံ ကျား ၁၇၀ ဦး၊ မ ၃၀၅ ဦး၊ စုစုပေါင်း ၄၇၅ ဦးကို အရေးယူခဲ့ပြီး ကလေးသူငယ် လူကုန်ကူးခံရသူ ကျား ၆ ဦး၊ မ ၄၀ ဦး အပါအဝင် လူကုန်ကူးခံရသူ ကျား ၄၅ ဦး၊ မ ၁၇၇ ဦး၊ စုစုပေါင်း ၂၂၂ ဦးကို ကယ်တင်နိုင်ခဲ့ပါသည်။ လူကုန်ကူးသူ တရားခံ ကျား ၁၄၅ ဦး၊ မ ၂၄၃ ဦး၊ စုစုပေါင်း ၃၈၈ ဦးအား တရားစွဲတင်နိုင်ခဲ့ပြီး တရားခံ ကျား ၈၂ ဦး၊ မ ၁၃၉ ဦး၊ စုစုပေါင်း ၂၃၁ ဦးအား ထိရောက်သော ပြစ်ဒဏ်များချမှတ်အရေးယူနိုင်ခဲ့ပါသည်။

## အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ်

လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေး အနေဖြင့် "လူကုန်ကူး ခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ်"ကို ထုတ်ဝေခြင်း၊ လူကုန်ကူးခံရသူများအတွက် ဘဝရပ်တည်နိုင်ရေး ထောက်ပံ့ပေးခြင်း၊ တရားရုံး စစ်ဆေးနေစဉ်ကာလအတွင်း ခရီးစရိတ်၊ ဆေးကုသစရိတ်နှင့် ကျွေးမွေးစရိတ် ထောက်ပံ့ပေးခြင်း၊ လူကုန်ကူးခံရသူများအား ကူညီထောက်ပံ့ပေးနိုင်ရန်အတွက် သီးခြားရန်ပုံငွေတစ်ရပ်ထူထောင်ရေး ဆောင်ရွက်ခြင်း၊ လူကုန်ကူးခံရသူများအား ယာယီလက်ခံစောင့်ရှောက်နိုင်ရေးအတွက် မြဝတီ၊ မူဆယ်၊ ကော့သောင်း၊ မန္တလေးမြို့များရှိ ယာယီလက်ခံစောင့်ရှောက်နိုင်ရေးဂေဟာများတွင် ထားရှိပြီး အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းထောက်ပံ့ပေးခြင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် အမျိုးသား ၅၀ ဦးနှင့် အမျိုးသမီး ၅၀ ဦးဆံ့သည့် ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ အသစ်တစ်လုံး တည်ဆောက်ခြင်းနှင့် ကချင်ပြည်နယ်တွင် ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာအသစ်တစ်လုံး ဆောက်လုပ်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

မြန်မာနိုင်ငံသည် လက်ရှိတွင်လည်း လူကုန်ကူးမှုအန္တရာယ်များကို ရင်ဆိုင်နေရသောကြောင့် လူကုန်ကူးမှုပုံစံအမျိုးမျိုးနှင့် နောက်ဆက်တွဲဆိုးကျိုးများကို ပြည်သူလူထုတစ်ရပ်လုံး သိရှိနားလည်ပြီး လူကုန်ကူးမှု ကြိုတင်ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးတို့တွင် ပူးပေါင်းပါဝင်လာစေရေးကိုပါ အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။

## ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်

ယခုကာလတွင် ဖြစ်ပွားနေသော ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါ (COVID-19) အခြေအနေကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးခြင်း၊ ဘဝရပ်တည်ရန်ခက်ခဲခြင်း၊ တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ခြင်းတို့မှတစ်ဆင့် လူကုန်ကူးမှုများ ပိုမိုဖြစ်ပေါ်လာနိုင်သဖြင့် တားဆီးကာကွယ်ရေးအဖွဲ့များအနေဖြင့် ပြည်သူလူထုနှင့်ပူးပေါင်း၍ လူကုန်ကူးမှု ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းပါသည်။

ယခု ၂၀၂၀ ပြည့်နှစ်၊ အဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်ဖြစ်သော **"လူကုန်ကူးမှုပပျောက်ရေး ရှေ့တန်းကနေ စွမ်းဆောင်ပေး"** ဆိုသည့်အတိုင်း သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းအသီးသီးက နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူပြည်သားများ အားလုံးနှင့် ပူးပေါင်းကာ လူကုန်ကူးမှုပပျောက်ရေးအတွက် အောင်မြင်စွာဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

# သီပေါ၌ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ မိုးစပါး မျိုးကောင်းမျိုးသန့်စိုက်ပျိုးသော တောင်သူများနှင့်တွေ့ဆုံ



**သီပေါ စက်တင်ဘာ ၁၂**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ (RS-CS) မျိုးစေ့ထုတ်တောင်သူလယ်သမားများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၇ နာရီက ပေါ်ကြိုကျေးရွာအုပ်စု ဆားတွင်း(မော်ကေ)ကျေးရွာမှ တောင်သူ ဦးစိုင်းနန္ဒာ လယ်မြေနှင့် မန်ဟဲကျေးရွာအုပ်စု နားခဲကျေးရွာမှ တောင်သူ ဦးဆန်စိုင်းတို့၏ လယ်မြေတို့၌ကျင်းပရာ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ကွင်းဝန်ထမ်းများနှင့် မျိုးစေ့ထုတ်တောင်သူများ တက်ရောက်သည်။

အခမ်းအနားတွင် ကျောက်မဲခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်အေးက မျိုးစေ့အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းများဖြစ်သည့် မျိုးကွဲနုတ်ပယ်ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ မျိုးစေ့နမူနာယူခြင်းနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာများ၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး နည်းလမ်းများ၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများတွဲဖက်၍ အချိုးကျ အချိန်ကိုက်သုံးစွဲခြင်းဆိုင်ရာ နည်းပညာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထွန်းမင်းဦးနှင့် စိုက်ပျိုးရေးဝန်ထမ်းများသည် ဆားတွင်းကျေးရွာမှ တောင်သူ ဦးစိုင်းနန္ဒာ၊ နားခဲကျေးရွာမှ တောင်သူ ဦးဆန်စိုင်းတို့၏ (RS-CS) မျိုးစေ့ထုတ်စိုက်ခင်းများ၌ နုတ်ပယ်ရမည့် ပေါင်းပင်များ၊ မျိုးကွဲအပင်များ၊ စပါးရိုင်းအပင်များ စသည့်စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ နည်းလမ်းများကို လက်တွေ့သရုပ်ပြသပညာပေးဆောင်ရွက်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၂**

စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ Zoom Application ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ကိုဗစ်-၁၉ ကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်သည့်အပြင် တစ်ဦးချင်းအနေဖြင့်လည်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် မိမိဌာန၏ လုပ်ငန်းတာဝန်များအပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ လုပ်ငန်းများတွင်လည်း ပူးပေါင်းဆောင်ရွက်ပေးသွားရန်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းမြင့်မားလာသည့်အတွက် လူဝင်/ထွက်မှုအား ကန့်သတ်တားဆီးမှုများရှိပြီး ကုန်ပစ္စည်းပြတ်လပ်မှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှုများဖြစ်လာနိုင်ကြောင်း၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် အခြေခံစားသောက်ကုန်များ၊ ဆေးဝါးနှင့်ကျန်းမာရေးသုံးပစ္စည်းများကို ဖြစ်သင့်သည့်ဈေးထက် မြင့်တက်ရောင်းချမှုများကိုလည်း စစ်ဆေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စစ်ဆေးဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဝန်ကြီးဌာနအနေဖြင့် အရေးပေါ်ရိက္ခာ ဆန်နှင့်ဆီဝယ်ယူသိုလှောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဌာန၏လုပ်ငန်းတာဝန်များအပြင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရာ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ရုံးချုပ်အနေဖြင့်လည်း လုပ်ငန်းများကို ပုံမှန်ဆောင်ရွက်လျက် ရှိကြောင်း၊ ဆွေးနွေးပွဲများကို Online မှ ဆောင်ရွက်လျက်ရှိကြောင်း၊ Online မှ ညှိနှိုင်းဆောင်ရွက်မှုများသည် ကိုဗစ်-၁၉ ကပေးသည့် New Normal အခြေအနေဖြစ်ပါကြောင်း၊ လုပ်ငန်းများကို New Normal အရ အရှိန်အဟုန်မပျက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ၊ စားသုံးသူ သက်သာချောင်ချိရေးလုပ်ငန်းများ၊ အရေးပေါ်ရိက္ခာဆန်နှင့် ဆီသိုလှောင်မှုများ၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ လယ်ယာထွက်ကုန်စီမံခန့်ခွဲရေးအဖွဲ့မှ ဆန်စပါးဝယ်ယူသိုလှောင်မှုများ၊ ကုန်အညွှန်းအမှတ်အသားနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ပြည်တွင်းကုန်သွယ်မှုအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းအဖွဲ့များ၊ ကဏ္ဍအလိုက်ဇုန်များ၊ အစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သည့်လုပ်ငန်းများ၊ ကိုဗစ်-၁၉ အလွန်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများက မိမိတို့တိုင်းဒေသကြီး/ ပြည်နယ်များတွင် လုပ်ငန်းများဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များအပေါ် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်က ပြန်လည်ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက ထပ်မံဖြည့်စွက်ရှင်းလင်းပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ IDP စခန်းများနှင့် ယာယီတိုက်ပွဲရှောင် နေရာများတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်ရှိ မြို့မနှစ်ခြင်း၊ လော်ဝေါ်နှစ်ခြင်း၊ မူရင်းနှစ်ခြင်း၊ လော်ဝေါ်အေဂျီ၊ လီဆူနှစ်ခြင်း၊ မဒိန် KBC၊ ခတ်ချိုအလယ်ပိုင်း (ကွက်သစ်)၊ နောင်ဟီး၊ မိုင်းနားကက်သလစ်၊ မိုင်းနား(အေဂျီ)၊ မိုင်းနား(လဝမ်)၊ မိုင်းနားဇုံနယ် (ဖွံ့ဖြိုးရေးခြံ)၊ ပူတာအို မြို့နယ်ရှိ ဒုတ္ထန်ရပ်ကွက်နှင့် လုံးစွတ်ရပ်ကွက် IDP စခန်း ၁၄ ခုသို့ သွားရောက်၍ ထုံးအိတ် ၁၄၀ နှင့် ဆပ်ပြာ ၅၀၆၄ ခဲတို့ကို လည်းကောင်း။

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ စေတီတောင်နှင့် ဖုံညိုလိပ် ယာယီတိုက်ပွဲရှောင် နေရာ နှစ်နေရာသို့ ထုံးအိတ် ၂၀ တို့ကိုလည်းကောင်း။

ရှမ်းပြည်နယ် မူဆယ်မြို့နယ်ရှိ ဂျော်(၁)၊ ဂျော်(၂)၊ စိန့်သောမတ်၊ ပန်လုံ၊ နေဝန်းနီ၊ မိုင်းဝီနှင့် ကွတ်ခိုင်မြို့နယ်ရှိ (၅)ရပ်ကွက် နှစ်ခြင်းအသင်းတော်ရုံးနှင့် (၆)ရပ်ကွက်မူကြိုကျောင်း စုစုပေါင်း IDP စခန်း ရှစ်ခုသို့ ထုံးအိတ် ၈၀ နှင့် ဆပ်ပြာ ၂၃၃၈ ခဲတို့ကိုလည်းကောင်း ထောက်ပံ့ခဲ့သည်။

အလားတူ စက်တင်ဘာ ၁၀ ရက်က ကချင်ပြည်နယ် ဗန်းမော်မြို့နယ်ရှိ မံစီနှစ်ခြင်း၊ မိုင်းခေါင်နှစ်ခြင်းနှင့် မိုင်းခေါင်ကက်သလစ် IDP စခန်း သုံးခုနှင့် မိုးကောင်းမြို့နယ်ရှိ ကံလှမောနွေလ ယာယီတိုက်ပွဲရှောင်နေရာများသို့ သွားရောက်၍ ထုံးအိတ် ၄၀ နှင့် ဆပ်ပြာ ၃၁၁၈ ခဲတို့ကိုလည်းကောင်း။

စက်တင်ဘာ ၉ ရက်က မြစ်ကြီးနားမြို့နယ်ရှိ တပ်ကုန်းနှစ်ခြင်း၊ တပ်ကုန်းအင်ဂျန်ဒုံ၊ တပ်ကုန်းဂါလိလဲ၊ တပ်ကုန်းမောနွေလ၊ တပ်ကုန်းစံပြနှစ်ခြင်း၊ တပ်ကုန်းရာဒါကောင်းဘီ COC ၊ ဒူကတောင်နယ်မြေ(၄)၊ ဒူကတောင်နယ်မြေ(၅)၊ ဒူကတောင်နယ်မြေ(၁၄)၊ လယ်ကုန်းဇီးအုန်၊ လယ်ကုန်းဗက်လင်၊ လယ်ကုန်းမလိယန်၊ စီတာပူဆွတ်ငိုင်တောင်၊ စီတာပူသီတာအေးနှစ်ခြင်း၊ မြို့သစ်ကြီးဂျန်မိုင်ကောင်းနှစ်ခြင်း၊ မြို့သစ်ကြီး ဂျန်မိုင်ကောင်းအာရ်စီ၊ မန်ခိန်နှစ်ခြင်း၊ ရွှေစက် နှစ်ခြင်း၊ မော်ဖောင်းခါနန်နှစ်ခြင်း၊ မော်ဖောင်းလော်ဝေါ်နှစ်ခြင်း၊ နန်းကွေ့စိန်ယောဟန်၊ ပလနကက်သလစ်လူငယ်ဗဟိုကျောင်း၊ ဗန်းမော်မြို့နယ်ရှိ လီဆူနှစ်ခြင်းဘော်ဒါ၊ နှစ်-၂၀၀၀(အာရ်စီ)၊ ရောဘတ်ကျောင်း၊ ထွယ်ဆန်ကျောင်း၊ နှစ်ခြင်း(မူရင်း)နှင့် ဖန်းခါးကုန်း IDP စခန်း ၂၈ ခုနှင့် မြစ်ကြီးနားမြို့နယ်ရှိ နောင်နန်းတြိနီတီ၊ နောင်နန်းဂျော်မဆပ်နှင့် ဆဒုံးယာယီ တိုက်ပွဲရှောင်နေရာ သုံးခုသို့ သွားရောက်၍ ထုံးအိတ် ၃၁၀ နှင့် ဆပ်ပြာ ၁၇၁၉၈ ခဲတို့ကို ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာ လုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ ဝိုင်အမ်စီအေက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး နှာခေါင်းစည်း၊ မျက်နှာကာ၊ လက်သန့်ဆေးရည်၊ လက်အိတ်၊ လက်ကမ်းစာစောင်နှင့် ပိုစတာများဝေငှသည့် လှုပ်ရှားမှုများနှင့် လူကုန်ကူးမှု အသိပညာပေးဆိုင်းဘုတ်စိုက်ထူ

**ရန်ကုန် စက်တင်ဘာ ၁၂**

မြန်မာ ဝိုင်အမ်စီအေနှင့် လားရှိုး ဝိုင်အမ်စီအေတို့ ပူးပေါင်း၍ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (International Organization for Migration - IOM) ၏ ပံ့ပိုးမှုဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး နှာခေါင်းစည်း၊ မျက်နှာကာ၊ လက်သန့်ဆေးရည်၊ လက်အိတ်၊ လက်ကမ်းစာစောင်နှင့် ပိုစတာများ ဝေငှသည့် လှုပ်ရှားမှုကို စက်တင်ဘာ ၈ ရက်က လားရှိုးမြို့ပေါ်နှင့် ဝင်ထွက်ပေါက် နေရာများ၌ ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် လားရှိုး ဝိုင်အမ်စီအေ အတွင်းရေးမှူး ဒေါ်ဘောက်အောန်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ စီမံကိန်းဝန်ထမ်းများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များက ငွေကျပ် ၁၀ သိန်းကျော် တန်ဖိုးရှိသော နှာခေါင်းစည်းများ၊ မျက်နှာကာများ၊ လက်သန့်ဆေးရည်များ၊ လက်အိတ်များ၊ လက်ကမ်းစာစောင်များ၊ ပိုစတာများကို ပြည်သူများထံ ဝေငှကြသည်။ **(ယာပုံ)**

အလားတူ ဩစတြေးလျရန်ပုံငွေအဖွဲ့ (Australian Aid) ၏ ပံ့ပိုးမှုဖြင့် မြန်မာ ဝိုင်အမ်စီအေနှင့် Habitat for Humantity Myanmar (HFHM) ပူးပေါင်း အကောင်အထည်ဖော်နေသော ဒလမြို့နယ် လူမှုအကျိုးပြုဖွံ့ဖြိုးရေးစီမံကိန်းအစီအစဉ်မှ ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေးအတွက် နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များ အသုံးပြုရေး ပညာပေးလှုပ်ရှားမှုအစီအစဉ်ကို စက်တင်ဘာ ၁၀ ရက်က ဒလမြို့နယ်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေး ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် စီမံကိန်းဝန်ထမ်းများက ငွေကျပ် ၁၀ သိန်းကျော် တန်ဖိုးရှိသော နှာခေါင်းစည်းများနှင့် လက်သန့်ဆေးရည်များဝေငှပြီး ဒေသခံပြည်သူများအား စနစ်တကျ အသုံးပြုနိုင်ရေး ပညာပေးလှုပ်ရှားမှုများ ဆောင်ရွက်ခဲ့သည်။

ထို့ပြင် မြန်မာ ဝိုင်အမ်စီအေ၊ ကွတ်ခိုင် ဝိုင်အမ်စီအေ၊ မူဆယ် ဝိုင်အမ်စီအေတို့ ပူးပေါင်း၍ Norwegian Church Aid (NCA)- Dan Church Aid (DCA) ရန်ပုံငွေပံ့ပိုးမှုဖြင့် အဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမှတ် (၁၇) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (မူဆယ်)က ကွတ်ခိုင်မြို့ ဈေးအဝင်လမ်းထိပ်နှင့် မူဆယ်မြို့ ကျင်စန်းကျော့ဂိတ် အနီးတို့တွင် လူကုန်ကူးမှု အသိပညာပေး ဆိုင်းဘုတ်စိုက်ထူခြင်းကို ယနေ့ နံနက်ပိုင်းက ကိုဗစ်-၁၉ ကူးစက်ရောဂါ ကန့်သတ်ချက်များနှင့်အညီ ပြုလုပ်ခဲ့ကြောင်း သိရသည်။




**သတင်းစဉ်**

# ကာရာအိုကေ ဗိုင်းရပ်စ်

စောမော်အောင်

**ပထမတစ်ချီ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ခဲ့ပေမယ့် ဒုတိယအကြိမ် တစ်ကျော့ပြန်ဝင်လာပြီး ကူးစက်ပျံ့နှံ့နေတဲ့၊ မျိုးဗီဇပြောင်းလဲသွားတယ်လို့ဆိုတဲ့ ကိုရိုနာဗိုင်းရပ်စ် ရောဂါပိုးကတော့ နိုင်ငံတစ်ဝန်း မွှေနှောက်ပျံ့နှံ့နေတယ်။**

ရခိုင်ပြည်နယ် စစ်တွေမြို့က စဝင်လာတယ်။ နိုင်ငံရပ်ခြားသွားခဲ့တာမရှိ၊ ရောဂါပိုးရှိတဲ့ လူနာများနဲ့လည်း ထိတွေ့တာမရှိတဲ့ ပြည်တွင်းကူးစက် လူနာတစ်ယောက် ဩဂုတ်လ ၁၆ ရက်က ခတ်ခွဲတွေ့ရှိ အတည်ပြုခဲ့ပါတယ်။ အဲဒီနေ့ကစပြီး ကူးစက်ပြန့်ပွား၊ စာရင်းတိုးလာလိုက်တာ ဒီနေ့ဆိုရင် အတည်ပြုလူနာ စုစုပေါင်း ၂၅၉၅ ယောက်ပါတဲ့။ စစ်တွေမှာ ပထမဆုံး စတွေ့တဲ့လူနာ က ၃၇၅ ဆိုတော့ တစ်ကျော့ပြန်မှာ ၂၂၀၀ ကျော် တိုးသွားတယ်။ ပထမလေးငါးလမှာ ပိုးရှိသူ စုစုပေါင်း ၄၀၀ မပြည့်ခဲ့ပေမယ့် အခု တစ်လမပြည့်ခင်မှာ ၂၂၀၀ ကျော် တိုးလာတယ်ဆိုတော့ ဒုတိယလှိုင်းမှာ ကူးစက်မှုနှုန်းအရှိန် ဘယ်လောက်များလဲ မှန်းကြည့်နိုင်ပါတယ်။

..............................................

တစ်ကျော့ပြန် ဗိုင်းရပ်စ်ပိုးရဲ့ ဇီဝမျိုးဗီဇပြောင်းလဲလာပြီး၊ ကူးစက်မြန်အဖိတ်အစဥ်လည်း ပိုများနေတာက သိသာပါတယ်။ ပထမကာလတစ်ခုလုံးမှာ လူနာ ၆ ဦး သေဆုံးခဲ့တယ်။ အခု သုံးပတ်လောက်အတွင်းမှာ ၁၀ ဦးတိုးလို့ စုစုပေါင်း သေဆုံးသူ ၁၆ ဦး ဖြစ်လာတယ်။

ဒါကြောင့်ပဲ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အနေအထိုင်၊ အသွားအလာ သတိထား ဆင်ခြင်ကြဖို့ ဗိုင်းရပ်စ်ပိုး တစ်ကျော့ပြန်မလာခင်ကစပြီး အထပ်ထပ်ကြေညာခဲ့ပါတယ်။

ဒီနေ့ ဒီအချိန်ထိ စိတ်ချသေချာပြီလို့ အတည်ပြုကြေညာနိုင်တဲ့ ကာကွယ်ဆေး၊ ကုသဆေးတို့ဆိုတာကလည်း မပေါ်သေးဘူးဆိုတော့ အနေအထိုင်ဆင်ခြင်ပြီး ကာကွယ်ကြတဲ့နည်းကသာ အကောင်းဆုံးဖြစ်နေတာပါ။ အခုဆိုရင် ကမ္ဘာမှာ အတည်ပြုလူနာ ၂၈ သန်း ကျော်ရှိပြီး သေဆုံးတာ ကိုးသိန်းကျော် ရှိနေပြီ။

ကိုဗစ်ကပ်ရောဂါရဲ့အန္တရာယ်ဟာ မြန်မာနိုင်ငံသားတို့အနေနဲ့ ဘယ်လိုမှ ပေ့ါပေ့ါဆဆ သဘောထားလို့မဖြစ်။ တကယ်တော့ ကျွန်တော်တို့ဟာ ပထမအကြိမ်မှာ သတိနဲ့နေခဲ့ကြ၊ လက်ဆေးဆို ဆေးကြ၊ မာ့စ်ခ်တပ်ဆို တပ်ကြ၊ အပြင်မထွက်နဲ့ဆို မထွက်ဘဲနေခဲ့ကြ၊ လူချင်းခွာနေကြ၊ အနေအထိုင်ဆင်ခြင်ကြနဲ့ တော်တော်လေး ဂရုစိုက်ခဲ့ကြ၊ ဒါကြောင့်ပဲ တော်တော့်ကို ထိန်းချုပ်နိုင်ခဲ့ကြတာပါ။ ကျွန်တော်တို့ ပြည်သူလူထုရဲ့ စိတ်ပါလက်ပါ ကူညီကြ စည်းကမ်းလိုက်နာကြတာတွေကြောင့် ခုလောက် ထိန်းနိုင်သွားတာ။

..............................................

အခု ဗိုင်းရပ်စ်ပိုး ဒုတိယအကြိမ် တစ်ကျော့ပြန် ခပ်ပြင်းပြင်းလေး ဝင်လာတဲ့အခါမှာ အရင်အတွေ့အကြုံကို ဖြတ်သန်းဖူးတော့ သိပ်အရေးမကြီးဘူးလို့ ယူဆကြသလား မသိပါဘူး။ အလေးအနက်သမားတွေနဲ့ အပြိုင် ပေ့ါပေ့ါသဘောထားသူတွေကလည်း မနည်းလှတာကို တွေ့ရပါတယ်။ ရခိုင်ပြည်နယ်မှာ စတင်ဝင်လာတာကို အစိုးရရော၊ ပြည်သူတွေပါ အားလုံးဝိုင်းဝန်းပြီး စောင့်ရှောက်ကြတဲ့အခါမှာ ကူးစက်မှုနှုန်း ငြိမ်သွားတာကို သတိထားမိပါတယ်။ ဒါပေမယ့် ဗိုင်းရပ်စ်ပိုးက တခြားပြည်နယ်တွေ တိုင်းဒေသကြီးတွေကို ခရီးဆန့်ပြီး ကူးစက်လိုက်တဲ့အခါမှာ တရိပ်ရိပ်ဖြစ်လာတာ တွေ့ရပါတယ်။

အထူးသဖြင့်တော့ ရန်ကုန်။

ရန်ကုန်ဟာ လူစုံပါတယ်။ ကြီးထွားမြို့ပြတွေရဲ့ သဘာဝအတိုင်း အနယ်နယ်က လာရောက်အခြေချသူတွေ၊ ကူးလူးဆက်ဆံနေသူတွေနဲ့

> **“အဲဒီလိုဆိုင်မျိုးတွေမှာ သီချင်းဆိုကြတာတင်မကဘဲ တခြားဖျော်ဖြေရေးတွေပါ တွဲဖက်ပါလာတာမျိုးတွေလည်း ရှိလာပါတယ်။ တကယ်တော့ ဒါဟာ လျှို့ဝှက်လုပ်ငန်းမဟုတ်ဘဲ အားလုံးသိကြ သွားကြလေ့ရှိတဲ့ကိစ္စမျိုး ဖြစ်ပါတယ်။ ဥပဒေစည်းကမ်းတွေနဲ့ လိုင်စင်နဲ့ လုပ်ရတာပါ။ ဘယ်လို လိုက်နာကြ၊ ဘယ်လို လုပ်ကိုင်နေကြတယ်ဆိုတာကတော့ အများပြည်သူကြား ပြောစရာတွေ အများကြီး ရှိနေတာ”**

တရုန်းရုန်းလို့ ဆိုရမယ့်မြို့။

စားဝတ်နေရေးအတွက် ရုန်းကန်နေကြရသူတွေဖြစ်တော့ အပြင်မထွက်မဖြစ် ထွက်ကြရ။ အဲဒီမှာ စည်းကမ်းလိုက်နာမှု လျော့ရဲလာတော့ ပိုးပျံ့နှံ့ဖို့က အင်မတန် လွယ်ကူလာ။

ဒီလိုထဲမှာ ကွာရင်တင်းစင်တာတွေထဲကို စားစရာပို့တော့ ကန့်သတ်ထားတဲ့ အရက်တို့၊ ဆေးလိပ်တို့ ခိုးထည့်ပို့တာလည်းရှိ။ ခရီးသွားပြီး ပြန်လာသူတွေကလည်း အကြောင်းမကြားကြ။ တိတ်တိတ် ခိုးဝင်ကြ။

ဒီလိုမြို့မှာ ခပ်ပေ့ါပေ့ါသဘောထားတဲ့ လူတစ်စုရှိရင်ပဲ ချက်ချင်းဆိုသလို မြန်မြန်ဆန်ဆန် လူတစ်အုပ်တစ်မဖြစ်မှာ။ စက်တင်ဘာ ၁၁ ရက်ကဆိုရင် တစ်နေ့တည်း အတည်ပြုပိုးတွေ့သူ ၂၇၂ ယောက်။ အရင်တုန်းက တစ်ရက်ကို ဆယ်ဂဏန်းတက်ရင် များလှပြီဆိုပြီး ရင်တမမဖြစ်သူတွေဟာ ပါးစပ်အဟောင်းသားနဲ့။

စိတ်ပူသူတွေက စိတ်ပူ အစိုးရိမ်ကြီးကြ။ ပေ့ါပေ့ါသမားတို့က ဥပဒေစည်းကမ်း အလေးမထား။

အရောင်အသွေးစုံလင်လှတဲ့ စိတ်ကူးအကြံဉာဏ်တွေကိုလည်း မြင်ရတွေ့ရ။ တစ်မြို့နယ်ချင်း မဟုတ်ဘဲ၊ တစ်မြို့နယ်လုံး၊ တိုင်းဒေသကြီးတစ်ခုလုံး၊ တစ်နိုင်ငံလုံး သော့ခတ်ခြေချုပ်ထားစို့တဲ့။ ချို့ငဲ့သူတွေကို ထောက်ပံ့မှုများများပေးတဲ့။ ဘယ်သူမှ အိမ်ထဲကမထွက်စေနဲ့တဲ့။ သံသယရှိသူ အိမ်မှာထား၊ အိမ်တံခါးကို ပိတ်ထား၊ သံသယလူနာရှိဆိုတဲ့ စာကပ်ထားဆိုတာလည်းပါရဲ့။

တချို့ကလည်း ဘာမှထိန်းချုပ်ကန့်သတ်မှုတွေ လုပ်စရာမလို၊ ဒီပိုးက ဒီလိုပဲ တွေ့နေကြရမှာတဲ့။ ဗိုင်းရပ်စ် ပိုးနဲ့ အတူယှဉ်တွဲနေထိုင်ကြဖို့သာ ပြင်ဆင်

> **“ရန်ကုန်မှာ ကူးစက်မှုများတာ သင်္ဃန်းကျွန်းကတဲ့။ ကေတီဗွီဆိုင်က ကူးစက်တာတဲ့။ အဲဒီဆိုင်တစ်ခုထဲက ပိုးတွေ့သူဦးရေ ရှစ်ဆယ်လောက် ရှိတယ်တဲ့။ တကယ်တော့ ကေတီဗွီဆိုင်တွေ၊ ဘား အရက်ဆိုင်တွေကိုမဖွင့်ဖို့ တားမြစ်ထားတယ်လို့ နားလည်ပါတယ်။ စည်းကမ်းတွေ၊ ဥပဒေတွေကို လိုက်နာမှုမှာသာမကဘဲ တာဝန်သိစိတ်ပါ လျော့ရဲနည်းပါးတဲ့ သဘောလို့ နားလည်မိ”**

ကြ၊ ပုံမှန်အတိုင်းနေကြ၊ စနစ်တကျ လက်ဆေး၊ မတ်စ်ခ်တပ်၊ လူချင်းခွာခွာနေ၊ အလုပ်ကို ပုံမှန်ဆက်လုပ်၊ ဆိုင်တွေမပိတ်နဲ့၊ သတိနဲ့ စည်းကမ်းနဲ့ ဆိုင်တွေဖွင့်။

အဲဒီလို အကြံပေးမှုအမျိုးမျိုးကို ကြားရပါတယ်။

တကယ့်လက်တွေ့မှာတော့ ကိုဗစ်- ၁၉ ရောဂါပိုးနဲ့ ပတ်သက်ပြီး ကမ္ဘာတစ်ဝန်းမှာ အယူအဆအမျိုးမျိုး၊ တုံ့ပြန်ရင်ဆိုင်ပုံအမျိုးမျိုးပါ။ ကိုယ့်နိုင်ငံရဲ့ တတ်နိုင်မှုအင်အား၊ ကိုယ့်နိုင်ငံရဲ့ အခြေအနေပေါ်မူတည်ပြီး ရင်ဆိုင်နေကြတာ။ ဘယ်လိုရင်ဆိုင်တာ အကောင်းဆုံးလဲဆိုတဲ့ နမူနာမရှိ။

မြန်မာနိုင်ငံမှာတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အစစအရာရာကို အဘက်ဘက်က တွက်ချက်ချိန်ဆပြီး တာဝန်ယူဆုံးဖြတ်ရတာပါ။ အဆုံးအဖြတ်ရဲ့နောက်မှာ တာဝန်ကိုပါ အပြည့်အဝယူရတာဆိုတော့ အင်မတန်ကြီးမားတဲ့ စိန်ခေါ်မှုကို ရင်ဆိုင်အဖြေရှာရတာ ဖြစ်ပါတယ်။

..............................................

ရန်ကုန်မှာ ကူးစက်မှုများတာ သင်္ဃန်းကျွန်းကတဲ့။ ကေတီဗွီဆိုင်က ကူးစက်တာတဲ့။ အဲဒီဆိုင်တစ်ခုထဲက ပိုးတွေ့သူ ဦးရေ ရှစ်ဆယ်လောက်ရှိတယ်တဲ့။ တကယ်တော့ ကေတီဗွီဆိုင်တွေ၊ ဘား အရက်ဆိုင်တွေကို မဖွင့်ဖို့တားမြစ်ထားတယ်လို့ နားလည်ပါတယ်။ စည်းကမ်းတွေ၊ ဥပဒေတွေကို လိုက်နာမှုမှာသာမကဘဲ တာဝန်သိစိတ်ပါ လျော့ရဲနည်းပါးတဲ့သဘောလို့ နားလည်မိ။

ကာရာအိုကေဆိုတာ ဂျပန်က စတီထွင်တာ။ သီချင်းဆို ဝါသနာရှင်တို့ ကိုယ့်အိမ်မှာ တီဗွီရှေ့ထိုင်ပြီး မိုက်ကရိုဖုန်းတစ်လုံးနဲ့ ကိုယ်ကြိုက်ရာ သီချင်းတွေကိုဆိုနိုင်ဖို့ ထွင်ထားတဲ့ စနစ်ပဲဆိုပါတော့။ စစချင်း ဗီဒီယိုခွေတွေခေတ်က အနုတ် ၁ ဆိုပြီးပေါ်တယ်လို့ထင်။ သီချင်းခွေထဲက အဆိုတော်ရဲ့ အသံကို ဖျောက်၊ တေးဂီတသံတွေကိုပဲ ထုတ်နိုင်အောင်လုပ်၊ ဝါသနာရှင်က အဲဒီဂီတနဲ့ ဆို။

နောက်တော့ တီထွင်မှုတွေက တိုးတက်လာ၊ စက်တွေက ပိုအဆင့်မြင့်လာ။ ဆောင်းဘောက်စ် လို့ခေါ်တဲ့ အသံထွက်သေတ္တာကနေ အသံကို ဘယ်ညာထွက်ရာမှာ သီချင်းသံထွက်တဲ့ဘက်ကို ပိတ်လိုက်ပြီး ဂီတသံနဲ့ ဟာမိုနီသံတွေကိုပဲ ထုတ်။ အဲဒီမှာဆိုတဲ့သူက ဂီတသံနဲ့ ဝင်ဆို။ ဟန်ကျလို့၊ တကယ်တီးထားတဲ့ ဂီတသံစုံတွေနဲ့ ဆိုရတာကိုး။

ကာရာအိုကေဆိုကြရာမှာ အိမ်ထဲမှာတင်မဟုတ်ဘဲ အဲဒီစက်တွေကိုပဲ အသံထွက် ပိုကောင်းအောင် အသံလုံခန်းတွေဖွဲ့၊ မြင်ကွင်းကျယ် ဖန်သားပြင်ကြီးတွေ၊ ပိတ်ကားတွေနဲ့ ပြင်ဆင်ပေးတဲ့ ဆိုင်တွေပေါ်လာတယ်။ အစားအသောက်နဲ့ တွဲဖက်ရောင်းချတော့ သွားကြ၊ စားကြ၊ သောက်ကြ ၊ ဆိုကြ။

အိမ်မှာ မရှိတဲ့သူတွေ၊ ဒါမှမဟုတ် အိမ်မှာ ကိုယ့်မိသားစုနဲ့ ကိုယ့်ဘာသာ ဆိုရုံနဲ့ မလုံလောက်ဘဲ သူငယ်ချင်းမိတ်ဆွေတွေနဲ့ စုကာဝေးကာ ဝိုင်းဆိုကြလို့ရတဲ့ ကာရာအိုကေဆိုင်တွေဟာ နေရာအနှံ့လို ဖြစ်လာတယ်။ ဒါဟာ မြန်မာနိုင်ငံတင် မဟုတ်၊ ဂျပန်မှာ၊ ထိုင်းမှာ၊ အမေရိကန်မှာ၊ နိုင်ငံတကာမှာ ရှိနေတာပါ။

..............................................

မြန်မာနိုင်ငံမှာတော့ အမျိုးသမီး၊ အမျိုးသား မခွဲခြား၊ သူငယ်ချင်းမိတ်ဆွေတွေစုပြီး သွားကြ ဆိုကြ၊ ပျော်ကြတာမျိုးတွေရှိသလို၊ ကူပြီးဝင်ဆိုပေးတဲ့ အမျိုးသမီးငယ်များကို ဆိုင်မှာစီစဉ်ထားရှိပေးတဲ့အတွက် အစုလိုက်အဖွဲ့လိုက် သွားရောက် သီဆိုကြ၊ စားကြသောက်ကြတဲ့ ယဉ်ကျေးမှု ထွန်းကားလာပါတယ်။ ကာရာအိုကေ ဘားကို ကေတီဗွီလို့ အသုံးများပါတယ်။

ကေတီဗွီများဟာ အမျိုးသားများချည်း သီးသန့်သွားကြ ထိုင်ကြတဲ့ နေရာအဖြစ်လည်း နာမည်ကြီးပါတယ်။

အဲဒီလိုဆိုင်မျိုးတွေမှာ သီချင်းဆိုကြတာတင်မကဘဲ တခြား ဖျော်ဖြေရေးတွေပါ တွဲဖက်ပါလာတာမျိုးတွေလည်း ရှိလာပါတယ်။ တကယ်တော့ ဒါဟာ လျှို့ဝှက်လုပ်ငန်းမဟုတ်ဘဲ အားလုံးသိကြ သွားကြလေ့ရှိတဲ့ ကိစ္စမျိုး ဖြစ်ပါတယ်။ ဥပဒေစည်းကမ်းတွေနဲ့ လိုင်စင်နဲ့ လုပ်ရတာပါ။ ဘယ်လို လိုက်နာကြ၊ ဘယ်လိုလုပ်ကိုင်နေကြတယ်ဆိုတာကတော့ အများပြည်သူကြား ပြောစရာတွေ အများကြီးရှိနေတာ။

အသောက်အစားနဲ့ တွဲဖက်တဲ့အခါ ဒါမျိုးတွေကို အပန်းဖြေစရာအဖြစ်၊ ပျော်ရွှင်စရာအဖြစ် သဘောထားကြတယ်။ နွမ်းပါးပြီး အလုပ်အကိုင်ခက်ခဲနေတဲ့ မိန်းကလေးငယ်များအတွက် ဝင်ငွေရတဲ့ လုပ်ငန်းအဖြစ်လည်း မြင်ကြပါတယ်။ သီချင်းဝိုင်းဆိုပေး၊ အစားအသောက်အတွက် စားပွဲထိုးပေးဆိုတာကို အလုပ်အနေနဲ့ လုပ်ကြကိုင်ကြတာဟာ ဂုဏ်ငယ်စရာမဟုတ်ပါဘူး။ ဒါပေမယ့် သောက်စားမူးယစ်နေသူများကြားမှာ အရက်နံ့၊ ဆေးလိပ်နံ့၊ ချွေးနံ့ကြားမှာ ကိုယ်မပျော်ပိုက်ပါပဲ၊ သူတစ်ပါးကို ငွေကြေးအတွက် ဖျော်ဖြေပေးရတဲ့ အလုပ်ဆိုတာကျတော့ ဝန်လေးစရာ၊ ဘဝကို နာကြည်းစရာအဖြစ် မြင်လာကြမလားပါပဲ။

ဆိုးတာကတော့ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရောဂါပိုးကြောင့် ကန့်သတ်မှုတွေ များပြားနေတဲ့အချိန်မှာ ကေတီဗွီဆိုင်က ဖွင့်တယ်၊ အဲဒီမှာ လာကြသူတွေကလည်းများ၊ ကူးစက်မှုကလည်းများ၊ တစ်ဆင့်တစ်ဆင့် ပြန့်ပွားတာကလည်းများဖြစ်တာပါပဲ။

လူစုလူဝေးများ။ ခြောက်ပေခွာတာ မရှိ။ စကားကျယ်ကျယ်ပြောရင် ပိုးက ပိုပျံ့နိုင်ခြေများ၊ သီချင်းဆိုရတာဆိုတော့ ပိုဆိုး။ မိုက်ကရိုဖုန်းတစ်ခု နှစ်ခု ၊ သုံးခုကို အလှည့်နဲ့ ခွဲဝေဆိုကြ။

ကူးစက်ပြန့်ပွားမှုက ဘယ်လောက်အထိ ဆက်သွားမလဲ ဆိုတာကို မသိနိုင်သေး။

..............................................

ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးရဲ့ အန္တရာယ်ကြီးပါတယ်။ ဒါကို ချို့တဲ့တဲ့ မြန်မာနိုင်ငံအနေနဲ့ ပင်ပန်းတကြီး ခုခံနေရတာပါ။ မလုံလောက်တဲ့ ဆရာဝန်တွေ၊ မနိုင်ဝန်တွေနဲ့ ပိနေတဲ့ ကျန်းမာရေးဝန်ထမ်းဦးရေနဲ့ ကျားကုတ်ကျားခဲ ရင်ဆိုင်နေရတာ။

အခုဆိုရင်ပဲ အတော့်ကို လက်ပန်းကျလုလုဖြစ်နေတာကို စိတ်ဓာတ်အင်အားနဲ့ အားတင်းနေကြတာပါ။ ဒါကို ကျွန်တော်တို့တွေ စာနာ နားလည်ကြဖို့လည်း လိုမှာ။

အခက်အခဲတွေက လူတိုင်းအတွက် ရှိနေမှာပါပဲ။ တစ်ကမ္ဘာလုံး ခံနေရတာ။ လူ့လောကတစ်ခုလုံး အသီးသီး ပုံစံအမျိုးမျိုးနဲ့ သည်းညည်းခံ ရင်ဆိုင်နေကြရတာ။

စည်းမျဉ်းစည်းကမ်းတွေ ဥပဒေတွေ လိုက်နာကြ၊ တစ်ဦးစီက တာဝန်သိသိနဲ့နေကြ၊ အပြင်မထွက်ဘဲ အိမ်ထဲမှာနေကြ၊ လူစု လူဝေးမဖြစ်စေနဲ့၊ မဖြစ်မနေထွက်ရရင် လူချင်းအနည်းဆုံး ခြောက်ပေခွာနေ၊ နှာခေါင်းစည်းတပ်၊ အပြင်ကပြန်လာရင် စနစ်တကျလက်ဆေး၊ ခဏခဏဆေး၊ ရေနဲ့ ဆပ်ပြာနဲ့ဆေး၊ လက်ဆေးရည်နဲ့ဆေး၊ အစားအသောက်အနေအထိုင်ကို ဂရုတစိုက်နဲ့ နေ။

ဒီလိုပဲ လူထုကညီညီညွတ်ညွတ် ပူးပေါင်းပါဝင်ကြ၊ စည်းကမ်း ဥပဒေတွေကို လိုက်နာကြ၊ စောင့်ထိန်းရမှာတွေ လုပ်ရမှာတွေကို မပျက်မကွက် လုပ်ကြရင်း ကပ်ရောဂါဘေးက ကင်းဝေးအောင် နေကြရမှာပါ။ အေးချမ်းတည်ငြိမ်တဲ့အချိန်ထိ တောင့်ခံကြရပါစို့။ ။



# စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာ

ရန်ကုန်တိုင်းနဲ့ ပတ်သက်ပြီးတော့ ကျွန်မတို့ စည်းမျဉ်းစည်းကမ်းတွေ ထုတ်ထားပါတယ်။ ဒါကို တင်းကျပ်တယ်လို့ တချို့က ထင်ပါလိမ့်မယ်။ ဒါပေမယ့်လည်း ဒီလိုတင်းတင်းကျပ်ကျပ်နဲ့ နှစ်ပတ်၊ သုံးပတ်လောက် လိုက်နာလိုက်မယ်ဆိုရင် ကျွန်မတို့ ဒီရောဂါကို ထိန်းချုပ်နိုင်မယ့် အခြေအနေကို ရောက်လာမှာပါ။ အဲဒါကြောင့် အားလုံးကနေပြီးတော့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာကြပါ။ စည်းဆိုကတည်းက စည်းဆိုတာ ဘာလဲဆိုတာစဉ်းစားပါ။ စည်းဆိုတာ နံပါတ်(၁) က ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ပဲဖြစ်ပါတယ်။ နောက်ပြီးတော့ အပြင်ကလူတွေကိုလည်း ကာကွယ်ဖို့ဖြစ်ပါတယ်။ ကိုယ့်စည်းမျဉ်းစည်းကမ်းကို လိုက်နာခြင်းအားဖြင့် ပထမဦးဆုံး ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရာ ရောက်ပါလိမ့်မယ်။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလ ၁၀ ရက်နေ့တွင် COVID–19 ရောဂါ ပြန့်ပွားမှုကို ထိထိရောက်ရောက် ထိန်းချုပ်နိုင်ရန် ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များကို လိုက်နာရေးနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ကိုဗစ်–၁၉ ရောဂါပိုးရှိသူ ၁၇၃ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၅၉၅ ဦး ရှိသွားပြီ

နေပြည်တော် စက်တင်ဘာ ၁၂

ယနေ့တွင် ကိုဗစ် –၁၉ ရောဂါပိုးရှိသူ ၁၇၃ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၅၉၅ ဦးရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၂၅၉၅ ဦးအနက် သေဆုံးသူ ၁၆ ဦး၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၆၇၆ ဦးနှင့် စက်တင်ဘာ ၁၁ ရက် မွန်းတည့် ၁၂ နာရီမှ စက်တင်ဘာ ၁၂ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၂၃၁ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၉၁၆၉၆ | ၂၅၉၅ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၆၇၆ | ၁၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၉၁၆၅

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၆၇၆ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၂–၉–၂၀၂၀ ရက်၊ ည(၈:၀၀) နာရီ

## COVID–19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

စိတ်ဖိစီးမှုသည် ဘဝတွင် ကြုံတွေ့ရတတ်သည့် သာမန်ဖြစ်ရိုးဖြစ်စဉ် ခံစားမှုတစ်ခုဖြစ်သော်လည်း စိတ်ဖိစီးမှုဆိုင်ရာ အခြေခံအချက်များကိုသိရှိပြီး ဖြေရှင်းနိုင်စွမ်းရှိရမည်ဖြစ်သည်။ စိတ်ဖိစီးမှုသည် ထိုဖြေရှင်းနိုင်စွမ်းကို ကျော်လွန်ခြင်း(သို့မဟုတ်) ပြင်းထန်များပြားလာခြင်းများရှိသည့်အခါ စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားနိုင်ပါသည်။

စိတ်ဖိစီးမှုလက္ခဏာများမှာ အိပ်စက်မှုပြဿနာရှိခြင်း၊ အလွန်တက်ကြွခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အစာအိမ်/အူလမ်းကြောင်း ပြဿနာရှိခြင်း၊ ခေါင်းကိုက်ခြင်း/ ကိုယ်လက်ကိုက်ခဲခြင်း၊ ဒေါသထွက်ခြင်း၊ ကြောက်လန့်တုန်လှုပ်ခြင်း၊ ပူဆွေးသောကရောက်ခြင်း၊ ဝမ်းနည်းခြင်း၊ အပြစ်ရှိသည်ဟု ခံစားရခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ မှတ်ဉာဏ်ဆိုင်ရာ ပြဿနာရှိခြင်း၊ မကောင်းတွေးခြင်း၊ ယုံကြည်မှုပျောက်ဆုံးခြင်း၊ ပျင်းရိခြင်း၊ အထီးကျန်ခြင်း၊ အခြားသူများကို အပြစ်တင်ခြင်း၊ လုပ်ဆောင်နိုင်စွမ်း ကျဆင်းလာခြင်းတို့ ခံစားရခြင်းတို့ဖြစ်ပါသည်။

ထိုခံစားရမှုများကို မှန်ကန်သော နည်းလမ်းများဖြင့် ရင်ဆိုင်ဖြေရှင်းမှုမပြုပါက ဆိုးရွားသော စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားပြီး ပြဿနာများကို ဆက်လက်ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း လုံးဝမရှိတော့ခြင်းစသည့် နောက်ဆက်တွဲဆိုးကျိုးများခံစားရနိုင်ပြီး ရေရှည်တွင် လူမှုစီးပွားအခက်အခဲများကို ရင်ဆိုင်လာရမည်ဖြစ်သည်။ ထိုအဆင့်သို့မရောက်မီ စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုကိုခံယူရန် လိုအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)**

## ၁၂-၉-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၆၃၉၃၄၄ | ၃၉၁၈၈၁၀ | ၁၉၇၄၇၂ |
| ၂။ | အိန္ဒိယ | ၄၆၈၈၄၇၀ | ၃၆၄၈၅၃၄ | ၇၇၇၆၈ |
| ၃။ | ဘရာဇီး | ၄၂၈၃၉၇၈ | ၃၅၃၀၆၅၅ | ၁၃၀၄၇၄ |
| ၄။ | ရုရှား | ၁၀၅၇၃၆၂ | ၈၇၃၅၃၅ | ၁၈၄၈၄ |
| ၅။ | ပီရူး | ၇၁၆၆၇၀ | ၅၅၂၂၁၄ | ၃၀၄၇၀ |
| ၆။ | ကိုလံဘီယာ | ၇၀၂၀၈၈ | ၅၈၂၆၉၄ | ၂၂၅၁၈ |
| ၇။ | မက္ကဆီကို | ၆၅၈၂၉၉ | ၄၆၃၇၆၄ | ၇၀၁၈၃ |
| ၈။ | တောင်အာဖရိက | ၆၄၆၃၉၈ | ၅၇၄၅၈၇ | ၁၅၃၇၈ |
| ၉။ | စပိန် | ၅၇၆၆၉၇ | စိစစ်ဆဲ | ၂၉၇၄၇ |
| ၁၀။ | အာဂျင်တီးနား | ၅၃၅၇၀ | ၄၀၉၇၇၁ | ၁၁၂၀၆ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၂ – ၉ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၂၅၇၈၆၃ | ၁၈၇၁၁၆ | ၄၂၉၂ |
| အင်ဒိုနီးရှား | ၂၁၄၇၄၆ | ၁၅၂၄၅၈ | ၈၆၅၀ |
| စင်ကာပူ | ၅၇၃၅၇ | ၅၆၆၀၇ | ၂၇ |
| မလေးရှား | ၉၈၆၈ | ၉၁၈၉ | ၁၂၈ |
| ထိုင်း | ၃၄၆၆ | ၃၃၁၂ | ၅၈ |
| မြန်မာ | ၂၅၉၅ | ၆၇၆ | ၁၆ |
| ဗီယက်နမ် | ၁၀၆၀ | ၉၀၂ | ၃၅ |
| ကမ္ဘောဒီးယား | ၂၇၄ | ၂၇၄ | ၀ |
| ဘရူနိုင်း | ၁၄၅ | ၁၃၉ | ၃ |
| လာအို | ၂၃ | ၂၁ | ၀ |

# COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၂–၉–၂၀၂၀) ရက်နေ့၊ နံနက် (၁၁:၀၀)နာရီ**

၁။ (၁၁–၉–၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲစစ်ဆေးခဲ့သော နမူနာစုစုပေါင်း (၄,၁၀၉) ခုအနက် အတည်ပြုလူနာ (၁၈၀) ဦး တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး | မြင်းခြံမြို့နယ် | ၂ |
| | | မဟာအောင်မြေမြို့နယ် | ၁ |
| | | အောင်မြေသာဇံမြို့နယ် | ၂ |
| | | အမရပူရမြို့နယ် | ၂ |
| | | ပုသိမ်ကြီးမြို့နယ် | ၂ |
| | | ချမ်းမြသာစည်မြို့နယ် | ၁ |
| | | ချမ်းအေးသာဇံမြို့နယ် | ၁ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | တာမွေမြို့နယ် | ၁၃ |
| | | သင်္ဃန်းကျွန်းမြို့နယ် | ၁၅ |
| | | မင်္ဂလာဒုံမြို့နယ် | ၆ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် | ၂ |
| | | လှိုင်မြို့နယ် | ၆ |
| | | အလုံမြို့နယ် | ၃ |
| | | တောင်ဥက္ကလာပမြို့နယ် * | ၉ |
| | | မြောက်ဥက္ကလာပမြို့နယ် | ၉ |
| | | သာကေတမြို့နယ် | ၈ |
| | | ရန်ကင်းမြို့နယ် | ၁ |
| | | မရမ်းကုန်းမြို့နယ် | ၃ |
| | | စမ်းချောင်းမြို့နယ် | ၁ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် | ၂ |
| | | ကြည့်မြင်တိုင်မြို့နယ် | ၁ |
| | | ရွှေပြည်သာမြို့နယ် | ၂ |
| | | ဒဂုံဆိပ်ကမ်းမြို့နယ် | ၁ |
| | | မင်္ဂလာတောင်ညွန့်မြို့နယ် | ၈ |
| | | လမ်းမတော်မြို့နယ် | ၆ |
| | | လှည်းကူးမြို့နယ် | ၁ |
| | | ဗိုလ်တထောင်မြို့နယ် | ၄ |
| | | လှိုင်သာယာမြို့နယ် * | ၈ |
| | | အင်းစိန်မြို့နယ် * | ၆ |
| | | ကျောက်တံတားမြို့နယ် | ၂ |
| | | လသာမြို့နယ် | ၁ |
| | | ဗဟန်းမြို့နယ် | ၁ |
| | | ဒေါပုံမြို့နယ် | ၁ |
| | | ကမာရွတ်မြို့နယ် | ၁ |
| | | ခရမ်းမြို့နယ် | ၂ |
| | | သန်လျင်မြို့နယ် | ၁ |
| | | တွံတေးမြို့နယ် | ၂ |
| ၃ | ရခိုင်ပြည်နယ် | စစ်တွေမြို့နယ် | ၄ |
| | | ကျောက်ဖြူမြို့နယ် | ၂ |
| | | ပေါက်တောမြို့နယ် * | ၁ |
| ၄ | မွန်ပြည်နယ် | မော်လမြိုင်မြို့နယ် | ၁၈ |
| | | မုဒုံမြို့နယ် | ၁ |
| ၅ | ပဲခူးတိုင်းဒေသကြီး | ပဲခူးမြို့နယ် | ၁ |
| | | ကဝမြို့နယ် | ၂ |
| ၆ | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | ပျဉ်းမနားမြို့နယ် * | ၁ |
| | | ဇမ္ဗူသီရိမြို့နယ် | ၄ |
| ၇ | ဧရာဝတီတိုင်းဒေသကြီး | ကြံခင်းမြို့နယ် * | ၂ |
| | | ကျောင်းကုန်းမြို့နယ် | ၂ |
| | | မြောင်းမြမြို့နယ် | ၁ |
| | | ဖျာပုံမြို့နယ် | ၂ |
| ၈ | မကွေးတိုင်းဒေသကြီး | မကွေးမြို့နယ် | ၁ |
| | | မင်းလှမြို့နယ် | ၁ |
| **စုစုပေါင်း** | | | **၁၈၀** |

* တောင်ဥက္ကလာပမြို့နယ်မှ (၄) ဦး၊ လှိုင်သာယာမြို့နယ်မှ (၁) ဦး၊ အင်းစိန်မြို့နယ်မှ (၁) ဦး၊ ကြံခင်းမြို့နယ်မှ (၁) ဦးနှင့် ပျဉ်းမနားမြို့နယ်မှ (၁) ဦးတို့သည် ရခိုင်ပြည်နယ်သို့ ခရီးသွားရာဇဝင်ရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် အသွားအလာ ကန့်သတ်ထားရှိပါသည်။

၂။ COVID–19 ကုသရေးဌာန (ဖောင်ကြီး) တွင် တက်ရောက်ကုသမှုခံယူလျက်ရှိသော အသက် (၃၂) နှစ်အရွယ် အမျိုးသမီး (Case 2165) သည် ပြင်းထန်အဆုတ်ရောင် ရောဂါကြောင့် ရုတ်တရက် အသက်ရှူလမ်းကြောင်းပျက်စီးခြင်းနှင့် အရေပြားလေးဖက်နာရောဂါအခံကြောင့် ကျောက်ကပ်ပျက်စီးခြင်းတို့ဖြင့် (၁၁–၉–၂၀၂၀) ရက်နေ့၊ ညနေ (၄:၁၅) အချိန်တွင် သေဆုံးသွားခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူစုစုပေါင်း (၁၅)ဦး ရှိပြီဖြစ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## မြဝတီမြို့ မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၃၁၈ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ စက်တင်ဘာ ၁၂**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်း လုပ်သား ၃၁၈ ဦးသည် မြဝတီမြို့ မြန်မာ–ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ စက်တင်ဘာ ၁၂ ရက်၌ ဆက်လက်ဝင်ရောက်လာကြောင်း သိရသည်။



ပြန်လည်ဝင်ရောက်လာသူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ ၁၅၉၉၈ ဦး၊ စက်တင်ဘာ ၁ ရက်မှ ၁၂ ရက်အထိ ၅၅၈၁ စုစုပေါင်း ၇၆၇၄၃ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၂၂၆ ဦး၊ အမျိုးသမီး ၉၂ ဦး စုစုပေါင်း ၃၁၈ ဦး ဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၁၂**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရပါသည်။

**မိုး/ဇလ**

အနာဂတ်ကမ္ဘာ သာယာဖို့
အိုဇုန်းလွှာကို ကာကွယ်စို့

လူသားတို့၏ ကျန်းမာရေး
အိုဇုန်းလွှာကို ထိန်းသိမ်းပေး

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၂-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၁၁-၉-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်-

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၉၈၁) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၉၄) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၂၈၃) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၁၆၃) ခု၊
- နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် (၁,၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၂၉) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲနမူနာ (၂၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ (၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့မှ ဓာတ်ခွဲနမူနာ (၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ လွိုင်ကော်မြို့မှ ဓာတ်ခွဲနမူနာ (၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲနမူနာ (၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့မှ ဓာတ်ခွဲနမူနာ (၃) ခုနှင့်
- ပြည်သူ့ဆေးရုံကြီး၊ ဗန်းမော်မြို့မှ ဓာတ်ခွဲနမူနာ (၂) ခု၊

စုစုပေါင်း ဓာတ်ခွဲနမူနာ (၁,၆၃၄) ခုတို့အား ထပ်မံ စစ်ဆေးပြီးစီးခဲ့ရာ-

- COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၂၃) ဦးတွေ့ရှိပါသည်။

**COVID-19 ရောဂါအတွက်**
**ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၁၂-၉-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ**

| | |
|---|---|
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ | (၉၈၁) ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန(DMR)မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ | (၉၄)ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ | (၂၈၃)ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ | (၁၆၃)ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်(၁,၀၀၀) ဓာတ်ခွဲနမူနာ | (၁၂) ခု၊ |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ | (၁၂) ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ | (၂၉) ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲနမူနာ | (၂၂) ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ | (၁၂) ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ | (၆) ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့မှ ဓာတ်ခွဲနမူနာ | (၃) ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ လွိုင်ကော်မြို့မှ ဓာတ်ခွဲနမူနာ | (၃) ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲနမူနာ | (၅) ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ | (၄) ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့မှ ဓာတ်ခွဲနမူနာ | (၃) ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ဗန်းမော်မြို့မြို့မှ ဓာတ်ခွဲနမူနာ | (၂) ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁,၆၃၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၂၃) ဦး |

၂။ သို့ဖြစ်ရာ (၁၂-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂,၄၄၅)ဦး ရှိပြီဖြစ်ပါသည်။

၃။ (၁၁-၉-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၂,၀၀၁) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဓာတ်ခွဲနမူနာ (၄၁၂) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ ဓာတ်ခွဲနမူနာ (၅၄၇) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၃၁၈) ခု၊
- အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၇၁၈) ခု
- နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် (၁,၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၂၉) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲနမူနာ (၂၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ (၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့မှ ဓာတ်ခွဲနမူနာ (၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ လွိုင်ကော်မြို့မှ ဓာတ်ခွဲနမူနာ (၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲနမူနာ (၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့မှ ဓာတ်ခွဲနမူနာ (၃) ခု
- ပြည်သူ့ဆေးရုံကြီး၊ ဗန်းမော်မြို့မှ ဓာတ်ခွဲနမူနာ (၂) ခုနှင့်
- စုစုပေါင်း (၄,၁၀၉) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁၈၀) ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြု လူနာ(၁၅၇) ဦး တွေ့ရှိကြောင်းကို (၁၁-၉-၂၀၂၀) ရက်နေ့၊ ည(၈:၀၀)နာရီ သတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၂-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၂၃) ဦး | (၂,၄၄၅) ဦး |
| ဆေးရုံဆင်းခွင့် ရရှိသူ (discharged) | (၀) ဦး | (၆၂၅) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၁၄) ဦး |

●*ကျော့ဖုံးမှ*

၄။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသမှု ခံယူလျက်ရှိသော အသက် (၇၀) နှစ်အရွယ် အမျိုးသား (Case-2351) သည် ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် ရုတ်တရက် အသက်ရှူလမ်းကြောင်း ပျက်စီးခြင်း၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါနှင့် နှလုံးသွေးကြောကျဉ်းရောဂါ အခံရှိခြင်း၊ နာတာရှည် ကျောက်ကပ်ပျက်စီးခြင်းတို့ကြောင့် (၁၂-၉-၂၀၂၀) ရက်နေ့၊ နံနက် (၁၀:၃၀) အချိန်တွင် သေဆုံးသွားခဲ့ပါသည်။

၅။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၁၆) ဦး ရှိပြီဖြစ်ပါသည်။

၆။ (၁၁-၉-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၂-၉-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၃၁) ဦးရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၂-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁၂-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁,၀၀၄) ခု |
| (၁၂-၉-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၈၆) ခု |
| (၁၂-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၉၆) ခု |
| (၁၂-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၅၈) ခု |
| (၁၂-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၃) ခု |
| (၁၂-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၀) ခု |
| (၁၂-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄) ခု |
| (၁၂-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃) ခု |
| (၁၂-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ပြင်ဦးလွင်မြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁) ခု |
| (၁၂-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ဗန်းမော်မြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂) ခု |
| (၁၂-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄) ခု |
| (၁၂-၉-၂၀၂၀) ရက်နေ့တွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂) ခု |
| (၁၂-၉-၂၀၂၀) ရက်နေ့တွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၇၀) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၁၅၀) ဦး |

ပြည်သူ့ဆေးရုံများမှ သတင်းပေးပို့လာသော COVID-19 ရောဂါ ပိုးတွေ့လူနာ ဆေးရုံဆင်း
(၁၁-၉-၂၀၂၀) ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီမှ (၁၂-၉-၂၀၂၀) ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီအထိ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဆေးရုံဆင်းသည့် ပိုးတွေ့လူနာ ဦးရေ |
|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး စုစုပေါင်း | ၈ |
| ၂ | ပဲခူးတိုင်းဒေသကြီး စုစုပေါင်း | ၁ |
| ၃ | တနင်္သာရီတိုင်းဒေသကြီး စုစုပေါင်း | ၃ |
| ၄ | ရခိုင်ပြည်နယ် စုစုပေါင်း | ၃၈ |
| ၅ | ရှမ်းပြည်နယ် (တောင်ပိုင်း) စုစုပေါင်း | ၁ |
| | တိုင်းဒေသကြီး/ပြည်နယ် စုစုပေါင်း | ၅၁ |

Source: Medical Care Division, Department of Medical Service, MoHS

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၂-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁၅၀) ဦး | (၂,၅၉၅) ဦး |
| ဆေးရုံဆင်း | (၅၁) ဦး | (၆၇၆) ဦး |
| သေဆုံးလူနာ | (၁) ဦး | (၁၆) ဦး |

## ရန်ကုန်မြို့ကြီးသားများသို့

❖ မြန်မာပြည်၏၊ ကမ္ဘာသိရန်ကုန်
အဟုန်ပြင်းပြင်း၊ သတင်းအစအန
ကြားနေရ၍၊ မြို့ပြလူထု
ပူပန်မှုတွေ၊ သည်အခြေအနေကို
ဘယ်လိုရုန်းထွက်၊ ခရီးဆက်မလဲ
အသက်နှင့်ရင်း၊ စစ်ခင်းနေရှာ
" စေတနာခြုံလွှမ်း၊ ဆေးဝန်ထမ်းတွေ"…
"စေတနာအလှ၊ ပရဟိတတွေ"…
ဤမျှများပြား၊ ရှိနေငြားလည်း
တရားသဖြင့်ချမှတ်၊ စည်းကမ်းရပ်တိုင်း
မဆိုင်းမတွ၊ လိုက်နာကြရန်
တာဝန်ကိုယ်စီ၊ ရှိကြသည်မို့
ရန်ကုန်မြို့ကြီးသား၊ ပြည်သူများက
လေးစားနာယူ၊ စံနမူနာပြ
နေပေးကြဖို့၊ လိုအပ်သည်။

ဟသ်ာတမြင့်ငွေ



## သထုံမြို့နယ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ရွှေစာရံစေတီတော်မြတ်ကြီး၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**သထုံ စက်တင်ဘာ ၁၂**

မွန်ပြည်နယ် သထုံမြို့နယ်တွင် (၅၆)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းကာ ယနေ့ နံနက်က သထုံမြို့၏ ကျက်သရေဆောင် ရွှေစာရံစေတီတော်မြတ်ကြီးဝန်းကျင်၌ စုပေါင်းသန့်ရှင်းရေး ပြုလုပ်သည်။ **(အပေါ်ပုံ)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဇော်လင်းသိန်း ဦးဆောင်ကာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်နှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၇၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်မင်းသူနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ၆၀ ခန့်တို့က ရွှေစာရံစေတီတော် မြတ်ကြီး ရင်ပြင်တော်သန့်ရှင်းရေး၊ စေတီတော်မြတ်ကြီးနှင့် အရံစေတီတော်များ သန့်ရှင်းခြင်း၊ ရေညှိများ အမှိုက်များနှင့် ချုံနွယ်သစ်ပင်များရှင်းလင်းခြင်း စသည်တို့ကို စုပေါင်းပြုလုပ်ကြောင်း သိရသည်။ **နန္ဒကျော်စွာ**

◆ *ကျောဖုံးမှ*

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့မှ ထောက်ခံချက်စစ်ဆေး၍ လှေလုပ်သားများကိုလည်း ငါးဖမ်းစက်လှေတွင်သာ ထားရှိကာ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးကို ဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ငါးဖမ်းရာသီပြန်လည်ဖွင့်လှစ်ချိန်တွင် ရေလုပ်သားမှတ်ပုံတင်ရရှိရန် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သက်ဆိုင်ရာဆိပ်ခံများတွင် ဆောင်ရွက်ခဲ့ပြီး စက်လှေပုံနှင်းများ မိမိတို့ ငါးဖမ်း စက်လှေများသို့ ပြန်လည်ဝင်ရောက်ရန် အခက်အခဲမရှိဆောင်ရွက်ခဲ့၍ ပင်လယ်ပြင်တွင် ငါးဖမ်းစက်လှေများ အဆင်ပြေချောမွေ့စွာ ထွက်ခွာလျက်ရှိရာ ရန်ကုန်မြို့သို့ ပင်လယ်ငါးများ စက်တင်ဘာ ၇ ရက် နေ့မှစ၍ ဝင်ရောက်လျက်ရှိသည်။

“ငါးဖမ်းရာသီပြန် ဖွင့်ပြီဖြစ်တဲ့အတွက် ကိုဗစ်-၁၉ ကာလလည်း ဖြစ်တာကြောင့် ရခိုင်ပြည်နယ်က ငါးဖမ်းရေယာဉ်၊ ငါးပို့ဆောင်ရေယာဉ်တွေရှိတာကြောင့် ရန်ကုန်ကိုဝင်မယ့် စက်လှေကို ဆေးဖျန်းတာ၊ ကျန်းမာရေးစစ်ဆေးဆောင်ရွက်တာတွေ လုပ်ဆောင်ပါတယ်။ စက်တင်ဘာ ၇ ရက်မှာ ရခိုင်ပြည်နယ်က ဝင်လာပြီး ပုဇွန်တောင်ချောင်းဆိပ်ခံမှာ ဆိုက်ကပ်တဲ့ ငါးဖမ်းစက်လှေကိုလည်း ကျန်းမာရေးဦးစီးဌာနနဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ထောက်ခံချက်ကို စစ်ဆေးပြီး လှေလုပ်သားကိုလည်း ကုန်းပေါ်တက်ခွင့်ကို ပိတ်ခဲ့တယ်။ ရန်ကုန်မြို့ကိုဝင်တဲ့ ငါးဖမ်းစက်လှေနဲ့ ငါးပို့ဆောင်တဲ့ စက်လှေအားလုံးကို ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် အထူးကြပ်မတ် ဆောင်ရွက်နေပါတယ်” ဟု ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာယဉ်ယဉ်မိုးက ပြောသည်။ **သန်းထိုက်**

## CERP အစီအစဉ်အရ မြေပုံမြို့နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာသူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၁၂**

ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ် (COVID-19 Economic Relief Plan-CERP) အရ ရခိုင်ပြည်နယ်အတွင်းရှိ IDP/ တိုက်ပွဲရှောင်စခန်းများမှ နေရပ်စွန့်ခွာအိမ်ထောင်စုများကို စားသောက်ကုန်ငါးမျိုးဝယ်ယူရန် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ခြင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ CERP အစီအစဉ်အရ စားသောက်ကုန်ငါးမျိုးဝယ်ယူရန်အတွက် မြောက်ဦးခရိုင် မြေပုံမြို့နယ် တောင်ပေါ် IDP စခန်းရှိ အိမ်ထောင်စု ၆၄၂ စု လူဦးရေ ၂၈၁၆ ဦး၊ ကျီခေါင်းတောင်ကျေးရွာရှိ အိမ်ထောင်စု ၃၀ လူဦးရေ ၁၁၅ ဦး၊ တောင်ကြီးရင်းကျေးရွာရှိ အိမ်ထောင်စု ၆၁ စု လူဦးရေ ၂၄၃ ဦး၊ ရေရှင်ကျေးရွာရှိ အိမ်ထောင်စု ၇၉ စု လူဦးရေ ၂၅၆ ဦး၊ အငူကျေးရွာရှိ အိမ်ထောင်စု ၃၂ စု လူဦးရေ ၁၀၄ ဦး၊ အလယ်ပိုင်းရပ်ကွက် မြို့နယ်ခန်းမရှိ အိမ်ထောင်စု ၄၃ စု လူဦးရေ ၁၃၄ ဦး၊ ရက်ချောင်းကျေးရွာရှိ အိမ်ထောင်စု ၁၄၁ စု လူဦးရေ ၅၉၁ ဦး၊ သပြေတောကျေးရွာရှိ အိမ်ထောင်စု ၁၀ စု လူဦးရေ ၂၉ ဦး၊ ပြားသုန်းကျေးရွာရှိ အိမ်ထောင်စု ၄၀ လူဦးရေ ၁၉၃ ဦး၊ ပင်ကပ်တော်မော်ကျေးရွာရှိ အိမ်ထောင်စု ၉၆ စု လူဦးရေ ၃၄၃ ဦး၊ ဝိဇိတာရာမဘုန်းတော်ကြီးကျောင်းရှိ အိမ်ထောင်စု ၄၂ စု လူဦးရေ ၁၃၈ ဦး၊ ဈေးပိုင်းရပ်ကွက် မူလတန်းကျောင်းရှိ အိမ်ထောင်စု ၃၀ လူဦးရေ ၁၀၆ ဦး၊ ကမ်းထောင့်ကြီးမြို့ မြို့ဦးဆုတောင်းပြည့်ဓမ္မာရုံရှိ အိမ်ထောင်စု ၂၃၀ လူဦးရေ ၇၇၆ ဦး၊ ငန်းတောင်ကျေးရွာရှိ အိမ်ထောင်စု ၁၅ စု လူဦးရေ ၆၉ ဦး၊ ပေါက်တူးတောင်ကျေးရွာရှိ အိမ်ထောင်စု ၅၁ စု လူဦးရေ ၁၆၆ ဦး၊ စက်ခွေကျေးရွာရှိ အိမ်ထောင်စု ၁၃ စု လူဦးရေ ၄၈ ဦး၊ စုစုပေါင်း IDP စခန်း တစ်ခုနှင့် ယာယီတိုက်ပွဲရှောင်စုရပ် ၁၅ ခုရှိ အိမ်ထောင်စု ၁၅၅၅ စုတို့အတွက် ထောက်ပံ့ငွေစုစုပေါင်း ငွေကျပ် ၆၂၂၀၀၀၀၀ ကို မြောက်ဦးခရိုင် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက စက်တင်ဘာ ၁၀ ရက်တွင် မြေပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ထောက်ပံ့သည်။

ထောက်ပံ့ရန်ကျန်ရှိသည့် စစ်တွေ၊ ပေါက်တော၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ မင်းပြားနှင့် အမ်းမြို့နယ်များရှိ တိုက်ပွဲရှောင်နေရပ်စွန့်ခွာသူများအား ထောက်ပံ့ကူညီမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပရီမီယာလိဂ်ရာသီသစ်အဖွင့် အာဆင်နယ်တို့ တန်းတက် ဖူလ်ဟမ်ကို ဂိုးပြတ်အနိုင်ယူ

အင်္ဂလန်ပရီမီယာလိဂ် ၂၀၂၀-၂၁ ခုနှစ် ဘောလုံးရာသီ ပွဲစဉ်(၁)မှ ဖွင့်ပွဲ ပွဲစဉ်အဖြစ် ချန်ပီယံရှစ်မှ တန်းတက်လာသည့် ဖူလ်ဟမ်နှင့် အာဆင်နယ်တို့ စက်တင်ဘာ ၁၂ ရက် ညတွင် ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး-ဂိုးမရှိဖြင့် အာဆင်နယ်အသင်း ဂိုးပြတ်အနိုင်ရရှိခဲ့သည်။


ဖူလ်ဟမ်အသင်းသည် ၂၀၀၁ မှ ၂၀၁၄ ခုနှစ်ထိ ပရီမီယာလိဂ်အမှတ်ပေးပြိုင်ပွဲတွင် ယှဉ်ပြိုင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ရာသီမှ ၂၀၁၇-၂၀၁၈ ရာသီအထိ ချန်ပီယံရှစ်တွင် တန်းဆင်းခဲ့ရသည်။ ၂၀၁၈ - ၁၉ ရာသီတွင် ပရီမီယာလိဂ်သို့ ပြန်လည်တန်းတက်ခဲ့ပြီး တစ်နှစ်သာရပ်တည်နိုင်ခဲ့ရာ ယမန်နှစ်က ချန်ပီယံရှစ်တွင် တန်းပြန်ဆင်းခဲ့သည်။ ယခုနှစ်တွင် ပရီမီယာလိဂ်သို့ ပြန်လည် ရောက်ရှိခဲ့သည်။ အာဆင်နယ်အသင်းသည် ယမန်နှစ်ရာသီတွင် အဆင့်(၈)၌သာ ကျေနပ်ခဲ့ရသည်။ ယနေ့ပွဲ ပရီမီယာလိဂ်ပွဲစဉ်(၁)၌ တန်းတက်အသင်း အိမ်ရှင်ဖူလ်ဟမ်အသင်းသည် ၄-၂-၃-၁ ကစားကွက်ဖြင့် ကာမာရာကို အထောင်ထားပွဲထွက်ခဲ့၍ ဧည့်သည်အာဆင်နယ်သည် ၃-၄-၃ ပုံစံဖြင့် တိုက်စစ်ပိုင်းတွင် အူဘာမီယန်၊ လာကာဇတ်တီနှင့် ဝီလီယံတို့ ပွဲထွက်ခဲ့သည်။ ပထမပိုင်း ပွဲချိန် ၈ မိနစ်တွင် တိုက်စစ်မှူး လာကာဇတ်တီက အနီးကပ်ပိတ်သွင်းယူခဲ့သဖြင့် အာဆင်နယ်တို့ အဖွင့်ဂိုး ရရှိခဲ့သည်။ ဒုတိယပိုင်း ပွဲချိန် ၄၉ မိနစ်တွင် အာဆင်နယ်အသင်း ထောင့်ကန်ဘောမှ တစ်ဆင့် နောက်တန်းကစားသမား ဂါဘရီရယ်က ခေါင်းတိုက်သွင်းယူခဲ့ရာ ဒုတိယမြောက်ဂိုး ရရှိခဲ့သည်။ အာဆင်နယ်အတွက် တတိယဂိုးကို ပွဲချိန် ၅၇ မိနစ်တွင် ဝီလီယံ ဖန်တီးမှုမှ တစ်ဆင့် အူဘာမီယန်က သွင်းယူခဲ့သည်။ ဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိခဲ့သည့် အာဆင်နယ်က ဂိုးကန်သွင်းခွင့် ၁၃ ကြိမ်အနက် ခြောက်ကြိမ် ဂိုးပေါက် ခြိမ်းခြောက် နိုင်ခဲ့သည်။ အိမ်ရှင် ဖူလ်ဟမ်သည် ငါးကြိမ်သာကန်သွင်း ခွင့်ရခဲ့၍ နှစ်ကြိမ်ဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့သည်။



အခြားပွဲစဉ် ခရစ္စတယ်ပဲလေ့စ်နှင့်ဆောက်သမ်တန်ပွဲတွင် ပဲလေ့စ်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။

ပရီမီယာလိဂ် ပွဲစဉ်(၁)မှ တနင်္ဂနွေညတွင် ယှဉ်ပြိုင်မည့် ပွဲစဉ်များမှာ ည ၇ နာရီခွဲတွင် ဝက်စ်ဘရွန်းနှင့် လက်စတာ၊ ည ၁၀ နာရီတွင် စပါးနှင့် အဲဗာတန်တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**သီဟ**



❊ *ကျောဖုံးမှ*

ဖော်ပြထားသည်။ အဆိုပါ နည်းပြနှင့် ဝုဖ်အသင်းတို့ ချုပ်ဆိုထားသောစာချုပ်သက်တမ်းမှာ တစ်နှစ်ကျန်ရှိနေသေးသော်လည်း ဝုဖ်အသင်းက ဆန်တိုကို အသင်းတွင် ဆက်လက်ရှိစေရန်အလို့ငှာ သက်တမ်းတိုးစာချုပ် ချုပ်ဆိုလိုနေခြင်းဖြစ်သည်။

### ယူရိုပါလိဂ် ကွာတားဖိုင်နယ်ရောက်ခဲ့

အသက် ၄၆ နှစ်အရွယ်ရှိ ပေါ်တူဂီလူမျိုး နည်းပြဆန်တိုသည် ၂၀၁၇ ခုနှစ်တွင် ပေါ်တိုအသင်းမှ ဝုဖ်အသင်းသို့ ရောက်ရှိလာသူဖြစ်ကာ ဝုဖ်အသင်းကို ၁၅၇ ပွဲတာဝန်ယူကိုင်တွယ်ထားရာတွင် ၈၁ ပွဲအနိုင်ရရှိထားပြီး ပွဲ ၄၀ သရေကျထားကာ ၃၆ ပွဲရှုံးနိမ့်ထားသည့်အတွက် အနိုင်ရရှိမှုရာခိုင်နှုန်းမှာ ၅၁ ဒသမ ၅၉ ရာခိုင်နှုန်းရှိကြောင်း မှတ်တမ်းများအရ သိရသည်။ ၎င်းတာဝန်ယူကိုင်တွယ်သည့် သုံးနှစ်တာကာလအတွင်း ပြီးခဲ့သည့်ရာသီက နှစ်ပေါင်း ၅၀ နီးပါးအကြာတွင် ဝုဖ်အသင်းကို ယူရိုပါလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ရောက်ရှိအောင် ကူညီပေးထားနိုင်သူဖြစ်သည်။

ထို့အပြင် ၂၀၁၉-၂၀၂၀ ဘောလုံးရာသီ ပရီမီယာလိဂ်ရာသီပိတ်သိမ်းချိန်တွင်လည်း ဝုဖ်အသင်းကို အမှတ်ပေးဇယား အဆင့် (၇) နေရာတွင် ရပ်တည်နိုင်အောင် ကူညီပေးထားနိုင်သူဖြစ်သည်။ ၎င်း၏ ဝုဖ်အသင်းသည် ၂၀၂၀-၂၁ ပရီမီယာလိဂ်ပွဲစဉ် (၁) အဖြစ် စက်တင်ဘာ ၁၄ ရက် ည ၁၁ နာရီခွဲတွင် ရှက်ဖီးအသင်းနှင့် ရင်ဆိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

# စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ပမာဏများပြားသော မူးယစ်ဆေးဝါးများဖမ်းဆီးရမိပြီး ပစ်ခတ်ဖမ်းဆီးရသည့် အခြေအနေများရှိခဲ့

**နေပြည်တော် စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ပမာဏများပြားသော မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိပြီး ပစ်ခတ်ဖမ်းဆီးရသည့် အခြေအနေများရှိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဖြစ်စဉ်မှာ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၁ ရက် နံနက် ၁၁ နာရီက သံဖြူဇရပ်မြို့နယ် ရေး-သံဖြူဇရပ်ကားလမ်း သင်္ကဲ့ကျေးရွာအနီးတွင် ဟွန်ဒါဖစ်အမျိုးအစားမော်တော်ယာဉ်အား စစ်ဆေးရန် တားဆီးရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသောကြောင့် သေနတ်ဖြင့် ပစ်ခတ်တားဆီးရာ ယာဉ်ဘီးများ ကျည်ဆန်ထိမှန်ပြီး ရပ်တန့်သွားခဲ့ကြောင်း၊ ထို့နောက် စစ်ဆေးရာ ခန့်ဇော်ကို၊ ရဲထက်လွင်နှင့် ညီမွန်ဦးတို့ သုံးဦးအား အိုက်စ် ၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၄၀ (တန်ဖိုးငွေကျပ် ၃၈၄၂ သိန်း) တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းတို့မူးယစ်ဆေးဝါး စတင်ယူဆောင်ခဲ့သည့် ကရင်ပြည်နယ် ဘုရားသုံးဆူမြို့ အမှတ်(၃)ရပ်ကွက် ရတနာသိခ်လမ်းနေ အေးဝင်းနိုင် (ခ) ဝတုတ်၏ နေအိမ်ကို ၎င်းနေ့ ညနေပိုင်းက ရှာဖွေရာ အိမ်အတွင်းရှိ မြေအောက်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၄၃၄၀၀၊ ဘိန်းဖြူ ၁၀၈ ဒသမ ၁၅ ကီလိုခန့်၊ ကတ်တမင်း ၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား အကြေမှုန့် ၀ ဒသမ ၄၅ ကီလို (တန်ဖိုးငွေကျပ် ၁၀၀၈၅၅ သိန်း)ကို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ ကွင်းဆက်အရ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများမှာ ဩဂုတ် ၁၉ ရက်က ဝေါလေမြို့ ဝေါလေ-မြဝတီသွား ကားလမ်း သဲဖြူချောင်းကျေးရွာအနီးတွင် အိုက်စ် ၁၅၉၈ ကီလို၊ ဘိန်းဖြူ ၁၃၇ ဒသမ ၆၅ ကီလိုနှင့် မော်လမြိုင်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၀၀၀ ဖမ်းဆီးရမိခဲ့သည့် မြဝတီမြို့မရဲစခန်း၏ အမှုမှ ဖမ်းမိမူးယစ်ဆေးဝါးပိုင်ရှင် အောင်ကျော်လတ်(ခ)မောင်လတ် က ထိုင်းဘတ်ငွေ ၁၃၀၀၀၀ ပေး၍ ၎င်း၏ နေအိမ်တွင် သိမ်းဆည်းခိုင်းထားသော ပစ္စည်းများဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ခန့်ဇော်ကို(ခ)ခန့်ကို(ခ)ဘယ်ကျော်၊ ရဲထက်လွင်၊ ညီမွန်ဦး(ခ)ညီညီ၊ အေးဝင်းနိုင် (ခ)ဝတုတ်၊ အောင်ကျော်လတ် (ခ) မောင်လတ်တို့အား အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။


ခန့်ဇော်ကို(ခ)ခန့်ကို(ခ)ဘယ်ကျော်၊ ရဲထက်လွင်၊ ညီမွန်ဦး(ခ)ညီညီ၊ အေးဝင်းနိုင်(ခ)ဝတုတ် တို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အလားတူ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၁ ရက် ည ၁၀ နာရီခန့်က စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်၊ ပင်လည်ဘူး - ဖောင်းပြင်သွားလမ်း၊ ဝါးဘိုးချောင်းရွာအနီးတွင် သတင်းအရ ဇင်မင်းထွေးမောင်းနှင်ပြီး အိုက်လောင်လိုက်ပါလာသည့် ဟီးနိုးဒပ်နိုဗင်အမျိုးအစား ကွန်တိန်နာယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းမော်တော်ယာဉ်ကြမ်းခင်း အံ့ဝှက်အတွင်းမှ ဘိန်းဖြူ ၉ ဒသမ ၄၅ ကီလို (တန်ဖိုးငွေကျပ်သိန်း ၇၅၆၀) သိမ်းဆည်းရမိခဲ့ပြီး စိစစ်ချက်အရ ၎င်းတို့ မူးယစ်ဆေးဝါးများ စတင်ယူဆောင်လာသည့် သီပေါမြို့နယ် စံလောင်းကျေးရွာရှိ ကိုသီဟအား ဆက်လက် ဖမ်းဆီးရမိခဲ့သဖြင့် ဇင်မင်းထွေး၊ အိုက်လောင်နှင့် သီဟတို့အား အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၂ ရက် နံနက် ၄ နာရီက ဖောင်းပြင်မြို့နယ် ဖောင်းပြင်-ဗန်းမောက်ကားလမ်း မြောက်လွင်ကျေးရွာအနီးတွင် အမျိုးသားတစ်ဦး မောင်းနှင်လာသည့် CYGNUS အမျိုးအစား မော်တော်ယာဉ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် လမ်းပိတ်ဆို့ရပ်ထားသည့် စစ်ဆေးရေးအဖွဲ့၏ ဆိုင်ကယ် သုံးစီးအား ယာဉ်ဖြင့် တိုက်ကာ မောင်းနှင်ထွက်ပြေးသဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရာ မော်တော်ယာဉ်၏ နောက်ဘီးများကို ကျည်ဆန်ထိမှန်ပြီး တစ်ဖာလုံခန့်အကွာ လမ်း၏ ယာဘက်ဘေးသို့ ယာဉ်ထိုးကျတိမ်းမှောက်သွားခဲ့ကြောင်း၊ ယာဉ်မောင်းမှာ ခုန်ချထွက်ပြေး တိမ်းရှောင်သွားပြီး မော်တော်ယာဉ်နောက်ခန်းအတွင်းရှိ ဆာလာအိတ်များအတွင်းမှ ဘိန်းဖြူ ၉ ဒသမ ၅၇ ကီလို(တန်ဖိုးငွေကျပ်သိန်း ၉၅၇၀) သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်းနှင့် ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **သတင်းစဉ်**

## ညောင်ရွှေ၊ လားရှိုးနှင့် ရွာငံမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီက သတင်းအရ ညောင်ရွှေမြို့နယ် မိုင်းပျိုးကျေးရွာအုပ်စု မိုင်းပျိုး(တောင်) ကျေးရွာအနီးရှိ ဘုရားကျိန်းကျောင်းစက်လှေဆိပ်တွင် နိုင်လင်း(ခ)ရွှေတိုး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ ရေပူကျေးရွာအုပ်စု လွယ်နွဲ့ကျေးရွာရှိ နိုင်လင်း (ခ) ရွှေတိုး၏ နေအိမ်သို့ သွားရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ထပ်မံသိမ်းဆည်းရမိခဲ့သည်။


စိုင်းစိန်အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့ နံနက် ၉ နာရီက နမ့်ပေါင်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် လားရှိုးမြို့နယ် နမ့်ပေါင်ကျေးရွာအုပ်စု နမ့်ပေါင်ကျေးရွာနေ မအေးငွေ၏ နေအိမ်သို့ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ကိုလည်းကောင်း။

ထို့အတူ စက်တင်ဘာ ၁၁ ရက် ညနေ ၆ နာရီခွဲက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ရွာငံမြို့နယ် ယုံတောင်ကျေးရွာအနီး ရွာငံ-ကျောက်ဆည်သွား ကားလမ်းတွင် စိုင်းစိန် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ယင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ဒဂုံမြို့သစ် လေးမြို့နယ်အတွင်း ဆိုင်ကယ် ၁၂ စီးခိုးမှု ကျူးလွန်သူတစ်ဦးကို ဖမ်းဆီးရမိ

**ရန်ကုန် စက်တင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်နှင့်အညီ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၄ ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်အတွင်း ခိုး၊ ဆိုး၊ လု၊ နှိုက်သတင်းများ စုံစမ်းဆောင်ရွက်နေစဉ် ဆိုင်ကယ်ခိုးမှုများကျူးလွန်ထားကြောင်း ကြိုတင်သတင်းရရှိထားသူ ဒဂုံမြို့သစ် (တောင်ပိုင်းမြို့နယ်) (၂၃) ရပ်ကွက် ညီညွတ်ရေးလမ်း အမှတ်-၁၄၅ နေ နေမျိုးနိုင် (ခ) ကတုံးကို ကန်ဘိုအမျိုးအစား CZI-125 ဆိုင်ကယ် တစ်စီးနှင့်အတူ တွေ့ရှိစစ်ဆေးရာ အဆိုပါဆိုင်ကယ်နှင့် ပတ်သက်၍ ၎င်း ပိုင်ဆိုင်ကြောင်း တစ်စုံတစ်ရာပြောဆိုပြသနိုင်မှုမရှိသဖြင့် ဖမ်းဆီးခဲ့သည်။

ဖမ်းဆီးရမိသူ နေမျိုးနိုင်(ခ)ကတုံးကို အခြားပြစ်မှုများကျူးလွန်ခဲ့ခြင်း ရှိ/မရှိ အသေးစိတ်တိုက်ဆိုင်စစ်ဆေးခဲ့ရာ ၎င်းသည် ၂၀၂၀ ပြည့်နှစ် မေလမှ ဩဂုတ်လအထိ ဒဂုံမြို့သစ်(တောင်ပိုင်းမြို့နယ်)၊ ဒဂုံမြို့သစ် (မြောက်ပိုင်းမြို့နယ်)၊ ဒဂုံမြို့သစ် (အရှေ့ပိုင်းမြို့နယ်) နှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်တို့အတွင်း လှည့်လည်သွားလာ၍ လမ်းဘေး၌ရပ်ထားသော ဆိုင်ကယ်အမျိုးမျိုး ၁၂ စီးကို ခိုးယူခဲ့ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်ခဲ့သည်။



စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှသက်သေခံပစ္စည်း ဆိုင်ကယ် ၁၂ စီးကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ခိုးမှုကျူးလွန်သူ နေမျိုးနိုင်(ခ)ကတုံးကို ဥပဒေနှင့် အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရဲပြန်ကြား**

## ရွှေဘိုမြို့တွင် ညမထွက်ရအမိန့် ဖောက်ဖျက်ကျူးလွန်သူ ၂၀ အား ဖမ်းဆီးရမိ

**ရွှေဘို စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ယနေ့ နံနက်ပိုင်းက ညမထွက်ရအမိန့် ဖောက်ဖျက်ကျူးလွန်သူ ၂၀ အား ဖမ်းဆီးရမိခဲ့ကြောင်း ရွှေဘိုမြို့မရဲစခန်းမှူး ဒုတိယရဲမှူး သိန်းဆန်းဦး ထံမှ သိရသည်။

ဖြစ်စဉ်မှာ ရွှေဘိုမြို့တွင် ယနေ့ နံနက် (၀၀ : ၁၅ ) နာရီမှ နံနက် ၂ နာရီထိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး သိန်းဆန်းဦး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ မြို့ပေါ် ၁၀ ရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှေဘိုမြို့ပေါ် ၁၀ ရပ်ကွက်အတွင်း လုံခြုံရေးလှည့်ကင်းဆောင်ရွက်စဉ် ဇော်မင်းသန်း အမှတ်(၇) ရပ်ကွက် ရွှေဘိုမြို့နေသူအပါအဝင် အမျိုးသား ၁၉ ဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ၂၀ တို့ကို ခိုင်လုံသောအကြောင်းအရာ တစ်စုံတစ်ရာဖြေဆိုနိုင်ခြင်းမရှိဘဲ ရွှေဘိုမြို့ပေါ်အတွင်း ည ၁၂ နာရီမှ နံနက် ၄ နာရီအတွင်း အကြောင်းမဲ့သွားလာနေသည်ကို စစ်ဆေးတွေ့ရှိခဲ့သည်။

အဆိုပါ ညမထွက်ရအမိန့် လိုက်နာခြင်းမရှိသူ ဇော်မင်းသန်း (၂၅ နှစ်) အပါအဝင် ၂၀ အား စက်တင်ဘာ ၁၄ ရက်က ရာဇသတ်ကြီးဥပဒေပုဒ်မ - ၁၈၈ ဖြင့် ရွှေဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ရွှေဘိုမြို့နယ် တရားရုံးသို့ ဦးတိုက်လျှောက်ထား တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သိရသည်။ **မိုးသောက်(ရွှေဘို)**



# အစ္စရေးနှင့် ဘာရိန်းနိုင်ငံတို့ ပုံမှန်ဆက်ဆံရေး ထူထောင်သွားမည်

**မနားမား စက်တင်ဘာ ၁၂**

ဘာရိန်းနိုင်ငံသည် အစ္စရေးနိုင်ငံနှင့် ပုံမှန်ဆက်ဆံရေး ထူထောင်သွားရန် သဘောတူလိုက်ပြီဟု သိရသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် ဘာရိန်းဘုရင် ဟာမတ်ဘင်အီဆာအယ်ခါလစ်ဖာနှင့် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုတို့နှင့် တယ်လီဖုန်းဖြင့် ပြောကြားပြီးနောက် စက်တင်ဘာ ၁၁ ရက်တွင် ယခုလို ကြေညာမှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပူးတွဲ ကြေညာချက်တွင် အရှေ့အလယ်ပိုင်း ဒေသတွင်း နောက်ထပ်သမိုင်းဝင်ငြိမ်းချမ်းရေးသဘောတူညီမှုဖြစ်သည်ဟု ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ အစ္စရေးနှင့် ယူအေအီးနိုင်ငံတို့ကြား ပုံမှန်ဆက်ဆံရေးထူထောင်ရန် လွန်ခဲ့သည့်လက သဘောတူခဲ့ပြီးနောက် ယခုဘာရိန်းနိုင်ငံကလည်း အစ္စရေးနှင့်ပုံမှန်ဆက်ဆံရေးထူထောင်ရန် သဘောတူခဲ့ခြင်းဖြစ်သည်။

အစ္စရေးနိုင်ငံနှင့် ပထမဆုံး ငြိမ်းချမ်းရေးစာချုပ်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည့်နိုင်ငံမှာ အီဂျစ်နိုင်ငံဖြစ်ပြီး ၁၉၇၉ ခုနှစ်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဂျော်ဒန်နိုင်ငံနှင့် ၁၉၉၄ခုနှစ်တွင် ငြိမ်းချမ်းရေးသဘောတူညီမှုရရှိခဲ့သည်။

နေတန်ယာဟု၏ ဗီဒီယိုမိန့်ခွန်းတွင်ဒုတိယမြောက် အာရပ်နိုင်ငံနှင့် ငြိမ်းချမ်းရေးသဘောတူညီမှုရရှိရန် ၂၆နှစ် အချိန်ယူခဲ့ရကြောင်း သို့သော်လည်း တတိယမြောက်နှင့် စတုတ္ထမြောက် အာရပ်နိုင်ငံများနှင့် ငြိမ်းချမ်းရေး ရရှိရန်မှု ၂၉ ရက်သာ ကြာမြင့်ခဲ့ကြောင်း နောက်ထပ်အာရပ်နိုင်ငံများနှင့်လည်း ငြိမ်းချမ်းရေးသဘောတူညီမှုရရှိရန် အလားအလာရှိကြောင်း ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**



အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် ဘာရိန်းဘုရင် ဟာမတ်ဘင်အီဆာအယ်ခါလစ်ဖာ။

# အာဖဂန်အစိုးရနှင့် တာလီဘန်တို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးကို မျှော်လင့်ထားကြ

**ကဘူးလ် စက်တင်ဘာ ၁၂**

အာဖဂနစ္စတန် အစိုးရဘက်မှ ညှိနှိုင်းရေးအဖွဲ့သည် တာလီဘန်များနှင့် တိုက်ရိုက်ဆွေးနွေးမှု ပြုလုပ်နိုင်ရေး စက်တင်ဘာ ၁၁ ရက်က ကာတာနိုင်ငံ ဒိုဟာမြို့သို့ သွားရောက်ခဲ့ကြပြီး စက်တင်ဘာ ၁၂ ရက်တွင် ဆွေးနွေးပွဲ စတင်ပြီဖြစ်သည်။

တာလီဘန်နှင့် အာဖဂန်အစိုးရတို့အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲမှ တစ်ဆင့် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးရရှိမည်ဟု မျှော်လင့်ချက်များထွက်ပေါ်လျက်ရှိသည်။

အစိုးရဘက်မှ ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့ ဒိုဟာမြို့သို့ သွားရောက်ကာ ငြိမ်းချမ်းရေးဆွေးနွေးပွဲစတင်မည်ကို သိရသည့်အတွက် ဝမ်းသာမိသည်ဟု အသက် ၄၁ နှစ်အရွယ် ကဘူးလ် ဒေသခံတစ်ဦးဖြစ်သူ ကာရီမူလာခန်က ဆင်ဟွာသို့ ပြောသည်။ ကာလရှည်ကြာ ပြည်တွင်းစစ်ကြောင့် ၎င်း၏မိသားစုဘဝနှင့် ဆွေမျိုး မိသားစုများ၏ဘဝပျက်စီးခဲ့ရသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကာလရှည်ကြာ စောင့်ဆိုင်းခဲ့ရသည့် အာဖဂန်ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဒိုဟာမြို့တွင် အခမ်းအနားဖြင့် ပြုလုပ်ရန် စီစဉ်ထားပြီး အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို၊ ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီး ဆာရှ်မာမွတ် ကူရီးရှီ၊ ကာတာနိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများ အပါအဝင် တခြားသောနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများလည်း တက်ရောက်ရန် စီစဉ်ထားသည်။

ကာလရှည်ကြာ ပြည်တွင်းစစ်ကို အဆုံးသတ်နိုင်ရေးအတွက် အစိုးရဘက်မှ အဖွဲ့ဝင် ၂၁ ဦး ပါဝင်သည့်အဖွဲ့ကို အာဖဂန်ထောက်လှမ်းရေး အရာရှိဟောင်း မိုဟာမက်မက်ဆွန် စတာနက်ဇီက ဦးဆောင်ကာ ဒိုဟာမြို့သို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**



အာဖဂန်အမျိုးသားပြန်လည်သင့်မြတ်ရေးကောင်စီဥက္ကဋ္ဌအဗ္ဗဒူလာ အဗ္ဗဒူလာသတင်းထောက်များနှင့်တွေ့ဆုံစဉ်။

# ကွန်ဂိုဒီမိုကရက်တစ်နိုင်ငံ၌ မိုင်းတွင်း မြေပြိုကျမှုကြောင့် လူ ၅၀ ထက်မနည်းသေဆုံး

**ဘူကဗူ စက်တင်ဘာ ၁၂**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ ကီဗူပြည်နယ် ကာမီတူဂါမြို့ရှိ မိုင်းတွင်းတစ်တွင်း စက်တင်ဘာ ၁၁ ရက် ညနေပိုင်းက မြေပြိုကျမှုကြောင့် လူ ၅၀ ထက် မနည်းသေဆုံးခဲ့သည်ဟု ပြည်နယ်အစိုးရက စက်တင်ဘာ ၁၂ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

သေဆုံးသွားသူအများစုမှာ လူငယ်များဖြစ်ကြပြီး ကလေးငယ်များလည်း ပါဝင်သည်ဟု အုပ်ချုပ်ရေးမှူး သီယိုနာ့ဝဘ်ဘီကျီကာဆီက သတင်းထုတ်ပြန်ခဲ့သည်။ ရှာဖွေကယ်ဆယ်မှုများပြုလုပ်နေပြီး အကူအညီများလည်း ပေးလျက်ရှိကြောင်း သိရသည်။ မြေပြိုမှုဖြစ်ပွားရခြင်း၏အကြောင်းအရင်းကိုမူ မသိရသေးပေ။ တောင်ပိုင်း ကီဗူပြည်နယ်တွင် နှစ်စဉ်နှစ်တိုင်း မြေပြိုမှုဖြစ်ပွားလေ့ရှိသည်။

**ဆင်ဟွာ**

# ဟူသီများ၏ စစ်ဘက်ဆိုင်ရာနေရာကို ဆော်ဒီ ဦးဆောင်သည့် မဟာမိတ်များက လေကြောင်းတိုက်ခိုက်မှုပြုလုပ်

**ဆာနား စက်တင်ဘာ ၁၂**

ယီမင်နိုင်ငံရှိ ဟူသီများ ထိန်းချုပ်ထားသည့် ဆာနားမြို့ကို ဆော်ဒီဦးဆောင်သည့် မဟာမိတ်စစ်လေယာဉ်များက စက်တင်ဘာ ၁၂ ရက် အစောပိုင်းတွင် တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်ဟု ဒေသခံများနှင့် ဟူသီတို့က ပြောသည်။

ဆာနားမြို့ အရှေ့ပိုင်းရှိ စစ်အင်ဂျင်နီယာတပ်ဖွဲ့ ရှိသည့်နေရာကို ပစ်မှတ်ထားကာ လေကြောင်းမှ တိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အရပ်သားများ ထိခိုက်မှုမရှိဟု ဆာနားဒေသခံများက ပြောသည်။

ယခုသီတင်းပတ် အစောပိုင်းကတည်းက ဟူသီသူပုန်စစ်သွေးကြွများသည် ဆော်ဒီအာရေဗျနိုင်ငံဘက်သို့ ဒုံးကျည်များ ပစ်ခတ်ခြင်းနှင့် ဒရုန်းဖြင့် တိုက်ခိုက်ခြင်းများ အဆက်မပြတ်ပြုလုပ်ခဲ့ကြပြီးနောက် ယခုလို ဆော်ဒီဦးဆောင်သည့် မဟာမိတ်တို့၏ တိုက်ခိုက်မှု ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ဟူသီများဘက်မှ ဒုံးကျည်များဖြင့် ပစ်ခတ်မှုအားလုံးကို ကြားဖြတ် ဟန့်တားနိုင်ခဲ့သည်ဟု ဆော်ဒီ ဦးဆောင်သည့် မဟာမိတ်တို့ဘက်က ပြောသည်။

ယီမင်နိုင်ငံသည် ၂၀၁၄ ခုနှစ်မှစတင်ကာ ပြည်တွင်းစစ်အတွင်း ကျရောက်ခဲ့ပြီး အီရန်ကျောထောက်နောက်ခံပြုထားသည့် ဟူသီများသည် ယီမင်နိုင်ငံ မြောက်ပိုင်း နေရာအတော်များများကို သိမ်းပိုက်နိုင်ခဲ့သည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာက အသိအမှတ်ပြုထားသည့် သမ္မတ မန်ဆောဟာဒီ၏ အစိုးရအဖွဲ့ကို မြို့တော်ဆာနားမှ မောင်းထုတ်နိုင်ခဲ့သည်။

ဆော်ဒီဦးဆောင်သည့် မဟာမိတ်တပ်ဖွဲ့သည် ၂၀၁၅ ခုနှစ်မှ စတင်ကာ ယီမင်ပြည်တွင်းစစ်အတွင်း သို့ပါဝင်ခဲ့ပြီး သမ္မတ မန်ဆောဟာဒီ၏ အစိုးရအဖွဲ့ကို ထောက်ခံခဲ့သည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့ အကြား ကာလတိုစီးပွားရေးဆိုင်ရာ ခရီးသွားလာမှုကို ခွင့်ပြုမည်

တိုကျို စက်တင်ဘာ ၁၂

**ဂျပန်နှင့်စင်ကာပူနိုင်ငံတို့သည် နှစ်နိုင်ငံစလုံးမှ စီးပွားရေးလုပ်ငန်းရှင်များအတွက် ကာလတိုခရီးသွားလာမှုကို ခွင့်ပြုပေးရန် သဘောတူခဲ့ကြပြီး တစ်စုံတစ်ခုသော အခြေအနေအောက်တွင် ၎င်းတို့အား ၁၄ ရက် အသွားအလာကန့်သတ်စောင့်ကြည့်မှုမှာ ကင်းလွတ်ခွင့်ရမည်ဖြစ်သည်။**

အဆိုပါ စီးပွားရေးလမ်းကြောင်း အစီအစဉ်ကို စက်တင်ဘာ ၁၈ ရက်တွင် စတင်မည်ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတီဂီတိုရှီမတ်ဆုက စက်တင်ဘာ ၁၁ ရက်တွင် ကြေညာခဲ့သည်။


ခရီးသွားများသည် ၎င်းတို့၏ ခရီးစဉ်ကို ဖော်ပြရမည်ဖြစ်သည်။ ဂျပန်နိုင်ငံသည် အရှေ့တောင်အာရှ ခြောက်နိုင်ငံမှ ကာလရှည်ကြာ ခရီးသွား စီးပွားရေးလုပ်ငန်းရှင်များအား ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များ ဖြေလျှော့ပေးရန် သဘောတူထားခဲ့ပြီးဖြစ်သည်။

ယခုတစ်ကြိမ်သည် ကာလတိုလာရောက်မည့် စီးပွားရေးလုပ်ငန်းရှင်များနှင့်ပတ်သက်ပြီး စီးပွားရေးလမ်းကြောင်းအစီအစဉ်ကို ပထမဆုံးအကြိမ်အဖြစ် အကောင်အထည်ဖော်မည်ဟု မိုတီဂီက သတင်းထောက်များကို ပြောသည်။

တခြားသော တိုင်းပြည်များနှင့် နယ်မြေများကိုလည်း အဆိုပါအစီအစဉ်တွင် ပါဝင်နိုင်မည်ဟုလည်း မျှော်လင့်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သည် ကာလရှည်ကြာလာရောက်မည့် စီးပွားရေးသမားများအတွက်လည်း သက်သာခွင့်များထားရှိပေးနိုင်ရေး စီစဉ်လျက်ရှိသည်ဟုလည်း ၎င်းကဆက်လက်ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**



ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတီဂီတိုရှီမတ်ဆုနှင့် စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဗီဗီယန်ဘာလာခရစ်ရှ်နန်တို့ ဩဂုတ် ၁၃ ရက်က စင်ကာပူနိုင်ငံတွင် တွေ့ဆုံခဲ့ကြစဉ်။

# ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၃၀၀၀၀ ကျော်လာ

ဆော်ပိုလို စက်တင်ဘာ ၁၂

**ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်း ၁၃၀၀၀၀ ကျော်ရှိလာကြောင်းနှင့် လွန်ခဲ့သော ၂၄ နာရီအတွင်း သေဆုံးသူ ၈၇၄ ဦး အပါအဝင် စုစုပေါင်း ၁၃၀၃၉၆ ဦးအထိရောက်ရှိလာကြောင်း အစိုးရက စက်တင်ဘာ ၁၁ ရက်တွင် ပြောကြားလိုက်သည်။**

အလားတူ ကိုဗစ်-၁၉ ထပ်မံဖြစ်ပွားသူ ၄၃၇၁၈ ဦး ရှိကြောင်းဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ဖြစ်ပွားသူ ၄၂၈၂၁၆၄ ဦး ရှိလာကြောင်း သိရသည်။

ဘရာဇီးနိုင်ငံ ဆော်ပိုလိုမြို့သည် ကိုဗစ်-၁၉ ဒဏ်ကို အဆိုးဆုံးခံစားခဲ့ရသည့် မြို့ဖြစ်ပြီး ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၈၈၂၈၀၉ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ သေဆုံးသူ ၃၂၃၃၈ ဦးရှိကြောင်း သိရသည်။

ထို့နောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ဖြစ်ပွားမှု ဒုတိယအများဆုံးမြို့မှာ ရီယိုဒီဂျနေးရိုးဖြစ်ပြီး ကိုဗစ်- ၁၉ အတည်ပြုလူနာပေါင်း ၂၄၀၄၅၃ ဦးရှိကာ သေဆုံးသူ ၁၆၈၈၃ ဦး ရှိကြောင်း သိရသည်။

လက်တင်အမေရိကတွင် ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်မှုအများဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်သည်။

ဆင်ဟွာ



ကိုဗစ်-၁၉ ရောဂါခံစားနေရသူတစ်ဦးကို ဆရာဝန်များ ကျန်းမာရေးကြည့်ရှုစစ်ဆေးနေစဉ်။

# ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိတွင် သုံးထပ်တိုက်မီးလောင်မှုဖြစ်ပွားရာ လူလေးဦးသေဆုံး

**ကရာချိ စက်တင်ဘာ ၁၂**

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သည့် ကရာချိတွင် စက်တင်ဘာ ၁၂ ရက်က သုံးထပ်တိုက်တစ်လုံး မီးလောင်မှု ဖြစ်ပွားခဲ့ရာ လူလေးဦးသေဆုံးခဲ့ပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကယ်ဆယ်ရေးအသင်းများက ပြောသည်။

အဆိုပါမီးလောင်မှုသည် လူဦးရေထူထပ်သောမြို့ရှိ အဆောက်အအုံ၏ ပထမထပ်တွင် ဖြစ်ပွားခြင်း ဖြစ်ကြောင်း၊ ကရာချိအခြေစိုက်အစိုးရမဟုတ်သော အရပ်ဘက်အဖွဲ့အစည်းမှ ကယ်ဆယ်ရေးအလုပ်သမားတစ်ဦးဖြစ်သူ ဆယ်လ်မန် ကူရက်ရှီက ပြောသည်။

မီးလောင်မှုသည် စက်တင်ဘာ ၁၂ ရက် အစောပိုင်းကဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းနှင့် ကယ်ဆယ်လုပ်ငန်းများသည် ကားလမ်းရှုပ်ထွေးမှုကြောင့် အနည်းငယ် နှောင့်နှေးကြန့်ကြာခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ အဆောက်အအုံတွင် မိသားစုလေးစု နေထိုင်လျက်ရှိသည်။ ပထမထပ်တွင် နေထိုင်သူများသည် မီးလောင်မှုဒဏ်ကို အဆိုးရွားဆုံး ခံစားခဲ့ရကြောင်း၊ တခြားအခန်းများတွင် နေထိုင်ကြသူများအား ကယ်ဆယ်ရေး လုပ်သားများက ကယ်ဆယ်နိုင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ဒဏ်ရာရရှိခဲ့သူများကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး မီးလောင်မှုကြောင့် သုံးထပ်မှ ခုန်ဆင်းခဲ့သူတစ်ဦးမှာ ဒဏ်ရာပြင်းထန်လျက်ရှိကြောင်း ကယ်ဆယ်ရေးလုပ်သားများက ပြောသည်။

ဆင်ဟွာ



မီးလောင်နေသည့် လူနေအဆောက်အအုံကို အဝေးမှ လှမ်းမြင်ရစဉ်။

# မိုးသည်းထန်စွာရွာမှု ဂျပန်နိုင်ငံအနှံ့အပြားတွင်ဖြစ်နေရာ မိုးပိုလာမည့်အခြေအနေအပေါ် စိုးရိမ်လျက်ရှိ

**တိုကျို စက်တင်ဘာ ၁၂**

မိုးသည်းထန်စွာ ရွာမှုများသည် ဂျပန်နိုင်ငံအစိတ်အပိုင်းအတော်များများတွင် ဖြစ်ပွားလျက်ရှိကာ ဂျပန်ပြည်သူများ မိုးပိုလာမည့်အခြေအနေအပေါ် စိုးရိမ်လျက်ရှိကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဂျပန်နိုင်ငံတွင် လေစိုင်ဆုံများ ရှိနေသေးပြီး နိုင်ငံတောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း ဆက်လက်ရှိနေသေးကြောင်း၊ လေထုဖိအားသည် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ဆက်လက်ပြီး တည်ငြိမ်မှုရှိဦးမည် မဟုတ်သေးကြောင်း ဂျပန်မိုးလေဝသဌာနက ပြောသည်။

ဂျပန်မိုးလေဝသဌာနက နိုင်ငံအတွင်း စက်တင်ဘာ ၁၁ ရက် ညမှ ၁၂ ရက်နံနက်အထိ တစ်နာရီစံချိန်တင် ရွာသွန်းမည့် မိုးရေချိန်လက်မကို သတိထားရန် ထုတ်ပြန်ခဲ့သည်။

ဂျပန်နိုင်ငံအနောက်တောင်ပိုင်း ကာဂိုရှီးမားခရိုင် မီနာမီအိုဆူမိမြို့တွင် စက်တင်ဘာ ၁၂ ရက် နံနက် ၁၁ နာရီအချိန်အတွင်း တစ်နာရီစာ ရွာသွန်းခဲ့သော မိုးရေချိန်လက်မသည် ၃၀ မီလီမီတာအထိရှိကြောင်း အရာရှိများက ပြောသည်။

မိုးသက် မုန်တိုင်းများသည် စက်တင်ဘာ ၁၂ ရက် ညပိုင်းအထိ ဂျပန်နိုင်ငံ အနောက်ပိုင်းတွင်ကျရောက်နိုင်ကြောင်းနှင့် စက်တင်ဘာ ၁၃ ရက်တွင် အရှေ့ပိုင်းနှင့် မြောက်ပိုင်းတို့တွင် ကျရောက်နိုင်ကြောင်း သိရသည်။

စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းအထိ ၂၄ နာရီအတွင်း ရွာခဲ့သော မိုးရေချိန်သည် ၁၀၀ မီလီမီတာသို့မဟုတ် ၎င်းထက်ပိုနိုင်ကြောင်း သိရသည်။

မိုးလေဝသဌာနက ပြည်သူများအား တောင်ပြိုခြင်း၊ ရေကြီးခြင်းနှင့် မြစ်ချောင်းမြစ်ရေလျှံမှုများ ဖြစ်ပွားနိုင်သည့်အခြေအနေမှ သတိထားကြရန် တိုက်တွန်းထားပြီး လေပြင်းတိုက်ခြင်း၊ လျှပ်စီးလက်ခြင်းဆိုင်ရာ ဘေးအန္တရာယ်များကို သတိထားနေကြရန် ဆက်လက်တိုက်တွန်းထားသည်။ **အင်န်အိတ်ချ်ကေ**



ဂျပန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေနစ်မြုပ်နေသည့် နေအိမ်များကို တွေ့ရစဉ်။

## တရုတ်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးများ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန် ဆွေးနွေး

**မော်စကို စက်တင်ဘာ ၁၂**

တရုတ်နှင့်ရုရှားနိုင်ငံခြားရေးဝန်ကြီးများက နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန် ပြောဆိုဆွေးနွေးခဲ့ကြသည်။

ဝမ်ယိနှင့် ဆာဂျီလက်ရော့ဗ်တို့က စက်တင်ဘာ ၁၁ ရက်တွင် ရုရှားနိုင်ငံ မော်စကိုမြို့၌ တွေ့ဆုံပြီးနောက် ပူးတွဲကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ကြသည်။

**အတူတကွတိုက်ပွဲဝင်**

တရုတ်နိုင်ငံခြားရေးဝန်ကြီးက (၇၅) ကြိမ်မြောက် ဒုတိယကမ္ဘာစစ်ပြီးဆုံးခဲ့သည့်အထိမ်းအမှတ်ကို ရည်မှန်းပြီး မိမိတို့နှစ်နိုင်ငံသည် ခေတ်သစ်အတွက် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်စေရန် ထက်သန်သော စိတ်ဓာတ်ဖြင့် စစ်ပွဲအတွင်း အတူတကွတိုက်ပွဲဝင်ခဲ့ကြောင်း ပြောကြားလိုက်သည်။

**ထောက်ပံ့သွားမည်**

အဆိုပါ ကြေညာချက်တွင် တရုတ်နှင့် ရုရှားနိုင်ငံတို့သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းကြီးကို ကိုဗစ်-၁၉ ဆန့်ကျင်တိုက်ဖျက်မှုတွင် ဆက်လက်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## တိုကျိုမြို့၏ ကိုဗစ် - ၁၉ ဆိုင်ရာ သတိပေးချက်ကို တစ်ဆင့်လျှော့ချ

**တိုကျို စက်တင်ဘာ ၁၂**

တိုကျိုတွင် သီတင်းပတ်တစ်ပတ်တာ ကိုဗစ်-၁၉ ကူးစက်မှုအသစ်အရေအတွက် ကျဆင်းလာနေသည့်အတွက် လွန်ခဲ့သောရက်က တိုကျိုမြို့၏ ကိုဗစ်-၁၉ ဆိုင်ရာ သတိပေးချက်ကို တစ်ဆင့်လျှော့ချလိုက်သည်။

**တစ်ဆင့်လျှော့ချ**

ကိုဗစ်-၁၉ ဆိုင်ရာ သတိပေးချက်အဆင့် ၄ ဆင့်ရှိသည်။ တိုကျိုမြို့၏ သတိပေးချက်ကို နှစ်လနီးပါးအမြင့်ဆုံးအဆင့်အဖြစ် ထားရှိခဲ့ရာမှ ယခုအခါတွင် တစ်ဆင့်လျှော့ချလိုက်ခြင်းဖြစ်သည်။

**ကျဆင်းလာ**

ယခင်သီတင်းပတ်တွင် တစ်နေ့တာ ကိုဗစ်-၁၉ ကူးစက်ခံရသူ အရေအတွက်သည် ၁၈၃ ဦးရှိကြောင်းဖော်ပြခဲ့ရာမှ ယခုအခါတွင် အဆိုပါပမာဏထက် ကျဆင်းလာခဲ့ကြောင်း တိုကျိုဆေးပညာအသင်း ဒုတိယဥက္ကဋ္ဌ အီနိုခူချိမာစာ့တာ့ကာက ပြောကြားလိုက်သည်။

**ဆုံးဖြတ်လျက်ရှိ**

သို့သော်လည်း ဆက်ပြီးသတိထားရမည့် အနေအထားရှိသေးကြောင်း ၎င်းက ဆက်လက်ပြောထားသည်။

တိုကျိုမြို့ မြို့နယ် ၂၃ ခုရှိ စားသောက်ဆိုင်များနှင့် ဘားတွေအတွက် ထုတ်ပြန်ထားသည့် ဆိုင်ပိတ်ချိန်ကန့်သတ်ချက်ကို ဖယ်ရှားပေးရန်လည်း တိုကျိုမြို့တော်အုပ်ချုပ်ရေးအဖွဲ့က ဆုံးဖြတ်လျက်ရှိကြောင်း သိရသည်။

ယခုထုတ်ပြန်ထားသည့် ည ၁၀ နာရီ ဆိုင်ပိတ်ရမည်ဆိုသည့် ကန့်သတ်ချက်သည် လာမည့်သီတင်းပတ် အင်္ဂါနေ့တွင် ပြီးဆုံးမည် ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ပိတ်ထားတဲ့ကျောင်းတံခါးများနဲ့ ကလေးငယ်တို့၏စိတ်ကျန်းမာရေး

ကလျာမိုးမြင့်

**တရုတ်နိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ရောဂါအန္တရာယ်ကြောင့် စာသင်ကျောင်းတွေကို ပိတ်ထားခဲ့ရပြီးတဲ့နောက် မူလတန်းကလေးငယ်တွေမှာ ပိုပြီး စိတ်ဓာတ်ကျဆင်းတဲ့ လက္ခဏာတွေ အဖြစ်များလာသလို ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ဖို့ ကြိုးစားတဲ့သူအရေအတွက်ဟာဆိုရင်လည်း ကျောင်းတွေမပိတ်ခင်အချိန်ကထက် ပိုပြီးများလာတယ်လို့ လေ့လာတွေ့ရှိချက်အသစ်တစ်ရပ်မှာ ဖော်ပြထားပါတယ်။**



တရုတ်နိုင်ငံ၌ ကိုဗစ် – ၁၉ ရောဂါကြောင့် ပိတ်ထားခဲ့သည့် အထက်တန်းကျောင်းတစ်ကျောင်းတွင် လူသူကင်းမဲ့နေသည့် စာသင်ခန်းတစ်ခုကို တွေ့ရစဉ်။

### သူငယ်ချင်းတွေနဲ့ဝေးကွာ

ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ကိုဗစ် – ၁၉ ရောဂါ တရုတ်နိုင်ငံမှာ စတင်ဖြစ်ပွားတဲ့အချိန်မှာ ပညာရေးဝန်ကြီးဌာနက ကျောင်းဖွင့်ချိန်တွေကို ဧပြီလနှောင်းပိုင်းကို ရွှေ့ဆိုင်းလိုက်ပါတယ်။ အာဏာပိုင်တွေက ရောဂါထိန်းချုပ်ရေးအတွက် စာသင်ကျောင်းတွေကို ပိတ်လိုက်ရတာဖြစ်ပေမယ့် ကျောင်းသားကလေးငယ်တွေအတွက်ကတော့ ပိတ်ထားတဲ့ကျောင်းတံခါးတွေဟာ သူတို့ခင်မင်ရင်းနှီးတဲ့သူငယ်ချင်းတွေနဲ့ ခွဲခွာလိုက်ရသလို ၎င်းတို့ရဲ့ လူမှုဆက်သွယ်ရေးကွန်ရက်ကြီးတစ်ခုကိုလည်း ပိတ်ထားလိုက်သလို ခံစားခဲ့ရပါတယ်။

### စိတ်ကျန်းမာရေးထိခိုက်

ကျောင်းမှာ သူငယ်ချင်းတွေနဲ့အတူ အတန်းချိန်မှာ စာတွေသင်ကြ၊ အတူဆော့ကစားကြ၊ ပြောဆိုရယ်မောကြနဲ့ နေ့စဉ်ပုံမှန်ဖြတ်သန်းနေထိုင်လာခဲ့ရာကနေ ကျောင်းတံခါးတွေပိတ်ပြီး အိမ်ထဲမှာ အလုံပိတ်နေထိုင်ရတဲ့အခြေအနေက ကလေးငယ်တွေရဲ့စိတ်ကျန်းမာရေးကို တဖြည်းဖြည်းချင်း ထိခိုက်လာစေခဲ့တယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာ ၁၁ ရက်က ပြုလုပ်ခဲ့တဲ့ လေ့လာမှုတစ်ရပ်မှာ ရောဂါစတင်ဖြစ်ပွားချိန် မတိုင်ခင်ကနဲ့ ကိုဗစ် – ၁၉ ရောဂါကြောင့် ကျောင်းတွေပိတ်ထားချိန် အတောအတွင်းကလေးငယ်တွေရဲ့ စိတ်ကျန်းမာရေးအခြေအနေကို နှိုင်းယှဉ်လေ့လာခဲ့ကြပါတယ်။ ငါးတန်းကနေ ကိုးတန်းအထိ ကျောင်းသား ကျောင်းသူ ၁၂၄၁ ဦးကို စစ်တမ်းကောက်ယူထားတဲ့ရလဒ်တွေအရ ကျောင်းသားတွေရဲ့ ၂၅ ရာခိုင်နှုန်းနီးပါးဟာ မေလအတွင်း စိတ်ဓာတ်ကျဆင်းတဲ့လက္ခဏာတွေတွေ့ရပြီး စက်တင်ဘာလမှာတော့ ကလေးငယ် ၁၉ ရာခိုင်နှုန်းအထိ စိတ်ကျလက္ခဏာတွေ တွေ့ရတယ်လို့ ဆိုပါတယ်။

### အကူအညီပေးဖို့ ကြိုတင်ပြင်ဆင်

ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ဖို့ ကြိုးစားတဲ့အရေအတွက်ဟာ နှစ်ဆလောက်တိုးပွားလာပြီး ပြီးခဲ့တဲ့နိုဝင်ဘာလအတွင်း ၃ ရာခိုင်နှုန်းရှိခဲ့ရာကနေ ယခုနှစ်မေလမှာ ဖိုဒသမ ၄ ရာခိုင်နှုန်းအထိ ရှိလာတယ်လို့ ဖော်ပြထားပါတယ်။ ကိုဗစ် – ၁၉ ရောဂါကြောင့် အာဏာပိုင်တွေက ကန့်သတ်ပိတ်ဆို့မှုတွေပြုလုပ်လိုက်ပြီးနောက် ကျောင်းပြန်တက်တဲ့အချိန်မှာ ကလေးငယ်တွေကို စိတ်ကျန်းမာရေးဆိုင်ရာ လိုအပ်တဲ့အကူအညီတွေ ပေးအပ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားဖို့ သုတေသနပညာရှင်တွေက လေ့လာမှုပြုလုပ်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

ယခုနှစ်အတွင်းမှာ စာသင်ကျောင်းတွေကို ဘေးကင်းစွာနဲ့ စောစော ပြန်ဖွင့်နိုင်ဖို့ ဘယ်လိုလုပ်ဆောင်ကြမလဲဆိုတာနဲ့ပတ်သက်ပြီး ပြည်နယ်တွေမှာ ခေါင်းခဲနေကြရပါတယ်။ ကလေးငယ်တွေကို စိတ်ကျန်းမာရေးဆိုင်ရာ စွမ်းဆောင်ရည် ပိုကောင်းလာဖို့အတွက် အဝေးကနေ အခြားနည်းလမ်းတွေနဲ့ သင်ယူခြင်းထက် စာသင်ခန်းထဲမှာ ကိုယ်တိုင်ကိုယ်ကျသင်ယူနိုင်စေဖို့ American Academy of Pediatrics အဖွဲ့က ကြိုးပမ်းခဲ့ပါတယ်။

### လမ်းညွှန်ချက်အသစ်တွေပြင်ဆင်

အမေရိကန်တစ်လွှားမှာ ကလေးငယ်တွေအတွက်ကိုယ်စားပြုပြီး ကလေးများအတွက် လမ်းညွှန်ချက်တွေပေးအပ်နေတဲ့အဆိုပါအဖွဲ့က ဇွန်လမှာ ကလေးများကျောင်းပြန်တက်ရေးဆိုင်ရာ လမ်းညွှန်ချက်တွေကို အသစ်ပြင်ဆင်ခဲ့ပါတယ်။ လာမယ့်စာသင်နှစ်ကို ကလေးငယ်တွေ ကိုယ်တိုင်ကိုယ်ကျ ကျောင်းတက်ပြီး စာသင်နိုင်ဖို့ဆိုတဲ့ ရည်မှန်းချက်တစ်ရပ်နဲ့အတူ စတင်နိုင်ဖို့ မူဝါဒဆိုင်ရာ စဉ်းစားတွက်ချက်မှုမှန်သမျှကို အင်တိုက်အားတိုက်ထောက်ခံတယ်လို့ အေအေပီအဖွဲ့က ၎င်းရဲ့ ဝက်ဘ်ဆိုက်မှာ ဖော်ပြထားပါတယ်။

### အထီးကျန်ဆန်

အချိန်တွေအကြာကြီး ကျောင်းနဲ့ဝေးကွာနေခြင်းနဲ့ ကျောင်းမှာရနေကျဖြစ်တဲ့ အကူအညီဝန်ဆောင်မှုတွေကို မရရှိတော့ခြင်းက ကလေးငယ်တွေကို အထီးကျန်ဆန်မှုဖြစ်စေပြီး စိတ်ဓာတ်ကျဆင်းတာတွေ၊စိတ်အားငယ်တာတွေပါ ဖြစ်လာစေတယ်လို့ သိရပါတယ်။

အမေရိကန်ပြည်ထောင်စုတစ်ဝန်းမှာ ကိုဗစ် – ၁၉ ကို ကောင်းစွာ မထိန်းချုပ်နိုင်ဘဲ ရှိနေချိန် ရောဂါကူးစက်မှုအန္တရာယ်ကြောင့် တစ်နိုင်ငံလုံးမှာရှိတဲ့ ကျောင်းတွေကို ပိတ်ထားခဲ့ရပါတယ်။ဩဂုတ်လအရောက်မှာတော့ ဂျော်ဂျီယာပြည်နယ်၊ မစ္စစ္စပီပြည်နယ်၊ တင်နက်ဆီနဲ့ အင်ဒီယားနားပြည်နယ်တွေမှာ စာသင်ကျောင်းတံခါးတွေကို ပြန်ဖွင့်ခဲ့ပါတယ်။ ဒီလိုပြန်ဖွင့်လိုက်ချိန်မှာ ဆရာဆရာမတွေနဲ့ ကျောင်းသူကျောင်းသားတွေအကြား ကိုဗစ်–၁၉ ကူးစက် ခံရမှုပိုမိုများပြားလာခဲ့ပြီး တချို့စာသင်ကျောင်းတွေက ချက်ချင်းအစီအစဉ်တွေပြောင်းပြီး ကျောင်းဖွင့်ချိန် နောက်ထပ်ရွှေ့ဆိုင်းထားဖို့ စီစဉ်ခဲ့ကြပါတယ်။

### စိန်ခေါ်မှုတစ်ခုဖြစ်နေ

ကျောင်းတွေကို အခုပဲစဖွင့်လိုက်၊ အခုပဲပြန်ပိတ်လိုက် ဆိုတာမျိုး မလုပ်ချင်ဘူး။ အဲဒီလိုလုပ်တာက ကျွန်တော်တို့ရဲ့ကလေးတွေကို ပိုပြီးအခက်အခဲဖြစ်စေတယ်လို့ ကင်တပ်ကီအုပ်ချုပ်ရေးမှူး အန်ဒီဘီရှီယာက ပြောကြားခဲ့ပါတယ်။ အခုအချိန်မှာတော့ ကိုဗစ် – ၁၉ ရောဂါရဲ့ဖိစီးနှိပ်စက်မှုကြောင့် ကလေးတွေဟာ စာသင်ခန်းထဲမှာ အတန်းဖော်တွေနဲ့အတူထိုင်ပြီး ကိုယ်တိုင်ကိုယ်ကျ သင်ယူနိုင်ခြင်းမရှိတော့ဘဲ အွန်လိုင်းသင်ကြားရေးစနစ်နဲ့ လုံးပမ်းနေကြရပြီး ဒီကိစ္စက ကလေးတွေအတွက် စိန်ခေါ်မှုတစ်ခုအဖြစ် ရှိနေဆဲဖြစ်ပါတယ်။

နိုင်ငံတစ်ဝန်းမှာရှိကြတဲ့ စာသင်ကျောင်းတွေဆီကနေ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုဖြစ်တာတွေ၊ ဆိုက်ဘာတိုက်ခိုက်ခံရတာတွေနဲ့ တခြားပြဿနာရပ်တွေ ကြားသိရပြီး တချို့စာသင်ကျောင်းတွေမှာ အွန်လိုင်းသင်ကြားမှု ပထမဆုံးနေ့အတန်းချိန်ကို ရွှေ့ဆိုင်းခဲ့ရတာတွေလည်း ရှိတယ်လို့ သိရပါတယ်။

### ရေရှည်မှာ အဆင်မပြေမှုတွေရှိနိုင်

အွန်လိုင်းသင်ကြားရေးစနစ်ဟာ လွယ်ကူရိုးရှင်းတယ်လို့ ထင်ရပေမယ့် လူကိုယ်လက်တွေ့သင်ကြားပြသဖို့ လိုအပ်တဲ့အပိုင်းတွေလည်း ရှိနိုင်တာကြောင့် ရေရှည်မှာအဆင်မပြေမှုတွေတော့ ဖြစ်နိုင်တယ်လို့ လေ့လာသူတချို့က ထောက်ပြကြပါတယ်။ ကိုဗစ် – ၁၉ ရောဂါကြီး မပြီးသေးသရွေ့ကတော့ ပိတ်ထားတဲ့ကျောင်းတံခါးတွေရဲ့ နောက်ကွယ်မှာကျောင်းသားကလေးငယ်တွေရဲ့ သက်ပြင်းချသံတွေကို မိဘတွေကြားနေကြရဦးမှာပါ။ ။

**ကိုးကား–စီအင်န်အင်န်**

## နိုင်ငံတကာသတင်းတိုထွာ

### ဘရူနိုင်းနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရမှု မတွေ့ရှိရသည်မှာ ကိုးရက်ဆက်တိုက်ရှိလာ

ဘန်ဒါဆီရီဘီဂါဝန် စက်တင်ဘာ ၁၂

ဘရူနိုင်းနိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူ နောက်ထပ်မတွေ့ရှိရသည်မှာ စက်တင်ဘာ ၁၂ ရက်တွင် ကိုးရက်မြောက် ဆက်တိုက်ရှိလာပြီဖြစ်ပြီး တစ်နိုင်ငံလုံးအနှံ့ကူးစက်ခံရသူ စုစုပေါင်းမှာ ၁၄၅ ဦးတွင် ရပ်တန့်နေသည်။

ဘရူနိုင်းနိုင်ငံတွင် စက်တင်ဘာ ၃ ရက်ကတည်းက ကိုဗစ် – ၁၉ ကူးစက်ခံရသူ မတွေ့ရှိရခြင်းဖြစ်သည်။ နောက်ထပ်နှစ်ဦး ရောဂါပျောက်ကင်းသွားပြီဖြစ်သည့်အတွက် ပြန်လည်ကျန်းမာလာသူအရေအတွက်မှာ ၁၄၁ ဦး ရှိသည်ဟု ဘရူနိုင်းကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

သီးခြားခွဲထားပြီး အသွားအလာစောင့်ကြည့်ကန့်သတ်ထားသူ ၄၀၅ ဦးရှိပြီး ၎င်းတို့အားလုံးမှာ နိုင်ငံရပ်ခြားမှ ပြန်လာကြသူများဖြစ်သည်။ ဘရူနိုင်းနိုင်ငံတွင် ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူ ၃ ဦးသာ ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

### အစ္စရေးနှင့် ဘာရိန်းတို့အကြား သဘောတူညီမှုကို တူရကီဘက်မှ ရှုတ်ချ

အစ္စတန်ဘူလ် စက်တင်ဘာ ၁၂

အစ္စရေးနိုင်ငံနှင့် ဘာရိန်းနိုင်ငံတို့အကြား ပုံမှန်ဆက်ဆံရေးထူထောင်ရန် သဘောတူညီချက်ကို တူရကီဘက်မှ ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့ပြီး ပါလက်စတိုင်းအရေးကို နောက်ထပ်ထိခိုက်မှုတစ်ခုဟုလည်း ပြောဆိုခဲ့သည်။

အစ္စရေးနှင့် ဘာရိန်းနိုင်ငံတို့အကြား ပုံမှန်ဆက်ဆံရေးပြန်လည်ထူထောင်ရန် သဘောတူညီမှုကြောင့် တစ်လတာအတွင်း အစ္စရေးနှင့် ပြန်လည်အဆင်ပြေသွားသည့် ဒုတိယအာရပ်နိုင်ငံဟု အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က စက်တင်ဘာ ၁၁ ရက်တွင် ပြောကြားခဲ့သည်။

တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနကမူ အဆိုပါလှုပ်ရှားမှုအပေါ်စိုးရိမ်လျက်ရှိပြီး အစ္စရေးနှင့် ဘာရိန်းနိုင်ငံတို့အကြား သဘောတူညီမှုကို ပြင်းပြင်းထန်ထန်ရှုတ်ချကြောင်း စက်တင်ဘာ ၁၁ ရက်တွင် ပြောဆိုခဲ့သည်။

တူရကီသမ္မတ ရီဆက်တေယစ်အာဒိုဂန်သည် ပါလက်စတိုင်းအခွင့်အရေးအတွက် ပြင်းပြင်းထန်ထန်ရပ်တည်ပေးသူဖြစ်ပြီး အနောက်ဘက်ကမ်းတွင် အစ္စရေး၏မူဝါဒများနှင့်ပတ်သက်၍ မကြာခဏဆိုသလို ဝေဖန်သူလည်းဖြစ်သည်။

**အေအက်ဖ်ပီ**

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၅၆**

**ရက်သာ**

**လိုတော့သည်။**

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( ဆ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (ဇ) အရ သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- ✤ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ✤ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

## ရွေးကောက်ပွဲများသည်-

- ➤ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ➤ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ➤ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

# ညီညွတ်သောဒီမိုကရက်တစ်ပါတီက

# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၂

ညီညွတ်သောဒီမိုကရက်တစ်ပါတီ တွဲဖက်အတွင်းရေးမှူး ဦးကျော်စွာထက်ဦးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



နှင်းဆီ- UDP
နှင်းဆီပွင့်...ဘဝမြင့်
ဘဝမြှင့်တင်ရေး...အခြေခံဝင်ငွေရရှိရေး
နှင်းဆီ-UDP ပါတီဘာလဲ...ဘဝကောင်းစားရေး

ဘဝကောင်းစားစေချင်တယ်ဆိုရင် ... UDP ဖြစ်
ကိုယ့်မဲ...ကိုယ်ပေး
ကိုယ့်တိုင်းပြည်...ကိုယ်အုပ်ချုပ်
ကိုယ့်အာဏာ...ကိုယ်ပိုင်
ပြည်သူ့အာဏာ...ပြည်သူပိုင်
ပြည်သူ့တိုင်းပြည်...ပြည်သူအုပ်ချုပ်
(၅)နှစ်အချိန်ပေးပါ။
(၅)နှစ်ကာလတိုးတက်အောင် လုပ်ရမည်။

**"နှလုံးသားထဲကနှင်းဆီ"**

**ရေး/ဆို-ဦးညွန့်လွင်**

V1 – (ပြည်သူ့ရင်ထဲနှင်းဆီရောက်တော့ ဆင်းရဲခြင်းတွေ ပျောက်တော့မည်
– မူဝါဒတွေအခိုင်အမာချလို့ အဆင့်အတန်းတွေမြင့်တော့မည်)၂
– (တို့အောင်ပွဲဆီ)၄ တူစုံညီညီ ပျော်ရွှင်မှုနဲ့ ရှေ့သို့လှမ်းကာချီ
– (တို့ခေါင်းဆောင် ကချင်သွေးမို့ ကတိပေးကာ မနေးလုပ်မည်
– ညီညီညွတ်စွာလုပ်ဆောင်ကြစို့ အောင်နိုင်ရေးကိုအဓိကရည်)၂
– (ဖွဲ့မာန်ထက်သည့်အမြဲညီညွတ်မည်)၂UDPကိုပြည်သူအများက
– တစ်ခဲနက်ထောက်ခံသည်

V2 – (တူစုံကာ ပျော်ရွှင်နွဲ့ နှင်းဆီပန်းကို မဲပေးမည်)၂
– (ပြည်သူအပေါင်းကို စိတ်ချမ်းမြေ့ဖို့ နှင်းဆီပန်းကိုမဲပေးမည်)၂
– တူစုံညီညီအောင်မြင်မှုနဲ့ ရှေ့သို့လှမ်းကာချီ

(V1 V2)

F/O – (တူစုံညီညီအောင်မြင်မှုနဲ့ ရှေ့သို့လှမ်းကာချီ)



## ပွင့်ဖြူမြို့နယ်တွင် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး အထူးရဲ ၁၆၂ ဦး ခန့်အပ်သွားမည်

ပွင့်ဖြူ စက်တင်ဘာ ၁၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရန်နှင့် မဲဆန္ဒရှင်ပြည်သူများ လုံခြုံစိတ်ချစွာ မဲပေးနိုင်ရေးအတွက် မဲရုံအသီးသီးတွင် တာဝန်ထမ်းဆောင်ရန် အထူးရဲ ၁၆၂ ဦး ခန့်အပ် တာဝန်ချထားပေးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပသွားနိုင်ရေး လျာထားမဲရုံအရေအတွက်အနေဖြင့် မဲဆန္ဒနယ်မြေ(၁)တွင် မဲရုံ ၈၆ ရုံ၊ မဲဆန္ဒနယ်မြေ(၂)တွင် မဲရုံ ၇၄ ရုံ စုစုပေါင်းမဲရုံ ၁၆၀ စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရပြီး ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် မဲရုံအသီးသီး၌ မဲဆန္ဒရှင်ပြည်သူများ လုံခြုံစိတ်ချစွာဖြင့် လာရောက်မဲပေးနိုင်ရေးအတွက် အထူးရဲ အင်အား ၁၆၂ ဦး ခန့်အပ် တာဝန်ချထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် နယ်မြေရဲတပ်ဖွဲ့ အနေဖြင့် မဲဆန္ဒရှင်များအား မဲမပေးနိုင်အောင် နှောင့်ယှက်ဟန့်တားမှုများ မဖြစ်ပေါ်စေရေး မဲရုံပရဝဏ်နှင့် ကိုက် ၅၀၀ အတွင်း အသံချဲ့စက်များ ဆူညံစွာ ဖွင့်မှုမရှိစေရေး၊ မူးယစ်သောက်စားရမ်းကားမှုများ မဖြစ်ပေါ်စေရေးအတွက် လှည့်ကင်း၊ ရပ်ကင်းများဖြင့် လုံခြုံရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဇော်ထံမှ သိရသည်။

ရဲဝင်းနိုင် (ပြန်/ဆက်)

## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိ

နေပြည်တော် စက်တင်ဘာ ၁၂

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

- အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး-
- ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-
  - ✓ အသက် ၁၈ နှစ် ပြည့်ပြီးသူများ၊
- သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
  - ✓ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
- သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- သာသနာ့ဝန်ထမ်း၊
- ထောင်ဒဏ်ကျခံနေရသူ၊
- စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
- လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
- ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
- နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ဖြစ်သည်။

## ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .

- အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် နောက်ဆုံးအကြိမ်အဖြစ် ၁၄ ရက်ကြာ ထပ်မံ ကပ်ထားကြေညာမည်။
- မဲဆန္ဒရှင်များအနေဖြင့် လိုအပ်သော တောင်းဆိုမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများ ထပ်မံဆောင်ရွက်နိုင်မည်။

# အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကိုဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၂

**အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ ဒုဥက္ကဋ္ဌ ဒေါ်ဝင်းကေခိုင်အေး က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၁၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



**လေးစားအပ်ပါသော ပြည်သူလူထုအပေါင်းရှင့်။**

ကျွန်မကတော့ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီရဲ့ ဒုဥက္ကဋ္ဌ ဒေါ်ဝင်းကေခိုင်အေး ဖြစ်ပါတယ်ရှင့်။ ယခုလို မင်္ဂလာအပေါင်းနှင့် ပြည့်စုံတဲ့ အခါသမယမှာ ကျွန်မအနေနဲ့ ပါတီရဲ့ မူဝါဒများနဲ့ လမ်းစဉ်များကို အကျဉ်းချုပ် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်ရှင့်။ ကျွန်မတို့ရဲ့ ပါတီအမည်ကတော့ မြန်မာလို - အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်ပါတီ အင်္ဂလိပ်ဘာသာဖြင့် National Political Alliance Party NPA ဖြစ်ပါတယ်ရှင့်။ ကျွန်မတို့ ပါတီရဲ့ အလံနဲ့ Logo အမှတ်အသားမှာ အပြာရောင်အောက်ခံတွင် အဖြူရောင် စက်ဝိုင်းအတွင်း ကြယ်ဖြူကြီးတစ်လုံး ပါရှိပါတယ်။ ကြယ်ဖြူကြီးသည် အချုပ်အခြာအာဏာအောက်၌ တစ်စုတစ်စည်းတည်း သွေးစည်းညီညွတ်သော ပြည်ထောင်စုဟူ၍လည်းကောင်း၊ ဖြူစင်ရိုးသားခြင်း၊ အလင်းရောင်ပေးခြင်း၊ ဦးဆောင်လမ်းညွှန်ခြင်းဟူ၍လည်းကောင်း၊ ရည်ညွှန်းတာ ဖြစ်ပါတယ်ရှင့်။ အဖြူရောင်စက်ဝိုင်းကြီးသည် အချုပ်အခြာအာဏာ၏ သင်္ကေတသဘောကို ဆောင်ပြီး အပြာရောင်အောက်ခံကတော့ ငြိမ်းချမ်းခြင်း၊ တည်ငြိမ်ခြင်းနဲ့ တစ်ပြေးညီတစ်သားတည်းဟူသော အနက်အဓိပ္ပာယ်ကို ဆောင်ပါတယ်ရှင့်။

ဆက်လက်ပြီး ပါတီရဲ့ရည်ရွယ်ချက်၊ ရည်မှန်းချက်များကို ဆက်လက်တင်ပြပါမယ်ရှင့်။ ကျွန်မတို့ပါတီ ကြွေးကြော်သံက "ပြည်သူလူထုအတွက် ငြိမ်းချမ်းရေးသည် ပထမ၊ ဒီမိုကရေစီရေးသည် အဓိက၊ ပြည်သူ့ဘဝ တိုးတက်မြင့်မားရေးသည် ပဓာန" ဖြစ်ပါတယ်။ ပါတီဟာ ဒီကြွေးကြော်သံနဲ့အညီ နိုင်ငံတော်ရဲ့ အနာဂတ်ပန်းတိုင်ဖြစ်တဲ့ "ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုကြီး" တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအတွက် ရှေ့တန်းမှ မားမားမတ်မတ် ရပ်တည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကျွန်မတို့ပါတီကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၂၅) ရက်နေ့မှာ စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ ပါတီမှာ ပါဝင်ဆောင်ရွက်ခဲ့သူတွေဟာ ၁၉၈၈ ခုနှစ် နိုင်ငံရေးလှုပ်ရှားမှုကြီးကနေ ယနေ့အချိန်အခါတိုင်အောင် မြန်မာ့နိုင်ငံရေးသမိုင်းစဉ်တစ်လျှောက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူတွေဖြစ်ပါတယ်။ ယနေ့မှာဆိုရင် ပါတီရဲ့ ခေါင်းဆောင်ကြီးတွေ လက်ဆင့်ကမ်းပေးခဲ့တဲ့ နိုင်ငံရေးအမွေကို ဆက်ခံပြီး ကျွန်မတို့တစ်တွေ အားသစ်မာန်သစ်နဲ့ ဆက်လက်ကြိုးပမ်းတာဝန်ထမ်းဆောင်လျက် ရှိကြပါတယ်ရှင့်။

ကျွန်မတို့ပါတီဟာ နိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာရန် လိုအပ်မှု၊ အဆိုပါ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့အညီ ပြည်သူလူထုနှင့် ပါတီစုံအဖွဲ့အစည်းစုံ အချိုးညီမျှတစွာ ပါဝင်သော လွှတ်တော်တစ်ရပ် ပေါ်ပေါက်ရန် လိုအပ်မှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အုပ်ချုပ်သော ပြည်သူ့အစိုးရတစ်ရပ် ပေါ်ပေါက်ရန် လိုအပ်မှုတို့ကို ရှေးဦးကပင် ယုံကြည်မျှော်မှန်းခဲ့ပါတယ်ရှင့်။ ထိုသို့ ယုံကြည်ချက်နှင့်အညီ ယနေ့ ဒီမိုကရေစီရေး၊ နိုင်ငံအရေးတို့တွင် တတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်ခဲ့ကြတာလည်း ဖြစ်ပါတယ်။ ကျွန်မတို့ ပါတီ မဟာမိတ်ပါတီဟာ ၂၀၁၀ ခုနှစ်တွင် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ၌ နိုင်ငံရေးပါတီများ အစုအဖွဲ့တွင် အကြံပေးအဖြစ် ပါဝင်ခဲ့ပြီး နိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကြီးမှာလည်း တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့ကြပါတယ်ရှင့်။

**ပြည်သူလူထုအပေါင်းရှင့်။**

အားလုံးသိကြပြီးဖြစ်တဲ့အတိုင်း မြန်မာနိုင်ငံဟာ ကိုလိုနီကျွန်ပြုခံဘဝမှာ နှစ်ပေါင်းရှည်ကြာ သွေးခွဲအုပ်ချုပ်ခံခဲ့ရပါတယ်။ အဲ့ဒီအကျိုးဆက်ဟာ လွတ်လပ်ရေးရပြီးနောက် တိုင်းပြည်တည်ဆောက်ရာမှာ ကြီးမားတဲ့ အခက်အခဲကြီးတစ်ရပ် ဖြစ်ပေါ်စေခဲ့ပါတယ်။ လွတ်လပ်ရေးရယူစဉ်က ပင်လုံညီလာခံနဲ့ ရယူခဲ့ရသလို ဒီနေ့ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်ရာမှာလည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုရရှိအောင် ခဲရာခဲဆစ် ကြိုးပမ်းနေရပါတယ်။ ဒီလို မတူကွဲပြားမှုဟာ လက်ရှိအခြေအနေမှာ အားနည်းချက်သဖွယ်ဖြစ်နေပေမယ့် အမှန်တကယ် စည်းလုံးညီညွတ်လာတဲ့ တစ်နေ့မှာ ငြိမ်းချမ်းရေးဟာလည်း မလွဲမသွေ ရရှိလာပြီးတော့ အားသာချက်တွေ ဖြစ်လာမယ်လို့ ကျွန်မတို့ ယုံကြည်ပါတယ်။

ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန်မှာ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ညှိနှိုင်းဆွေးနွေးအဖြေရှာခြင်း၊ တစ်ခုတည်းသော တပ်မတော်စနစ်သို့ ဦးတည်ပြောင်းလဲခြင်း၊ နိုင်ငံ၏သယံဇာတများ (မြေပေါ်မြေအောက်) နှင့် စွမ်းအင်အရင်းအမြစ်များကို ပြည်ထောင်စုကြီးနှင့် ဖက်ဒရယ် နယ်မြေများ အချိုးကျခွဲဝေသုံးစွဲပြီး ပြည်သူလူထုဘဝ တိုးတက်မြင့်မားရေး၊ နိုင်ငံစီးပွားတိုးတက်ရေးတို့ကို ညီညီညွတ်ညွတ်ဆောင်ရွက်သွားကြဖို့ အထင်အရှားပင် ဖြစ်ပါတယ်ရှင့်။ ဒါကြောင့်လည်း ကျွန်မတို့ပါတီဟာ ငြိမ်းချမ်းရေးသည် ပထမလို့ ကြွေးကြော်ခဲ့ခြင်း ဖြစ်ပါတယ်။

**လေးစားအပ်ပါသော ပြည်သူလူထုအပေါင်းရှင့်။**

ဒီမိုကရေစီအရေး ပြည်သူ့ဘဝ တိုးတက်မြင့်မားရေးတို့ဟာလည်း ငြိမ်းချမ်းရေးနှင့် တန်းတူအရေးအကြီးဆုံးကိစ္စများဖြစ်တယ်ဆိုတာ မမိုတ်မသုန် ခံယူထားပါတယ်ရှင့်။

ဒီမိုကရေစီနိုင်ငံတစ်ခုမှာလည်း စနစ်ကျသော အုပ်ချုပ်မှုယန္တရားက အဓိကကျတဲ့အခန်းက ပါရှိနေပါတယ်။ နိုင်ငံရေးပါတီများဟာ မဲဆွယ်ကာလမှာ ကတိကဝတ်တွေပေးကြပေမယ့် အုပ်ချုပ်ရေးယန္တရား စနစ်တကျပီပြင်မှုမရှိရင် ကတိမတည်နိုင်ဘဲ ပြည်သူရဲ့ အဝေဖန်ခံရတတ်ပါတယ်။ ပါတီတွေ ဘယ်လိုပြောင်းပြောင်း အုပ်ချုပ်တဲ့ ယန္တရားအခြေခံအုတ်မြစ်တွေ မကောင်းရင်တော့ ပြည်သူ့ဘဝ တိုးတက်မြင့်မားရေးဟာ နှေးကွေးနေမယ်၊ အခက်အခဲတွေ ကြုံတွေ့နေကြရဦးမယ်လို့ ကျွန်မတို့ပါတီက သုံးသပ်မိပါတယ်ရှင်။

ယနေ့အချိန်မှာ ကျွန်မတို့နိုင်ငံမှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဟာ အဆင့် တစ်ဆင့်ဆီကို ရောက်ရှိဦးတည်လျက် ရှိနေပါပြီ။ ဒီမိုကရေစီနည်းမကျတဲ့ အာဏာရှင်စနစ်အောက်ကနေ ဒီမိုကရေစီနည်းကျတဲ့ နိုင်ငံအဖြစ် တစ်စတစ်စ ကူးပြောင်းလို့နေပါပြီ။ ဒီမိုကရေစီနိုင်ငံ တစ်နိုင်ငံအဖြစ် အောင်မြင်စွာရပ်တည်နိုင်ဖို့ကတော့ အခြေခံအကြောင်းတရားပေါင်းများစွာကို ကျော်လွှားဖြေရှင်းရဦးမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီဆိုပြီး လူတစ်စု ဒီမိုကရေစီမဟုတ်ဘဲ လူထုဒီမိုကရေစီဖြစ်ဖို့ ဝိုင်းဝန်းထိန်းကျောင်းရမယ့် တာဝန်ဟာ နိုင်ငံသား အားလုံးမှာ ကိုယ်စီတာဝန်ရှိကြပါတယ်။ ကျွန်မတို့ပါတီဟာ ဒီအချက်ကိုလည်း အစဉ်တစိုက် သတိရှိခဲ့ကြပါတယ်။

နိုင်ငံကောင်းအောင်၊ တိုးတက်အောင် ဆိုတဲ့နေရာမှာလည်း တစ်ဦးကောင်း တစ်ဖွဲ့ကောင်းနဲ့ လုပ်လို့မရပါ။ တိုင်းပြည်တိုးတက်ရာ တိုးတက်ကြောင်းကို လူထုလူတန်းစားအားလုံး အချိုးညီညီပါဝင်ပြီး ပူးပေါင်းဆောင်ရွက်မှသာ ဖြစ်နိုင်မှာဖြစ်ပါတယ်ရှင့်။ လူမျိုး၊ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု ကွဲပြားတဲ့ လူမျိုးစုတို့ အတူလက်တွဲ စုပေါင်းနေထိုင်တဲ့ ကျွန်မတို့နိုင်ငံမှာ အင်အားကြီးသူ၊ အင်အားနည်းသူခွဲခြားမှုမရှိ၊ အားလုံးအရာရာတွင် တန်းတူညီစွာ အခွင့်အရေးရနိုင်စေဖို့ ဖော်ဆောင်ပေးရပါမယ်ရှင့်။ အားလုံးဆောင်ရွက်၊ အားလုံးတွက်တဲ့ ဆိုတဲ့စကားအတိုင်းပါပဲရှင့်။ ဥပဒေအရ တန်းတူညီမျှရှိပြီး ဥပဒေရဲ့ အကာအကွယ်ကို လူတိုင်းမျှတစွာ ရရှိရပါမည်။ လူတိုင်းလွတ်လပ်စွာ ယုံကြည်ခွင့်၊ ဖော်ထုတ်ခွင့်၊ ဆန္ဒပြခွင့်၊ တင်ပြခွင့်စတဲ့ ဒီမိုကရေစီ အခွင့်အရေးများကိုလည်း အားလုံးရထိုက်ပါကြောင်း တင်ပြအပ်ပါတယ်ရှင့်။

ဒီမိုကရေစီအသွင်ကူးပြောင်းရေးဟာ လွယ်မယောင်နဲ့ခက်၊ တိမ်မယောင်နဲ့နက်တဲ့ သဘောရှိတာ အားလုံးမျက်မြင်ကိုယ်တွေ့ပါပဲရှင့်။ အတိတ်ရဲ့ ကောင်းမွေဆိုးမွေတွေကို ဆက်လက်သယ်ဆောင်ပြီး နိုင်ငံတော်သစ် တည်ဆောက်နေတဲ့နေရာမှာ စိတ်ရှည်သည်းခံပြီး ဒီမိုကရေစီစံနှုန်းပြည့်တဲ့ အခြေအနေကို တဖြည်းဖြည်း ကူးပြောင်းရပါမယ်။ တစ်ချိန်တည်းမှာပဲ တိုင်းပြည်အပေါ် ကျရောက်လာမည့် ပစ္စုပ္ပန်၊ အနာဂတ်အန္တရာယ်အသွယ်သွယ်ကိုလည်း နိုင်ငံတကာက လက်ခံတဲ့ ဖြေရှင်းဆောင်ရွက်မှုမျိုးနဲ့ ကာကွယ်ဆောင်ရွက်သွားရမှာလည်း ဖြစ်ပါတယ်။

တိုင်းပြည်ဟာ ဒီမိုကရေစီ အတွေ့အကြုံ ကြွယ်ဝနေပြီဖြစ်တဲ့ ကမ္ဘာ့နိုင်ငံကြီးများနဲ့ အာရှ၊ အရှေ့တောင်အာရှက နိုင်ငံအချို့ကဲ့သို့ တည်ငြိမ်ရင့်ကျက်ခြင်း၊ သာယာဝပြောခြင်း၊ ခေတ်မီတိုးတက်ခြင်းဆိုတဲ့ ဒီမိုကရေစီ အသီးအပွင့်တွေ ဖြစ်လာဖို့ရာ အချိန်ကာလတစ်ခုကို ခက်ခဲစွာ ဖြတ်သန်းနေရဦးမှာ ဖြစ်ပါတယ်။ ဒီလိုဖြတ်သန်းရာမှာ ကျွန်မ တင်ပြခဲ့ပြီးဖြစ်တဲ့အတိုင်း ပါတီစုံ၊ လူတန်းစားပေါင်းစုံနဲ့ တက်ကြွလှုပ်ရှားပြီး တိုင်းပြည်အကျိုး လိုလားသူအားလုံး၊ တိုင်းရင်းသားလူမျိုးစုများပါမကျန် စည်းလုံးညီညွတ်တဲ့အားကို အရယူဖို့ အထူးပင်အရေးကြီးလှပါတယ်ရှင့်။

ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးနဲ့ ပတ်သက်လို့ လုပ်စရာ၊ ပြောစရာတွေ အများအပြားရှိပေမယ့်လည်း အချိန်ကန့်သတ်မှုအရ ဒီလောက်နဲ့ပဲတင်ပြပြီး ပြည်သူ့ဘဝ တိုးတက်မြင့်မားရေးကိစ္စနဲ့ ပတ်သက်လို့ ကျွန်မတို့ မဟာမိတ်ပါတီရဲ့ သဘောထားကို ဆက်လက်တင်ပြပါရစေရှင့်။ ပြည်သူ့ဘဝ တိုးတက်မြင့်မားရေးလို့ ပါတီ၊ အဖွဲ့အစည်းအသီးသီးနဲ့ အစိုးရများက ပြောနေကြပေမယ့် ဒါဟာ လွယ်လွယ်ကူကူကိစ္စမဟုတ်တဲ့အပြင် အဘက်ဘက်မှာ ဆက်နွှယ်နေတဲ့ အကြောင်းတရားတွေ များစွာရှိပါတယ်ရှင့်။ ဒီမိုကရေစီနိုင်ငံတစ်ခုရဲ့ အသိမ်မွေ့ဆုံး၊ ခက်ခဲနက်နဲပြီး ရှုပ်ထွေးမှု အများဆုံးကိစ္စတစ်ခုလို့လည်း ပြောရမှာဖြစ်ပါတယ်ရှင့်။ ပြည်သူ့ဘဝတိုးတက်မြင့်မားဖို့ဆိုတာ တိုင်းပြည်ရဲ့ စီးပွားရေး ကောင်းမွန်နေဖို့လိုသလို နိုင်ငံသားတစ်ဦးချင်းစီရဲ့ ထုတ်လုပ်မှုတန်ဖိုး အများဆုံးဖြစ်နေဖို့လည်း လိုအပ်ပါတယ်ရှင့်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာတုန်းက ကျွန်မ ရှင်းလင်းတင်ပြခဲ့သလို တိုင်းပြည်ရဲ့ မြေပေါ်မြေအောက်၊ သက်ရှိသက်မဲ့ (ပြည်သူ့စွမ်းအား အပါအဝင်) သယံဇာတနဲ့ အရင်းအမြစ်များကို ပြဋ္ဌာန်းထားတဲ့ ဥပဒေများနဲ့အညီ နိုင်ငံတော်မှာ မှီတင်းနေထိုင်ကြတဲ့ လူမျိုးစုအားလုံး စနစ်တကျ၊ အချိုးအစားကျကျ၊ ညီညီညွတ်ညွတ်၊ မျှမျှတတဖော်ထုတ်ပြီး တိုင်းပြည်သာယာဝပြောရေးအတွက် သုံးစွဲကြဖို့ဆိုတဲ့ အချက်ဟာဖြင့် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနဲ့ ပြည်သူ့ဘဝ တိုးတက်မြင့်မားရေးတို့အတွက် သော့ချက်ပဲဖြစ်ပါတယ်။

ဒီလိုထုတ်လုပ်သုံးစွဲပြီး တိုင်းပြည်တိုးတက်အောင် လုပ်ဖို့ရာမှာ လျှပ်စစ်ဓာတ်အားနဲ့ စွမ်းအင်အလုံအလောက် ထုတ်လုပ်သုံးစွဲနိုင်ဖို့၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အင်တိုက်အားတိုက်စီးဝင်လာစေဖို့၊ လယ်ယာထွက်ကုန် ဈေးကွက်များ ပြည်ပမှာ ထိုးဖောက်ဈေးကွက် ရှာနိုင်ဖို့၊ အလတ်စားနဲ့ အကြီးစား စက်မှုလုပ်ငန်းတွေ တစ်ဟုန်ထိုး ကြီးထွားလာစေဖို့၊ ပြည်တွင်းမှာ အလုပ်အကိုင်များ တိုးတက်များပြားစေပြီး အလုပ်လက်မဲ့နည်းပါးသွားစေဖို့ စသဖြင့်လုပ်ဆောင်စရာ အချက်အလက်တွေများစွာရှိပါတယ်။

ဒါတွေကို အစိုးရက အခွင့်အလမ်းသာစေတဲ့ ဥပဒေပုဒ်မတွေနဲ့ အားပေးဖို့၊ အကျိုးစီးပွားတွေကို ကာကွယ်ပေးဖို့၊ အစိုးရက မတည်ပြီး တိုင်းရင်းသား လုပ်ငန်းရှင်တွေကို လွှဲပြောင်းလုပ်ကိုင်စေဖို့၊ အစိုးရပုဂ္ဂလိက ဖက်စပ်လုပ်ငန်းမျိုးတွေနဲ့ လက်တွဲဖော်ဆောင်ဖို့ စတာတွေကို လုပ်ဆောင်ရမှာဖြစ်ပါတယ်။ တစ်ဖက်ကလည်း တိုင်းပြည်တည်ဆောက်ဖို့ အခွန်ထမ်းလုပ်ငန်းရှင်နဲ့ ပြည်သူတွေဆီကရရှိတဲ့ ဘဏ္ဍာငွေကို ချွေတာသုံးစွဲပြီး အလွဲမဖြစ်စေဖို့ တာဝန်ယူကြရမှာပါ။ အခွန်အတုပ်ကိုလည်း သက်ဆိုင်ရာမူဝါဒနဲ့အညီ အလျှော့အတင်းလုပ်ပြီး စီးပွားရေးတိုးတက်လာအောင် အားပေးအားမြှောက် လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ဒီကိစ္စတွေကို လုပ်ကိုင်တဲ့နေရာမှာလည်း အာဏာရအစိုးရတစ်ရပ်ဟာ အဂတိမဖက်၊ ပွင့်လင်းမြင်သာတဲ့ အစိုးရ၊ ပြည်သူ့အကျိုးစီးပွား မျက်ခြည်ပြတ်မခံဘဲ မိမိပါတီ၊ အဖွဲ့အစည်းတစ်ခုတည်း ကောင်းစားရေးကို ရှေ့တန်းမတင်တဲ့ အစိုးရတစ်ရပ် ဖြစ်ရပါမယ်ရှင့်။

**လေးစားအပ်ပါသော ပြည်သူလူထုအပေါင်းရှင်။**

တိုင်းပြည်သာယာဝပြောပြီး တိုးတက်အောင်လုပ်ရတဲ့ လုပ်ငန်းစဉ်၊ မဟာဗျူဟာ၊ နည်းဗျူဟာ၊ စီမံချက်၊ စီမံကိန်းတို့နဲ့ ပတ်သက်လို့လည်း ယခုလိုအချိန်တိုအတွင်းမှာ ပြီးပြည့်စုံအောင် တင်ပြဖို့ အလွန်အင်မတန်ခက်ခဲလှပါတယ်။ အနှစ်သာရကတော့ ပြည်သူ့ဘဝတိုးတက်မြင့်မားရေးသည်သာ ပဓာနကျတဲ့ အကောင်းဆုံး တိုင်းတာစစ်ဆေးသော မှတ်ကျောက် ဖြစ်ပါတယ်။ ပြည်သူတွေက ယုံကြည်၍ အပ်နှင်းလိုက်တဲ့ အစိုးရအာဏာကို ပြည်သူ့အတွက် စင်ကြယ်သန့်ရှင်းစွာ အသုံးပြုမယ်ဆိုရင် ပြည်သူတွေက ကျေနပ်အားရစွာ ဝန်းရံထောက်ခံနေမှာ ဖြစ်ပါတယ်။ ဒီလိုမှမဟုတ်ရင်တော့ ပြည်သူကပဲ ဒဏ်ခတ်အရေးယူသွားမှာ ဖြစ်ပါတယ်ရှင့်။

နောက်တစ်ချက်တင်ပြလိုတာကတော့ နိုင်ငံတော်လုံခြုံရေးကိစ္စ ဖြစ်ပါတယ်ရှင့်။ ယနေ့ ကမ္ဘာနဲ့အဝန်း မည်သည့်နိုင်ငံ၊ မည်သည့်အစိုးရကိုကြည့်ကြည့်၊ နိုင်ငံကာကွယ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနဲ့ တိုင်းပြည်ဂုဏ်သိက္ခာမြင့်မားရေးတို့အတွက် တပ်မတော်တစ်ရပ်ကို ခေတ်မီတိုးတက်အောင် အင်အားတောင့်တင်းအောင် ဦးစားပေး တည်ဆောက်နေကြတာကို တွေ့မြင်ကြရမှာ ဖြစ်ပါတယ်ရှင့်။

ကျွန်မတို့နိုင်ငံဟာလည်း ဖက်ဒရယ် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်တဲ့နေရာမှာ ခေတ်မီပြီး အင်အားရှိတဲ့ တပ်မတော်တစ်ရပ်ထားရှိဖို့ မလွဲမသွေလိုအပ်မှာ ဖြစ်ပါတယ်ရှင့်။ တင်ပြခဲ့ပြီးတဲ့အတိုင်း ကိုလိုနီနယ်ချဲ့စနစ်ဖြင့် ကျွန်ပြုခံဘဝမှ ရုန်းထွက်ရာမှာ လွတ်လပ်ရေးလှုပ်ရှားမှုသမိုင်းနဲ့အတူ လက်ရှိတပ်မတော်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာခဲ့တဲ့အချိန်မှာပဲ တိုင်းရင်းသားအင်အားစုများကလည်း လက်နက်ကိုင်လမ်းစဉ်ကို ကျင့်သုံးလာခဲ့ကြပါတယ်။ ဒီပဋိပက္ခရဲ့ အကျိုးဆက်ဟာ တိုင်းပြည်အတွင်းမှာ အတွင်းလှိုက်စားတဲ့ ဝေဒနာတစ်ရပ်ပမာဖြစ်ခဲ့ပြီး မြွေပူရာကင်းမှောက်ဆိုသလို နိုင်ငံဟာ ဆင်းရဲတွင်းနက်ခဲ့ရပါတယ်။ ကျွန်မတို့ပါတီ မဟာမိတ်ပါတီဟာ ပဋိပက္ခတွေ ချုပ်ငြိမ်းဖို့၊ ပြည်သူ့ဘဝမြင့်မားဖို့ ငြိမ်းချမ်းရေးဆွေးနွေးဆောင်ရွက်မှုတွေကို အလေးဂရုပြု တက်ကြွလှုပ်ရှားခဲ့တာ အကြံဉာဏ်ပေးခဲ့တာတွေ လုပ်ဆောင်ခဲ့ပါတယ်။ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ရဲ့ ဂုဏ်ဆောင်တစ်ခုတည်းသော တပ်မတော်စနစ်ဟာလည်း မလွဲမသွေ ပေါ်ပေါက်လာမယ်လို့ ယုံကြည်ပါတယ်ရှင့်။

နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ကျွန်မတို့ပါတီ မဟာမိတ်ပါတီဟာ ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ ပြည်သူများရဲ့ ပြဋ္ဌာန်းချက်များ၊ ဆုံးဖြတ်ချက်များကို လေးစားစွာ ခံယူလိုက်နာသွားမှာ ဖြစ်ပါတယ်။ အခြားသော နိုင်ငံရေးပါတီနဲ့ အဖွဲ့အစည်းများဟာလည်း ဒီလိုပဲ သန့်ရှင်းစင်ကြယ်သော နည်းလမ်းနဲ့ တရားဥပဒေနဲ့အညီ ယှဉ်ပြိုင်ကြပြီး ပြည်သူ့အဆုံးအဖြတ်ကို ခံယူသွားကြမယ်လို့ ယုံကြည်ပါတယ်။

ကျွန်မတို့ မဟာမိတ်ပါတီအနေဖြင့် ဘယ်လိုအခြေအနေပင်ဖြစ်ပါစေ၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် ပြည်သူ့ဘဝတိုးတက်မြင့်မားရေးတို့ကို မမိုတ်မသုန် ဆောင်ရွက်သွားပြီး နိုင်ငံအတွင်းမှာ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့မှာ တက်ကြွစွာပါဝင်ကူညီဆောင်ရွက်မယ်၊ နိုင်ငံတော်၏ လွတ်လပ်ရေး အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်ဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် အစဉ်အမြဲ သန္နိဋ္ဌာန်ချထားပါတယ်ဆိုတဲ့အကြောင်း ပြောကြားရင်းနဲ့ ကျွန်မတို့ အမျိုးသားနိုင်ငံရေးမဟာမိတ်များ အဖွဲ့ချုပ်ပါတီ NPA ရဲ့ ရှင်းလင်းတင်ပြမှုကို ဒီမှာပဲ ရပ်နားလိုက်ပါတယ်ရှင့်။

အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

# ဝံသာနုဒီမိုကရက်တစ်ပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၂

**ဝံသာနုဒီမိုကရက်တစ်ပါတီ ဒု-ဥက္ကဋ္ဌ ဦးအောင်ကြည်မြိုင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



**လေးစားရပါသော မိဘပြည်သူများ ခင်ဗျာ •••**

ကျွန်တော်ကတော့ ဝံသာနုဒီမိုကရက်တစ်ပါတီရဲ့ ဒု-ဥက္ကဋ္ဌ ဦးအောင်ကြည်မြိုင်ဖြစ်ပါတယ်။ ကျွန်တော်တို့ ဝံသာနုဒီမိုကရက်တစ်ပါတီဟာ သမိုင်းလိုအပ်ချက်အရ (၉. ၄. ၂၀၁၀) ရက်နေ့မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ မှတ်ပုံတင်ရန် လျှောက်ထားခဲ့ပါတယ်။ (၂၀၁၀) ပြည့်နှစ်၊ မေလ (၂၇)ရက်နေ့မှာ မှတ်ပုံတင်ခွင့်ရရှိခဲ့ပါတယ်။ ပါတီ၏ အမှတ်စဉ်မှာ (၂၂) ဖြစ်ပါတယ်။ ကျွန်တော်တို့ ဝံသာနုဒီမိုကရက်တစ်ပါတီဟာ မန္တလေးမြို့ရဲ့အခြေစိုက် နိုင်ငံရေးပါတီတစ်ခုဖြစ်ပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိန်းသိမ်းစောင့်ရှောက်သွားမည့် နိုင်ငံရေးပါတီတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီရဲ့ ရည်ရွယ်ချက်ကတော့ ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ အမျိုးသားသင့်မြတ် ပေါင်းစည်းရေး၊ စစ်မှန်သော ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးတို့ပဲ ဖြစ်ပါတယ်။ အမိနိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွား လက်တွေ့ကျကျ မှန်ကန်ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ပိုင်ခွင့်ရယူလိုသည့် ရည်မှန်းချက်ဖြင့် ယခုလာမည့် (၂၀၂၀) ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူများရဲ့ အဆုံးအဖြတ်ကို ခံယူလိုခြင်းလည်း ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားမှန်သမျှကို ဖန်တီးနိုင်မယ့် စွမ်းအားသည် မဲဆန္ဒရှင်ပြည်သူများ၌သာ ရှိသည်ဆိုသောအချက်ကို ကျွန်တော်တို့ ဝံသာနုဒီမိုကရက်တစ်ပါတီမှ ယုံကြည်သောကြောင့် ဖြစ်ပါတယ်။

ကျွန်တော်တို့ ဝံသာနုဒီမိုကရက်တစ်ပါတီရဲ့ ရွေးကောက်ပွဲဝင်အမှတ်တံဆိပ်အလံနှင့်သင်္ကေတကို အဓိပ္ပာယ်ဖွင့်ဆိုပြချင်ပါတယ်။ အောက်ခံအနီရောင်ဟာ ရဲရင့်တည်ကြည်ပြတ်သားမှုကို ဖော်ညွှန်းပါတယ်။ ညာဘက်ထောင့်ရှိ ကြယ်ဖြူလေးကတော့ ပါတီ၏ ကိုယ်ပိုင်အလင်းရောင်ရှိခြင်းကို ဖော်ပြခြင်း ဖြစ်ပါတယ်။ အလယ်တည့်တည့် အဖြူရောင်စက်ဝိုင်းအတွင်းမှ အစိမ်းရောင် ကဒေါင်းကို အဝါ အနီများဖြင့် ခြယ်မှုန်းထားခြင်းသည် ဖြူစင်ခြင်း၊ ရဲရင့်ခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်းဟူသော လောကပါလတရားကို အခြေခံပြီး ဖွင့်ဆိုထားခြင်းဖြစ်ပါတယ်။ အစိမ်းရောင် ကဒေါင်းအမြီးဖျားပိုင်း (၁၄)ခုမှာ တိုင်းနှင့်ပြည်နယ် (၁၄)ခုကို ရည်ညွှန်းပြီး ပြည်ထောင်စုခိုင်မာမှု စည်းလုံးညီညွတ်မှုများအား ဖော်ဆောင်ထားခြင်း ဖြစ်ပါတယ်။

နိုင်ငံနဲ့ပြည်သူလူထုအပေါ် ကျွန်တော်တို့ပါတီရဲ့ထားရှိတဲ့ မူဝါဒသဘောထားများကို တင်ပြချင်ပါတယ်။ ကျွန်တော်တို့ပါတီဟာ အမျိုးသား ပိုမိုသင့်မြတ်ရေး စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်ရေး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးတို့ကို ဦးလည်မသုန် ဆောင်ရွက်သွားဖို့ ရည်မှန်းထားပါတယ်။

ပထမဦးဆုံးအနေဖြင့် ကျွန်တော်တို့ပါတီရဲ့ **ပြည်တွင်းအမျိုးသားအကျိုးစီးပွားအပေါ် အမြင်သဘောထား** ကို ပြောပါရစေ။ အမျိုးသားအကျိုးစီးပွားအတွက် လွတ်လပ်ပြီး တရားမျှတသော ဈေးကွက်စီးပွားရေးစနစ်ကို လက်ကိုင်ထားပြီး အသေးစား၊ အလတ်စား၊ စီးပွားရေးလုပ်ငန်းမှသည် နိုင်ငံတကာအဆင့်မီ စီးပွားရေးလုပ်ငန်းကြီးများ ရှင်သန်ဖြစ်ထွန်း တိုးတက်စေရေးအပေါ် အလေးထားပြီး ဆောင်ရွက်သွားပါမယ်။

နိုင်ငံသူ နိုင်ငံသားများရဲ့ အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ကိုယ်တိုင်ဖန်တီးနိုင်တဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ရေတို/ရေရှည်စီမံကိန်းများချမှတ်ပြီး ဆောင်ရွက်သွားပါမယ်။ အလုပ်သမားများ၏ လုပ်ခလစာ အခွင့်အရေး ရပိုင်ခွင့်များကိုလည်း တိုးတက်ကောင်းမွန်လာအောင် ကြိုးစားဆောင်ရွက်သွားပါမယ်။

ကျွန်တော်တို့ပါတီရဲ့ **နိုင်ငံ့ဝန်ထမ်းများအပေါ်ထားရှိမည့် သဘောထားများ** ကို ဆက်လက်တင်ပြလိုပါတယ်-

- ကာလဒေသနှင့်အညီ လုပ်ခလစာ တိုးမြှင့်ခံစားနိုင်ရေး
- နိုင်ငံ့ဝန်ထမ်းအရေး ရပိုင်ခွင့်နဲ့အညီ လူနေမှုဘဝတွင် ဂုဏ်ရှိစွာ ရပ်တည်နိုင်ရေး
- အငြိမ်းစားယူပြီးနောက် လုံခြုံအဆင်ပြေသောဘဝများ ခံစားရရှိနိုင်စေရေး ကြိုးစားဆောင်ရွက်ပေးပါမယ်။

**ပြည်သူ့ရေးရာအပေါ် သဘောထား** ကို ဆက်လက်တင်ပြသွားပါမယ်-

- ပြည်သူလူထုတစ်ရပ်လုံးကို အခြေခံဥပဒေ၊ တည်ဆဲဥပဒေများပါ နိုင်ငံသားအခွင့်အရေးများ ခံစားပိုင်ခွင့် ရရှိစေရမယ်။
- ပြည်သူလူထု ကြုံတွေ့နေရသော လူမှုအခက်အခဲ၊ မှုခင်းရေးရာ ပြဿနာများကို လွှတ်တော်ကိုယ်စားလှယ်ရုံးဖွင့်ပြီး ပြည်သူ့အသံနားထောင်၍ လွှတ်တော်အတွင်းမှဖြစ်စေ၊ လွှတ်တော်ပြင်ပမှဖြစ်စေ ကူညီဆောင်ရွက်ပေးသွားပါမယ်။
- ထိုသို့ဆောင်ရွက်ရာတွင် “ဥပဒေအထက်တွင် မည်သူမျှမရှိစေရ” ဟူသော ဆောင်ပုဒ်နှင့်အညီ ဝံသာနုဒီမိုကရက်တစ်ပါတီမှ အထူးဦးစားပေး ဆောင်ရွက်သွားပါမယ်။

ကျွန်တော်တို့နိုင်ငံ၏ **ပညာရေးကဏ္ဍအပေါ်အမြင်သဘောထား** ကို ဆက်လက်တင်ပြလိုပါတယ်-

- ပညာရေးနှင့် ကြံ့ခိုင်ရေးကို မျှတစွာ သင်ကြားပေးပြီး ခေတ်နှင့်လျော်ညီသော အမျိုးသားပညာရေးကို နိုင်ငံတကာပညာရေးနှင့် လိုက်လျောညီထွေရှိစေရန် အစဉ်လေ့ကျင့် ပြုစုပျိုးထောင်ပေးသွားပါမယ်။
- အာဂုံဆောင် ပညာရေးထက် အသိအတွေးနှင့် ကျောင်းသားကို ဗဟိုပြုသော ပညာရေးကို ပုံဖော်လေ့ကျင့် ပြုစုပျိုးထောင်ပေးသွားပါမယ်။
- ကျောင်းပြင်ပ ပညာရေးနှင့် အသက်မွေးမှုရပ်တည်နိုင်သော နိုင်ငံတကာအဆင့်မီ သင်တန်းကျောင်းများဖွင့်၍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်ဦးထိပ်ထား ဆောင်ရွက်သွားပါမယ်။

**ကျန်းမာရေးအပေါ် သဘောထား** ကိုလည်း ဆက်လက်တင်ပြလိုပါတယ်-

- နိုင်ငံတစ်ဝန်းလုံး ကျေးလက်ဒေသများအပါအဝင် အခမဲ့ဆေးကုသခွင့် ရရှိစေရေး အလေးထားဆောင်ရွက်သွားပါမယ်။
- ဆေးဝါးပြည့်စုံရေး၊ ခေတ်မီကုသရေး၊ ကိရိယာပြည့်စုံရေး၊ ကျွမ်းကျင်ပညာရှင်များ လုံလောက်ရေးတို့ကိုလည်း ဆောင်ရွက်သွားပါမယ်။

ပြည်သူ့ကျန်းမာရေးအစ စာသင်ကျောင်းက ဟူသော ဆောင်ပုဒ်နှင့်အညီ အားကစားနှင့် ကာယပညာကို ခေတ်မီတိုးတက်စွာ သိနားလည်စေရေး ပညာပေးဆောင်ရွက်သွားပါမယ်။

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး** ကို ဆက်လက်ပြောကြားချင်ပါတယ်-

- ကျေးလက်ဒေသများမှာ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေးအပါအဝင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့ပြများနှင့် ကွာဟမှုမဖြစ်စေရန် အလေးထား ဆောင်ရွက်သွားပါမယ်။

**တောင်သူလယ်သမားများအပေါ် သဘောထား** ကို ဆက်လက်တင်ပြချင်ပါတယ်-

- ကျွန်တော်တို့ တိုင်းပြည်ဟာ စိုက်ပျိုးရေးကိုအခြေခံသည့် တိုင်းပြည်ဖြစ်သည်နှင့်အညီ တောင်သူလယ်သမားတို့၏ စိုက်ပျိုးစရိတ်အပါအဝင် အခြားလိုအပ်သော “တောင်သူလိုအပ်ချက်များ” ကို အစွမ်းကုန်ဖြည့်ဆည်း ဆောင်ရွက်ပေးမယ်။



- စိုက်ပျိုးရရှိသော သီးနှံများအတွက် အာမခံရှိသော ကောက်ပဲသီးနှံ ဈေးကွက်ကိုမြှင့်တင်နိုင်ဖို့ ဖော်ဆောင်ပေးပါမယ်။

**မျိုးဆက်သစ် လူငယ်များအပေါ် ထားရှိမည့်သဘောထား** ကို ဆက်လက်တင်ပြချင်ပါတယ်-

- နိုင်ငံတာဝန်များကို ပခုံးပြောင်း တာဝန်ယူကြရမည့် လူငယ်များကို အသိပညာရှင်၊ အတတ်ပညာရှင်၊ လူတော်/လူကောင်းများ ဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးပါမယ်။

**အမျိုးသမီးရေးရာအပေါ် သဘောထား** ကို ဆက်လက်တင်ပြလိုပါတယ်-

- အမျိုးသမီးများ၏ အခန်းကဏ္ဍကို ပိုမိုဖွံ့ဖြိုးလာအောင် ဆောင်ရွက်သွားပါမယ်။
- အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပပျောက်စေပြီး အမျိုးသားများနှင့် တန်းတူအခွင့်အရေး ရရှိစေရပါမယ်။
- ဘက်ပေါင်းစုံထူးချွန်သော အမျိုးသမီးခေါင်းဆောင်များ ပေါ်ထွက်လာအောင် အလေးထားဆောင်ရွက်သွားပါမယ်။

ကျွန်တော်တို့ပါတီရဲ့ **တပ်မတော်အပေါ် သဘောထားများ** ကိုလည်း ဆက်လက်တင်ပြချင်ပါတယ်-

- မြန်မာ့တပ်မတော်ဟာ တို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး အစဉ်အလာကြီးမားတဲ့ မျိုးချစ်တပ်မတော်အဖြစ် ရပ်တည်စေလျက် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးအပေါ် အဓိကတာဝန်ယူဆောင်ရွက်မည့် တစ်ခုတည်းသော တပ်မတော်အဖြစ် ရပ်တည်ခွင့်ရှိစေရပါမယ်။
- တပ်မတော်နှင့် ပြည်သူ ကြည်ဖြူစွာလက်တွဲနိုင်ရေး အစဉ်ကြိုးစားဆောင်ရွက်သွားပါ့မယ်။

**ပရဟိတအဖွဲ့များ၏ အခန်းကဏ္ဍများအပေါ် သဘောထား** ကိုလည်း တင်ပြပါရစေ -

ကျွန်တော်တို့နိုင်ငံရဲ့ ပရဟိတလူမှုကူညီရေးအဖွဲ့များသည် နိုင်ငံတော်တည်ဆောက်ရေးနှင့် ပြည်သူ့ဘဝတို့တွင် မရှိမဖြစ်အထောက်အကူပြုနေသော အဖွဲ့အစည်းများ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ၎င်းပရဟိတအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အဆင့်မြင့်ဆောင်ရွက်လာစေရန် လိုအပ်ချက်များကို ကျွန်တော်တို့ ဝံသာနုဒီမိုကရက်တစ်ပါတီက စွမ်းစွမ်းတမံ ကူညီဆောင်ရွက်သွားပါမယ်။

**ပြည်တွင်းငြိမ်းချမ်းရေးအပေါ် သဘောထား** ကို ဆက်လက်တင်ပြလိုပါတယ်-

- တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် NCA ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံး လက်မှတ်ရေးထိုးရေးကိစ္စ မဖြစ်မနေ ဆောင်ရွက်သွားကြပါရန်။
- တိုင်းရင်းသားကိုယ်စားလှယ်များဖြင့် ပြည်နယ်အစိုးရကို ဖွဲ့စည်းနိုင်စေပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ကိုယ်တိုင်စီမံခန့်ခွဲခွင့်ရရှိစေရန် သဘောထားရှိကြောင်း တင်ပြအပ်ပါတယ်။

**နိဂုံးချုပ်အားဖြင့်**

“တိုင်းကျိုး ပြည်ပြု ဝံသာနု” ဟူသော ဆောင်ပုဒ်နှင့်အညီ မပြောင်းလဲသော အပြောင်းအလဲအတွက် အမှန်တကယ်ပြောင်းလဲဖို့ ဝံသာနုဒီမိုကရက်တစ်ပါတီကို မဲပေးကြပါစို့ဟု တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါသည် ခင်ဗျာ ... ။

**ကျေးဇူးတင်ပါတယ်။**

# စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ



**ရန်ကုန် စက်တင်ဘာ ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၈ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရ၊ ကလေးစာပေ ပထမဆုရရှိသည့် စာရေးဆရာ မောင်လွန်းမြိုင်(ပင်လယ်ဘူး)၏ "ဝလုံးစောင်းစောင်း ပန်းပေါင်းကုမ္ဘေ ကလေးကဗျာများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကဗျာစုစုပေါင်း ၇၂ ပုဒ်ပါဝင်သည်။ ကဗျာများမှာ ရွတ်ဆို၍ ကောင်းသော ကဗျာများဖြစ်ပြီး ကလေးများ သိနားလည်မှုရှိသော စကားလုံးများဖြင့် သုံးနှုန်းရေးဖွဲ့ထားကာ အကြောင်းအရာ အမျိုးအစားစုံလင်အောင် ရေးစပ်ထားသည်။ ကလေးတို့၏ ချစ်စရာသဘာဝလေးများကို လှပသောစကားလုံးများ၊ ချိုသာသော ကာရန်များဖြင့် ဖွဲ့ဆိုထား၍ ပျော်ရွှင်စွာရွတ်ဆိုနိုင်သည့် ကဗျာစာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။ ကလေးများအဖို့ ကဗျာပြတင်းမှ တစ်ဆင့် ဗဟုသုတများစွာကို လေ့လာသိရှိနိုင် သည့် ကလေးကဗျာစာအုပ်တစ်အုပ် ဖြစ်ပါသည်။ ထို့ပြင်ကဗျာများကို အစဉ်အလာ ကဗျာလမ်းကြောင်းနှင့် အညီ ရေးဖွဲ့ထား၍ ကဗျာရေးစပ်လိုသူဝါသနာရှင်များ လက်ကိုင်ထားရမည့် စာအုပ်ကောင်း တစ်အုပ် ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၃၀၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း -၀၁၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




# ကန်ကြီးထောင့်မြို့နယ်အတွင်း အလုပ်ပေး၊ ငွေပေး စီမံကိန်းဖြင့် ဆောင်ရွက်ပြီးစီးသော လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**ကန်ကြီးထောင့် စက်တင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ကိုဗစ်- ၁၉ ကာလ စီးပွားရေး ကုစားမှုအစီအစဉ် (CERP) အရ အလုပ်ပေး၊ ငွေပေးစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို တာဝန်ရှိသူများ စက်တင်ဘာ ၁၀ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ကျော်အောင်၊ မြို့နယ်ဦးစီးမှူး ဦးကျော်စိုးနိုင်နှင့် တာဝန်ရှိသူများက အလုပ်ပေး ငွေပေး စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးသော ဝဲချောင်းကျေးရွာနှင့် ကျီးတော(တောင်) ကျေးရွာတို့မှ မြေသားလမ်း ပြုပြင်ခြင်းနှင့် သဲခင်းခြင်းလုပ်ငန်း၊ ရေထုတ်ပြွန်တစ်စင်း တည်ဆောက်ခြင်းနှင့် ကွန်ကရစ်အုတ်ပေါင်ခတ် သဲခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ငွေစာရင်းဇယားပုံစံများ ဖြည့်သွင်းပြုစုထားရှိမှုအခြေအနေတို့ကို စစ်ဆေးပြီး လမ်းများ ရေရှည်တည်တံ့ ကောင်းမွန်စေရေးအတွက် ရွာသူ ရွာသားများနှင့် ကျေးရွာကော်မတီများမှ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် မှာကြားကြောင်း သိရသည်။

ကျေးလက်နေ ပြည်သူများ ကိုဗစ်- ၁၉ ကာလအတွင်း အလုပ်အကိုင် ရှားပါးလာမှုနှင့် စားဝတ်နေရေး အခက်အခဲများအပေါ် ကိုဗစ်- ၁၉ ကာလ စီးပွားရေး ကုစားမှုအစီအစဉ်အရ ကန်ကြီးထောင့်မြို့နယ်အတွင်း ကျေးရွာ ရှစ်ရွာ၌ ဇူလိုင်လ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော အလုပ်ပေး ငွေပေး စီမံကိန်းလုပ်ငန်းများ အားလုံးမှာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးနေပြီ ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နိုင်လင်း (KGD)**

## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၂ - ၉ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၂၅/၅၆၅ | ကျပ် | ၅၆၅/၅၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၃၅/၅၈၀ | ကျပ် | ၅၈၀/၅၉၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၇၅/၅၁၅ | ကျပ် | ၅၄၅/၅၆၅ | ကျပ် |
| အောက်တိန်း ၉၅ | ၆၀၅/၆၃၀ | ကျပ် | ၆၇၀/၆၉၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၃၃ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၈၀ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၇၅ . ၉၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၀၉ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၅၅ . ၉ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၂ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၅ . ၀၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၁၃၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၂ . ၃၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၀ . ၉၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၅၆၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၉၀၀ | ၈၀၁ | ၇၉၄၅၀၀၀ |
| MTSH | ၃၇၅၀ | ၃၇၅၀ | ၂၅၅ | ၉၅၆၂၅၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၁ | ၈၀၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၁၃ | ၂၈၆၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၃၀ | ၈၂၅၀၀ |
| EFR | ၃၁၀၀ | ၃၁၀၀ | ၂ | ၆၂၀၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း


စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)


mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm










ကာတွန်းကိုမိုး
အောင်မလေး


သက်စု ၂၀၂၀
ကြောင်နီ
အားနာတယ် အားနာပါတယ်ဆို၊၊
ဟဲ့၊၊ ဘယ်သူ့ကို ဘာတွေ ဒီလောက် အားနာနေရတာလဲ၊
ဒီခွေးပိန်လေး လိုက်ကိုက်နေတယ်၊ သူ့သွားသေးသေး ချွန်ချွန်လေးက အမြဲ ရှုးတာပဲ၊၊
ဥ ဥတ် ဥတ်
ကြာတော့ မခံနိုင်တော့ဘူး ဟီး၊
မခံနိုင်ရင် မခံနဲ့လေ၊၊ ဘယ်သူက ခံခိုင်းထားသလဲ၊
အငြိမ်မနေဘူး၊ တအားဆော့တာ၊၊ လစ်တာနဲ့ လာလာကိုက်တယ်၊ ဆန့်ဒ်ပေါက် ဖြစ်နေပြီ၊ မယုံ ကိုကြီး ဆော့ကြည့်ပါလား၊၊
ဟုတ်သဟ၊ ရှုးသဟ၊ ပေါက်ကုန်ပြီ၊ တစ်နေကုန် ဆိုတော့ သေပြီပေါ့၊၊
ခွေးကြီးက သူ့တက်နင်းမိမှ ကိုက်တာ၊ တစ်ချက်ပဲ၊ ခွေးကြီးပဲ မွေးတော့မယ်၊၊

## သိမှတ်စရာအဖြာဖြာ (General Knowledge)

# ကလေးတို့လက်တစ်ကမ်းက အန္တရာယ်ရှိတဲ့အပင်တွေကို သိကြလား

ကေ – ဂျူဝယ်လ်

မင်္ဂလာပါကလေးတို့ရေ။ မမတို့နိုင်ငံမှာ ကိုဗစ်–၁၉ ရောဂါကြီးက အတော်လေးကို သောင်းကျန်းနေတာပေါ့။ အမှန်တော့ မမတို့ နိုင်ငံတင် မဟုတ်ပါဘူး။ သူက ကမ္ဘာကြီးတစ်ခုလုံးကို စိတ်ညစ်အောင်လုပ်နေတာပါ။ အိမ်မှ အမြဲတမ်းနေနေရင်း ကလေးတို့က ကျောင်းစာသင်ခန်းနဲ့ ဝေးနေတဲ့အချိန်မှာ အကျိုးရှိစေဖို့ မမက ဗဟုသုတရစရာတွေကို ရှာဖွေပြောပြပေးမယ်နော်။ ဒီတစ်ပတ်မှာတော့ ပျင်းပျင်းနဲ့ ဥယျာဉ်လေးထဲမှာ အချိန်ကုန်ချင်ကြတဲ့ ကလေးတွေအတွက် အန္တရာယ်ရှိနိုင်တဲ့ အပင်တွေထဲက ကလေးတို့ သိနိုင်မယ့်အပင်တွေကို ရွေးချယ်ပြောပြလိုပါတယ်။ အချို့အပင်တွေက အဆိပ်တွေရှိတတ်ပြီး အချို့အပင်တွေကတော့ ကလေးတို့ကို ထိခိုက်နာကျင်မှုတွေ ပေးတတ်တာမို့ သတိထားပြီးတွေ့လာတဲ့အခါ လူကြီးတွေကို ဖယ်ရှားခိုင်းလိုက်ပါဦးနော်။

### ပန်းရောင်ဒါမှမဟုတ် အဝါရောင်ရှိတဲ့ နွယ်သာကီ (oleander)

မမတို့နိုင်ငံမှာ အများဆုံး တွေ့ရတဲ့ လမ်းဘေးမှာ အလှစိုက်ပျိုးတဲ့ ပန်းဖြစ်တဲ့ နွယ်သာကီပန်းတွေဟာ ကလေးတို့အတွက် အန္တရာယ်ပေးနိုင်ပါတယ်။ သူ့ရဲ့ အပွင့်ကို နမ်းရှိုက်မိတာဖြစ်ဖြစ်၊ အရွက်နဲ့အပွင့်ကို စားမိတာဖြစ်ဖြစ် ကလေးတို့က ပြုလုပ်မိတာနဲ့ အော့အန်တာ၊ ခေါင်းတွေမူးဝေတာနဲ့ နှလုံးခုန် မမှန်တာမျိုးဖြစ်တတ်သလို ဝမ်းပျက်ဝမ်းလျှော တာတွေလည်း ဖြစ်နိုင်ပါသေးတယ်။ အခန့်မသင့်ရင် နှလုံးခုန်ရပ်ပြီး သေဆုံးတတ်တာမို့ ဝေးဝေးကရှောင်ကြပါလို့ မမက သတိပေးလိုပါတယ်။

### ခေါင်းလောင်းပန်း (Angel's Trumpet)

ပျိုးပင်ရောင်းတဲ့ ဆိုင်တွေမှာ ဝေဝေဆာဆာနဲ့ တွေ့နိုင်သလို ခြံဝန်းကျယ်တဲ့ အိမ်တွေမှာလည်း စိုက်ပျိုးထားတတ်တဲ့ ပန်းပင်လေးကတော့ ခေါင်းလောင်းပန်းတွေပဲ ဖြစ်ပါတယ်။ သူကတော့ ပန်းတွေရဲ့ အစေ့နဲ့ ဝတ်ရည်တွေက အဆိပ်အတောက်ဖြစ်စေပြီး ရှူရှိုက်စားသုံးမိရင် အစာအဆိပ်သင့်သလို အော့အန်တာ၊ မူးဝေတာမျိုးတွေ ဖြစ်စေပါတယ်။

### ရှားစောင်းပင်ငယ်များ (Cacti and fleshy plants)

ရှားစောင်းအမျိုးအစားအပင်တွေကတော့ ကလေးတို့ တွေ့ဖူးနေကြမှာပါ။ အပွင့်မရှိဘဲ အရွက်က ရေခဲတတ်အပြည့်ရှိတယ်၊ ဆူးတွေပါတတ်တယ်။ ရှားစောင်းပင်တွေက အလှစိုက်ကြပေမယ့် ကလေးတို့အတွက်တော့ ဆူးစူးမိစေတတ်ပါတယ်။ သူ့ရဲ့ဆူးနဲ့ ထိခိုက်မိရင် အနာရင်းတတ်ပြီး မတော်လို့ ဆူးက အသားထဲ ကျန်ရစ်ခဲ့မယ်ဆိုရင် လှိုက်စားတတ်ပါသတဲ့။

### ခြင်းလုံးပန်း (Daphne)

ခြင်းလုံးလေးလိုပဲ ပန်းပွင့်လေးတွေဟာ အစုလိုက်အပြုံလိုက် ပေါက်တတ်တဲ့အတွက် သိပ်ကိုလှပတာပေါ့။ ဒါပေမယ့် ကလေးတို့အတွက်တော့ အတော်လေး အန္တရာယ်များပါတယ်။ သူ့ရဲ့အရွက်၊ အပွင့်နဲ့ ပင်စည်၊ အကိုင်းအားလုံးမှာ အဆိပ်အတောက် ဖြစ်စေတဲ့ သတ္တိတွေရှိတာမို့ ဝေးဝေးက ရှောင်စေချင်ပါတယ်နော်။



ခြင်းလုံးပန်း



ဂမုန်း

### ဂမုန်း (Dumb Cane)

မမ အခုပြောပြမှာကတော့ ဂမုန်းပင်တစ်မျိုးအကြောင်းပါ ကလေးတို့ရေ။ အဲဒီ ဂမုန်းရဲ့ သိပ္ပံအမည်ကတော့ Dieffenbachia Genus လို့ခေါ်ပြီး မမတို့နိုင်ငံမှာ အတော်လေး စိုက်ကြပါတယ်။ သူကတော့ အရွက်ကို မတော်တဆ ပါးစပ်ထဲထည့်မိတဲ့အခါ ပါးစပ်တွေ ရောင်ရမ်းတာမျိုး၊ လည်ပင်းတွေနာတာမျိုးဖြစ်တတ်ပြီး အဆိပ်အတောက် ဖြစ်စေပါသတဲ့။



ခရစ္စမတ်ပင်

### ခရစ္စမတ်ပင် (Euphorbia Genus)

ဒါကလည်း ကလေးတို့ မြင်ဖူးနေကျ အပင်တွေထဲမှာ ပါဝင်ပါတယ်။ ဆောင်းတွင်းရောက်လာတဲ့အခါ အဲဒီအပင်ရဲ့ အရွက်ကလေးတွေက အနီရောင်လေးတွေ ပြောင်းသွားကြတယ်။ နွေနဲ့မိုးတွင်းမှာတော့ အခြားသစ်ပင်လိုပဲ သူက အစိမ်းရောင်ရှိတယ်။ ကံကောင်းစေတဲ့အပင်ဆိုပြီး စိုက်ကြပေမယ့် ကလေးတို့အတွက်တော့ ရှောင်ကြဉ်ရမယ့် အပင်ပဲပေါ့။ သူ့အရွက်က ထွက်တဲ့အရည်တွေက မျက်လုံးကို စဉ်သွားမိမယ်ဆိုရင် တော်တော့်ကို နာကျင်ခံစားရပြီး ထိခိုက်စေတတ်ပါတယ်။



နွယ်သာကီ



ခေါင်းလောင်းပန်း



ရှားစောင်းပင်ငယ်များ

## လောကဝတ် (Etiquette)

# ကလေးတို့ကိုယ်တိုင် ကာကွယ်ကြရမယ့် ကိုဗစ်နိုင်တင်း

မမမေ

ကလေးလေးတို့အားလုံး အိမ်မှာနေပြီးတော့ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလကြီးကို ရင်ဆိုင်နေကြရတာကြောင့် စိတ်ရှုပ်နေကြပြီလား။ အားလုံးပဲ ဖြတ်သန်းနိုင်မယ်လို့ ယုံကြည်ချက်အပြည့်ထားပြီး နေ့ရက်တွေကို အတူတူကျော်ဖြတ်ကြရအောင်နော်။ ဒီရောဂါက လူကို အန္တရာယ်ပေးနိုင်ပေမယ့် ကာကွယ်နိုင်တဲ့ နည်းလမ်းတွေရှိပြီး သေသေချာချာလိုက်နာမယ်ဆိုရင် ရောဂါ လုံးဝမကူးစက်နိုင်တာကိုတော့ ကလေးတို့ သိထားဖို့လိုပါတယ်။ ဒီတစ်ပတ်မှာ မမက ကလေးတို့သိပြီးသားဖြစ်ပေမယ့် အားလုံးသတိပြန်ရအောင် ကိုဗစ်–၁၉ ရောဂါကို ကိုယ်တိုင်ကာကွယ်လို့ရတဲ့ နည်းလမ်းလေးတွေ ပြောပြပေးမယ်နော်။

### အကွာအဝေးကိုသတိထား

မိဘတွေနဲ့ဖြစ်ဖြစ်၊ သူငယ်ချင်းတွေနဲ့ဖြစ်ဖြစ် ခပ်ခွာခွာနေပေးတာက ရောဂါမကူးစက်နိုင်ဖို့အတွက် အကောင်းဆုံးကာကွယ်နည်းလမ်းပါပဲ ကလေးတို့ရေ။ ဖြစ်နိုင်ရင် တစ်ယောက်တည်း အိပ်စက်တတ်အောင် ကြိုးစားကြည့်ပါ။ ပြီးတော့ ဘယ်သူနဲ့ဖြစ်ဖြစ် ကလေးတို့ရဲ့ လက်နှစ်ဖက်ကို ဆန့်တန်းထားတဲ့အကွာအဝေးကနေပဲ စကားပြောတာ၊ ဆော့ကစားတာမျိုးကို လုပ်နိုင်မယ်ဆိုရင် ရောဂါပိုးက ကလေးတို့ဆီမလာနိုင်တော့ဘူးပေါ့။


### နှာခေါင်း၊ ပါးစပ်စည်းတွေတပ်ပါ၊ မျက်နှာဖုံးတပ်ပါ

ဒါကလည်း ကလေးတို့အားလုံးရင်းနှီးနေပြီလို့ မမကတော့ ထင်ပါတယ်။ အပြင်သွားတိုင်း၊ ဒါမှမဟုတ် လူတစ်ယောက်ယောက်နဲ့ စကားပြောတိုင်းမှာ မျက်နှာဖုံးတွေနဲ့ နှာခေါင်းစည်းတပ်ထားမှုက ကလေးတို့ဆီ ရောဂါပိုးတွေမလာနိုင်အောင် ကာဆီးပေးထားပါလိမ့်မယ်။ ရောဂါပိုးဟာ ကလေးတို့ရဲ့ ပါးစပ်၊ နှာခေါင်းနဲ့ မျက်လုံးတို့ကနေ ဝင်ရောက်နိုင်တာမို့ အဲဒီနေရာတွေကို လူတွေနဲ့ တွေ့တဲ့အခါတိုင်း ကာကွယ်ထားဖို့မမေ့ပါနဲ့နော်။



### လက်ဆေးပါ

အားလုံးပဲ လက်ဆေးပြီးကြပြီလား။ တစ်နေ့မှာရောဘယ်နှခါ လက်ကိုဆေးဖြစ်သလဲ။ လက်ကိုဆေးတဲ့အခါမှာလည်း တစ်ထောင်ကနေ နှစ်သောင်းအထိ တစ်ထောင်၊ နှစ်ထောင်၊ သုံးထောင် စသည်ဖြင့် ရေတွက်ပြီးဆေးဖို့လိုပါတယ်။ ကြာရမယ့်အချိန်ကတော့ စက္ကန့် ၂၀ မို့ အဲဒီလို ရေတွက်မယ်ဆိုရင် အတော်ပဲဖြစ်ပါလိမ့်မယ်။ အစာမစားမီနဲ့ သူများနဲ့ ထိတွေ့ပြီးတိုင်း၊ မျက်နှာကို ကိုင်တွယ်တော့မယ်ဆိုတိုင်း လက်ဆေးပေးဖို့ သတိထားကြရမယ်နော်။



### သန့်ရှင်းအောင်ထားပါ

အရုပ်တွေ၊ သုံးပြီးသား နှာခေါင်းစည်းတွေနဲ့ ကလေးတို့ စာအုပ်အဖုံးတွေမှာ ကိုဗစ်–၁၉ ရောဂါပိုးက ကပ်နေတတ်ပါတယ်။ နောက်ပြီးတော့ ကလေးတို့ သုံးမယ့် မုန့်ဖိုးဖြစ်တဲ့ ပိုက်ဆံတွေနဲ့ ကလေးတို့ အင်္ကျီတွေပေါ်မှာလည်း ဗိုင်းရပ်စ်က ကပ်နေတတ်တဲ့အတွက် အရာဝတ္ထုအားလုံးကို သန့်ရှင်းအောင် အမြဲဂရုစိုက်ဖို့လိုပါတယ်။

# ကော့သောင်းမြို့ ပုလုံးတုံတုံးတံတားသစ်မှ ပြည်သူများအား စတင်ဖြတ်သန်းသွားလာခွင့်ပြု



ကော့သောင်း စက်တင်ဘာ ၁၂

**တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နှင့် ပုလုံးတုံတုံးပင်လယ်ကျွန်းရွာသို့ ဆက်သွယ်တည်ဆောက်လျက်ရှိသည့် ပုလုံးတုံတုံးပင်လယ်ဖြတ်ကူး ကွန်ကရစ်တံတားသစ်ကြီး တည်ဆောက်မှုလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ရာ ယမန်နေ့မှစတင်ကာ အများပြည်သူနှင့် မော်တော်ယာဉ်များ စတင်ဖြတ်သန်းသွားလာခွင့်ပြုပြီဖြစ်သည်။**

ယင်းနေ့နံနက်ပိုင်းက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်ဇော်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် တံတားတည်ဆောက်ရေး ယာယီရုံးခန်းတွင် သံဃာတော်များအား အရုဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ပရိတ်တရားတော်များ နာယူကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က ဘေးအန္တရာယ်အပေါင်းမှကင်းဝေးစေရေး တံတားသစ်ကြီးပေါ်တွင် အမွှေးနံ့သာရည်များ ပက်ဖျန်းပေး၍ တံတားကြီးပေါ်မှ အများပြည်သူများအား စတင်ဖြတ်သန်းသွားလာခွင့်ပြုခဲ့ကြခြင်း ဖြစ်သည်။

အဆိုပါတံတားသည် ကော့သောင်းမြို့နှင့် ပုလုံးတုံတုံးကျေးရွာကို ဆက်သွယ်သွားလာမည့် ပင်လယ်ဖြတ်ကူးတံတားဖြစ်ပြီး အရှည်ပေ ၂၄၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် ၅ ပေ ၆ လက်မ၊ ရေလမ်းကင်းလွတ်အကျယ် ပေ ၈၀၊ ရေလမ်းကင်းလွတ်အမြင့် သုံးပေ၊ View Deck အကျယ်၁၀ပေရှိပြီး အဆိုပါ စီမံကိန်းကို ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ရန်ပုံငွေကျပ်သန်း ၁၃၄၄၀ အသုံးပြုကာ ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်းက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ တံတားကြီးသည် ဒေသတွင်းလူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ရေထွက်ကုန်ပစ္စည်း ရောင်းချတင်ပို့မှုနှင့် ဒေသခံပြည်သူများ၊ခရီးသွားဧည့်သည်များ ဖြတ်သန်းသွားလာမှု လွယ်ကူမြန်ဆန်လာကာ ကော့သောင်းဒေသ၏ ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာနိုင်ကြောင်းသိရသည်။

**ကျော်စိုး (ကော့သောင်း)**

## ဒုတိယအကြိမ် ကိုဗစ်-၁၉ ချေးငွေ ပထမအသုတ် ထုတ်ယူရန် စက်တင်ဘာလ ဒုတိယပတ်အတွင်း ကြေညာမည်

**ရန်ကုန် စက်တင်ဘာ ၁၂**

ပြည်တွင်း SMEs လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများအတွက် ဒုတိယအကြိမ်မြောက် ကိုဗစ်-၁၉ ချေးငွေ ကျပ်ဘီလီယံ ၁၀၀ ထုတ်ချေးပေးရာတွင် ပထမအသုတ် ချေးငွေထုတ်ယူရန် စက်တင်ဘာလ ဒုတိယပတ်အတွင်း ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှုအသင်းချုပ်(UMFCCI) ကိုဗစ်ချေးငွေ စိစစ်ရေးကော်မတီအဖွဲ့မှ သိရသည်။

"ချေးငွေကတော့ ဒုတိယအကြိမ်ရဲ့ ပထမအသုတ်ကို အစောဆုံး စက်တင်ဘာလ ဒုတိယပတ်လောက်မှာ ထုတ်ပြန်ကြေညာပေးနိုင်လိမ့်မယ်လို့ မှန်းထားပါတယ်။ ပြီးရင် လုပ်ငန်းရှင်က ချေးငွေခွင့်ပြုတဲ့စာအုပ်တွေ လာထုတ်မယ်။ ပြီးရင် သက်ဆိုင်ရာဘဏ်နဲ့ ချိတ်ဆက် စာချုပ်ပြီး ငွေထုတ်ရုံပါပဲ။ ကိုဗစ်က အခုကာလမှာ ပြည်တွင်းပိုးတွေ့လူနာတွေ ဖြစ်ပွားလာတာတွေ့ရတော့ လူတွေကလည်း ကြောက်လာကြတယ်။ ဒီအတွက် ဒီရက်ပိုင်းတွေမှာ အရောင်းအဝယ်တွေ အတော်ကို လျော့ကျသွားတယ်။ ဒီလိုဖြစ်နေတဲ့အပေါ်မှာ ကျွန်တော်တို့ ကုန်သည်စက်မှု အသင်းချုပ် (UMFCCI)အနေနဲ့လည်း ကိုဗစ်-၁၉ ချေးငွေတွေကို အမြန်ဆုံးဆိုသလို အပြင်ကိုရောက်အောင် ထုတ်ချေးပေးနိုင်အောင် စိစစ်မှုတွေ မြန်မြန်ဆန်ဆန် ကြိုးစားဆောင်ရွက်နေပါတယ်"ဟု ကုန်သည်စက်မှုအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူးချုပ် ဦးအေးဝင်းက ပြောသည်။

လက်ရှိအချိန်တွင် ကုန်သည်စက်မှုအသင်းချုပ်၌ ကိုဗစ်-၁၉ ချေးငွေ ဒုတိယအကြိမ်၏ ပထမအသုတ် ချေးငွေများ ထုတ်ချေးပေးနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းမှ လုပ်ငန်းရှင်များ လျှောက်ထားလာသော ချေးငွေလျှောက်လွှာများကို သက်ဆိုင်သည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကုန်သည် စက်မှုအသင်းချုပ်၏ လက်အောက်ခံ ညီနောင်အသင်းများမှ အဖွဲ့ဝင်များ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က စိစစ်၍ မြန်ဆန်စွာ ချေးငွေများ ထုတ်ပေးသွားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချေးငွေများ ဒုတိယအကြိမ်ထုတ်ပေးရန်အတွက် လျှောက်ထားမှုတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လုပ်ငန်းရှင်များထံမှ လျှောက်လွှာ ၇၆၀၀ ကျော်၊ UMFCCI အသင်းချုပ်သို့ တိုက်ရိုက်လျှောက်ထားသည့် လျှောက်လွှာ ၁၅၀၀ ကျော်နှင့် အွန်လိုင်းမှလျှောက်ထားသည့် လျှောက်လွှာ ၈၀၀ ကျော်၊ စုစုပေါင်းလျှောက်လွှာ ၁၀၀၀၀ ကျော်ကို လက်ခံရရှိပြီး ပထမအသုတ် ချေးငွေထုတ်ပေးရန် အဆိုပါ လျှောက်လွှာများကို စိစစ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ပထမအသုတ် ချေးငွေများ ထုတ်ပေးရာတွင် ပြည်တွင်း စီးပွားရေးဘဏ်များအပြင် ပြည်တွင်းပုဂ္ဂလိကဘဏ် ရှစ်ခုမှလည်း ထုတ်ပေးမည်ဖြစ်ပြီး ချေးငွေရရှိသူများသည် မိမိတို့ သက်ဆိုင်ရာမြို့နယ်များတွင် စာချုပ်ချုပ်ဆိုပြီး ချေးငွေထုတ်ယူနိုင်မည်ဖြစ်ကြောင်းနှင့် ချေးငွေအတွက် အတိုးနှုန်းမှာ ၁ ရာခိုင်နှုန်းဖြစ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်မှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ရန်ကုန်မြို့ကြား ကုန်တင်သင်္ဘောများ ပုံမှန်ပြေးဆွဲလျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၂**

ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ရန်ကုန်မြို့ကြားမှ ကုန်တင်သင်္ဘောခရီးစဉ်များကို စက်တင်ဘာ ၁၀ ရက်အထိ ပုံမှန်ပြေးဆွဲလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဘုရင့်နောင် ကုန်တင်ကုန်ချဆိပ်ကမ်းရှိ ပြည်တွင်း ကုန်တင်ကုန်ချကော်မတီရုံးမှ သိရသည်။

" ဘုရင့်နောင် ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံးက လုပ်သား ၁၇၀ ရှိပါတယ်။ လက်ဆေးဖို့နေရာ စီစဉ်ထားပေးပါတယ်။ ဆိပ်ကမ်းထဲဝင်တဲ့သူတိုင်း နှာခေါင်းစည်းတပ်ဖို့ စစ်ဆေးပြီးမှ ကုန်တင်ကုန်ချလုပ်ငန်းကို လုပ်ကိုင်စေပါတယ်။ စစ်တွေနဲ့ အခြားနယ်ကဝင်လာတဲ့ သင်္ဘောတွေကို ရေလယ်မှာ ရပ်ထားစေပြီး ကျန်းမာရေး စစ်ဆေးပြီးမှ ဆိုက်ကပ်ခံပါတယ်။ တစ်နေ့က စစ်တွေကဝင်လာတဲ့ ထွန်း္ဓခေါင်ဝင်းရေယာဉ်ကို ဗားကရာမှာစစ်ဆေးတာ ကိုဗစ်-၁၉ တစ်ယောက်ပေါ်လို့ ရေလယ်မှာပဲ သွားလာကန့်သတ်ထိန်းချုပ်ထားပြီး ရပ်နားထားပြီး ဒီဘက်က ကမ်းရိုးတန်းစက်လှေများ အသင်းက စားသောက်စရာတွေ ပို့ပေးထားပါတယ်" ဟု ဘုရင့်နောင် ကုန်တင်ကုန်ချဆိပ်ကမ်းမှ ကြီးကြပ်ရေးမှူး ဦးအောင်နိုင်ဦးက ပြောသည်။

ရန်ကုန်မှ စစ်တွေမြို့သို့ ကုန်များပို့ဆောင်ပေးနေသည့် အဓိကကုန်တင်ကုန်ချဆိပ်ကမ်းသုံးခုဖြစ်သော မရမ်းကုန်းမြို့နယ်ရှိ ဘုရင့်နောင်ကုန်တင်ကုန်ချဆိပ်ကမ်း၊ လှိုင်မြို့နယ်ရှိ ချောင်းဝဆိပ်ကမ်းနှင့် ကြည့်မြင်တိုင်မြို့နယ် ဗားကရာဆိပ်ကမ်းတို့မှ ပြည်တွင်းသင်္ဘောလိုင်းများမှာ စစ်တွေမြို့သို့ ကုန်စည်များ ပုံမှန်ပြေးဆွဲပို့ဆောင်ပေးနေသည့်အပြင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်မှ ဆိပ်ကမ်းများ၊ တနင်္သာရီတိုင်းဒေသကြီးရှိ မြိတ်၊ ကော့သောင်းမြို့များသို့လည်း ပြေးဆွဲလျက်ရှိပြီး လက်ရှိအချိန်တွင် ကိုဗစ်- ၁၉ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ချမှတ်ထားသည့် လုပ်ထုံး လုပ်နည်း စည်းကမ်းများအတိုင်း ပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံး၊ ရေကြောင်းရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာန၊ ကမ်းရိုးတန်း စက်လှေများအသင်းတို့က ဆောင်ရွက်နေကြောင်း သိရသည်။

" ရန်ကုန်ကနေ စစ်တွေကိုဆို သင်္ဘောအကြီးအသေးအပေါ် မူတည်ပြီး ဘုရင့်နောင်တံတားမှာ ကုန်တင်ချိန်ကသုံးရက်မှ ငါးရက်အထိ ကြာပါတယ်။ ရာသီဥတုကောင်းရင် ရန်ကုန်မှ စစ်တွေကို သုံးညအိပ်လေးရက် မောင်းတာနဲ့ ရောက်တယ်။ ကုန်သည်တစ်ယောက် ကုန်ကူးမယ်ဆိုရင် ကုန်တင်တာ၊ လမ်းခရီးမှာ မောင်းတာ၊ ကုန်ချတာနဲ့ဆို အနည်းဆုံး ၁၅ ရက်လောက်ကြာတယ်။ စစ်တွေ ဆက်ရွေးချချောင်းမှာ ဆိပ်ခံတံတား သုံးခုရှိတယ်။ အဲဒီမှာ ဆိုက်ကပ်တယ်။ သင်္ဘောက ကျွန်တော်တို့လိုင်းထဲမှာ အစင်းရေ ၂၀ ကျော် ရှိတယ်။ တစ်လကို ၁၅ စင်း၊ ၁၆ စင်း ထွက်တာရှိတယ်။ တန် ၅၀၀ ကနေ တန် ၁၁၀၀ အထိ စားသောက် ကုန်၊ လူသုံးကုန်တွေ တင်ပါတယ်။ ပါဆယ်ကတော့ လက်ခံပါတယ်။ ငါးရက်လောက် ကြာတာပေါ့"ဟု ကုန်တင်သင်္ဘောအေးဂျင့် တာဝန်ခံတစ်ဦးက ပြောသည်။

**သန့်ဇင်ဝင်း**



ဗားကရာဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော ပြည်တွင်းသင်္ဘောလိုင်းများမှ ရေယာဉ်များ။

## ကိုဗစ်-၁၉ ကာလအတွင်း အခက်အခဲများကြောင့် နယ်စပ်ဂိတ်များကို အမှီပြု၍ လုပ်ကိုင်စားသောက်နေသူများ အဆင်မပြေဖြစ်နေ

**မူဆယ် စက်တင်ဘာ ၁၂**

ကိုဗစ်-၁၉ ရောဂါကြောင့် နယ်စပ်ဂိတ်များတွင် အဝင် အထွက်စနစ်များအမျိုးမျိုး ပြုပြင်ပြောင်းလဲမှုရှိနေသဖြင့် ကုန်တင်ယာဉ်ကြီးများမှာ မူဆယ် (၁၀၅)မိုင် ပြည်ထောင်စုလမ်းမကြီးပေါ်၌ ရက်ရှည်ကြာမြင့်စွာ စောင့်ဆိုင်းနေရသည့်အတွက် ယာဉ်မောင်းများအပါအဝင် ကုန်သည်၊ ပွဲရုံပိုင်ရှင်များ၊ ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းရှင်များ ဆုံးရှုံးနစ်နာမှုများ ရှိနေသကဲ့သို့ ကုန်သွယ်ရေးဇုန်ကို အမှီပြုပြီး လုပ်ကိုင်စားသောက်နေရသည့် ကုန်တင်ကုန်ချလုပ်သားများသည်လည်း ယာဉ်အဝင်အထွက် ပုံမှန်မရှိခြင်းနှင့်အတူ လုပ်အားခများ ပုံမှန်မရရှိသည့်အတွက် မိသားစုအိမ်ခန်းငှားရမ်းခ၊ ရေဖိုး၊ မီးဖိုး၊ ကျန်းမာရေးစသည်တို့အတွက် မျိုးစုံသော အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။



မူဆယ် ကုန်သွယ်ရေးဇုန်ထဲတွင် ပြည်တွင်း ကုန်တင် ကုန်ချလုပ်သားပေါင်း ၆၀၀ ကျော်ရှိပြီး ပုံမှန်ကာလတွင် အဆိုပါ လုပ်သားများသည် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ပြည်တွင်းနှင့် ပြည်ပ တရုတ်နိုင်ငံမှ ဝင်ရောက်လာသည့် ကုန်တင်ယာဉ်ကြီးများပေါ်မှ ကုန်ပစ္စည်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ညွှန်ကြားမှုများဖြင့် ဖွင့်ဖောက်စစ်ဆေးခြင်း၊ အတင်အချ ပြုလုပ်ပေးခြင်း၊ လားရှိုးနှင့် ကွတ်ခိုင်မူဆယ်ကြား၌ ကုန်တင်ယာဉ်များ အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲများရှိပါက ယာဉ်ပေါ်ပါ ကုန်စည်များကို လိုအပ်လျှင် လိုအပ်သလို ကုန်တင်ယာဉ်တစ်စီးနှင့်တစ်စီး သွားရောက်ပြောင်းရွှေ့ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယခု ကိုဗစ်-၁၉ ကာလတွင်မူ ကုန်တင်ယာဉ်ကြီးများ ပုံမှန် ဝင်ရောက်သွားလာမှု လျော့နည်းနေသည်နှင့် အမျှ ကုန်တင်ကုန်ချလုပ်သားများအတွက် လုပ်အားခများမှာလည်း ပုံမှန်မရရှိတော့ဘဲ စားဝတ်နေရေးအတွက် အခက်အခဲများဖြစ်လာကြောင်း ကုန်တင်ကုန်ချလုပ်သားအချို့က ပြောသည်။

ကုန်သွယ်ရေးဇုန် ညွှန်ကြားရေးမှူး ဦးတင်ရဲဝင်းက ဆင်ဖြူဂိတ်ကိုဖွင့်ပြီး မြန်မာနိုင်ငံဘက်မှ ကုန်မဲ့ကားများကို တရုတ်နိုင်ငံထဲသို့ ဝင်ခွင့်ပေးရန်နှင့် တရုတ်နိုင်ငံထဲမှ မြန်မာဘက်သို့သွင်းမည့် ယာဉ်ယန္တရားများကို မြန်မာဘက်သို့ ထွက်ခွင့်ပေးရန် တောင်းဆိုထားသော်လည်း ယခုအချိန်အထိ တရုတ်နိုင်ငံဘက်မှ တုံ့ပြန်ခြင်းမရှိသေးကြောင်း ပြောကြားသည်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ထဲသို့ စက်တင်ဘာ ၉ ရက်တွင် ပို့ကုန်ယာဉ်ကြီး ၂၂၄ စီး၊ ယာဉ်ငယ်ငါးစီး၊ ဒေသသုံးယာဉ် ၁၈ စီး စုစုပေါင်း ပို့ကုန်ကား ၂၄၇ စီးနှင့် ၄က်ပျောကား ခြောက်စီး၊ ဖရဲကား ၁၆ စီး ဝင်ရောက်ခဲ့ပြီး သွင်းကုန်ယာဉ်အနေဖြင့် ယာဉ်ကြီးအစီး ၃၁၀၊ ယာဉ်ငယ် သုံးစီးနှင့် ဒေသသုံးယာဉ် ၁၈ စီး စုစုပေါင်း သွင်းကုန်ကား ၃၃၁ စီး ဝင်ရောက်မှုရှိခဲ့ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# ဒါရိုက်တာကြည်စိုးထွန်းနှင့် မင်းသားကြီး (ဒုတိယပိုင်း)

## ဒါရိုက်တာကြည်စိုးထွန်း တွေ့ဆုံမေးမြန်းသည်

**ကြည်စိုးထွန်း** ။ ။ အရင်အပတ်ကတော့ ကျွန်တော်တို့မင်းသားကြီးနဲ့ တွေ့ဆုံခဲ့ရတဲ့ ဒါရိုက်တာတွေအကြောင်း၊ တွဲခဲ့ရတဲ့ မင်းသားတွေအကြောင်း၊ မင်းသမီးတွေအကြောင်းလည်း တော်တော်များများ စုံခဲ့ပြီပေါ့။ ကဲ ဒီတစ်ပတ်တော့ ကျွန်တော်တို့ ဒုတိယပိုင်းအနေနဲ့ မင်းသားကြီးရဲ့ ဖြတ်သန်းလာရတဲ့ ဘဝခရီးနဲ့ကျွန်တော်တို့ရဲ့ ရုပ်ရှင်လောကရဲ့ သမိုင်းလေးကို ဆက်ပြောကြရအောင်။

**မင်းသားကြီးမြင့်စိုး**။ ။ ဟုတ်ကဲ့ ကြိုးစားလိုက်ကြရအောင်ပေါ့ဗျာ။

**ကြည်စိုးထွန်း** ။ ။ အဲဒီတော့ မင်းသားကြီးက တစ်ခါဒီလိုခေတ်ကားတွေ ပေါ့လေ။ ဖိုက်တင်တွေရိုက်လိုက်၊ အနုအရွလေးတွေ ရိုက်လိုက် အဲဒီလိုရိုက်ရာကနေပြီးတော့ ရာဇဝင်ကားရိုက်တာ တွေ့ရတယ်။ အဲဒီမှာ မင်းသားချောတွေနဲ့ပဲ ပြိုင်ရတာ ဟုတ်လား။ ကိုမြင့်အောင် ဆိုတာလည်း မင်းသားချောပဲ။

**မင်းသားကြီးမြင့်စိုး**။ ။ ဟုတ်ကဲ့။

**ကြည်စိုးထွန်း** ။ ။ ခင်မောင်ဇင်လည်း မင်းသားချောပဲ။ ကိုဇော်ဦးတို့ အဖေပေါ့နော်။ ဇော်ဦးတို့ အဖေပေါ့။

**မင်းသားကြီးမြင့်စိုး**။ ။ ဟုတ်ကဲ့။

**ကြည်စိုးထွန်း** ။ ။ အဲဒီတော့ ကိုခင်မောင်ဇင်နဲ့ တွဲရိုက်တဲ့ ကားလေး အကြောင်းလည်း ပြောပါဦး။ 'ရာဇဒါဏ်' ထင်တယ်နော်။

**မင်းသားကြီးမြင့်စိုး**။ ။ 'ရာဇဒါဏ်' ကို ကျွန်တော်တို့ရိုက်တော့ ခင်မောင်ဇင်ရဲ့ အစ်ကိုအဖြစ် ကျွန်တော်ကလုပ်ပါတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ ကျွန်တော်က ဘုရင်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ ခင်မောင်ဇင်က စစ်သူကြီးပေါ့ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ ပဒေသာဖလင်းကပဲနော် အဲဒါလည်း။

**မင်းသားကြီးမြင့်စိုး**။ ။ ပဒေသာဖလင်း။ အဲဒီမှာ နည်းနည်းရယ်စရာလေးကို မပြောခင်ပေါ့ ဆရာရယ်။ ခင်မောင်ဇင်ကို ကျွန်တော်ချစ်သွားတယ်၊ ခင်မောင်ဇင် သိပ်သဘောကောင်းတယ်ဆရာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ သူ့နာမည်က ဆန်နီလို့ခေါ်တယ်။



ဇော်ဦး



တင်တင်မူ

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ အင်မတန် သဘောကောင်းတာပဲ။ ကျွန်တော်နဲ့ တွေ့လို့ရှိရင် ညီအစ်ကိုအရင်းလိုပဲ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ မြို့ထဲမှာသွားတွေ့ရော ကျွန်တော်က အကျီသွား ချုပ်တာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ ဟာ ကိုမြင့်စိုးအတော်ပဲ လာပါဗျာ ကျွန်တော့်ပရိသတ် ရှိတယ်။ သွားမိတ်ဆက်ပေးမယ်၊ သူကပေါ်ပြူလာဖြစ်နေတဲ့အချိန်ပေါ့ ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ပေါ်ပြူလာဖြစ်နေတဲ့အချိန် သူ့ကိုကြိုက်နှစ်သက်တဲ့ ပရိသတ် အိမ်တွေရှိတယ်ပေါ့ ဆရာရယ်။ ခေါ်သွားမယ်ဆိုပြီးတော့ ကျွန်တော်က နေဦး ကိုခင်မောင်ဇင်၊ ကျွန်တော်အကျီသွားချုပ်မလို့။ အဲဒါ လိုက်ခဲ့ဆိုပြီး သူ့ကိုပါ ကျွန်တော်အကျီတစ်ထည်ချုပ်ပေးလိုက်တယ်။

**ကြည်စိုးထွန်း** ။ ။ ဩော်။

**မင်းသားကြီးမြင့်စိုး**။ ။ အဲဒီအကျီနဲ့ရိုက်ထားတဲ့ ဓာတ်ပုံလေး ဆရာ့ကို ကျွန်တော်ပေးမယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ ကျွန်တော့်အကျီဖျင်ပေါက်မျိုးတစ်စုံပေါ့ ဆရာရယ်။ သူတစ်ထည်၊ ကျွန်တော်တစ်ထည်ချုပ်တယ်။ ပြီးတော့ သူ့ပရိသတ်အိမ်ကို ကျွန်တော့်ကို ခေါ်သွားတယ်၊ ဟိုကျတော့ မိတ်ဆက်ပေးတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ သူက ကျွန်တော်နဲ့ ခင်မောင်ဇင်က နာမည်ကြီး နေပြီ ဆရာရဲ့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ မင်းသားလည်း မင်းသားချော၊ သူက ခုနကဆရာပြောတဲ့ မင်းသားဇော်ဦးတို့အဖေ။ ဆိုတော့ ဒါ မောင်မြင့် မင်းသား ကိုမြင့်စိုးပဲ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ အဲဒီကသူ့ပရိသတ်ရဲ့ အဖေကြီးက ရုပ်ရှင်ထဲမှာတော့ တွေ့ဖူးတယ်၊ တစ်ခါမှမတွေ့ဖူးဘူး အခုမှတွေ့ဖူးတယ်။



မြင့်အောင်၊ စံရှားတင်

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ ဆိုတော့ ဘာပြောလဲဆိုတော့ သူ့ရဲ့၊ ခင်မောင်ဇင်ကို ကြိုက်တဲ့ ပရိသတ်ရဲ့အဖေကြီးက သူ့သမီးတွေကို မင်းတို့ ခင်မောင်ဇင်နဲ့ မောင်မြင့်စိုးနဲ့ ဘယ်သူကချောလဲဆိုပြီး မေးတယ် ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ ဒါမမေ့နိုင်ဘူး။ ဘာပြောလဲဆိုတော့ အဲဒီအမျိုးသမီးတွေက ချောတာတော့ ခင်မောင်ဇင်က ချောတယ်တဲ့။



မေချစ်



ဆရာ ဇဝန

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ဒါပေမယ့် မြင့်စိုးက ပိုပြီးချစ်ဖို့ကောင်းတယ်တဲ့။ အဲဒီမှာတင် ကျွန်တော်အမှတ်ရသွားတာပေါ့ ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ တော်တော်ဖြေတတ်တာနော်၊ အဖြေကောင်းတယ်နော်။

**မင်းသားကြီးမြင့်စိုး**။ ။ အဲဒါလေး ပြောချင်လို့ပါ ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ ဩော် နောက်ပြီး တစ်ခုအမှတ်ရတယ်ပေါ့ ဆရာရယ်။ အဲဒီ 'ရာဇဒါဏ်' ရိုက်တော့ မှတ်မှတ်ရရ ဒါရိုက်တာက ကျော်အုန်းမောင်။ ရိုက်တော့ ကုမ္ပဏီက ပဒေသာဖလင်းက ပိုက်ဆံအကုန်အကျခံတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ ဘုရင်စီးဖို့အတွက် ကတ္တီပါဖိနပ်ဝယ်ပေးတယ်။ အခုခေတ် ဆရာရယ် ရုပ်ရှင် ကျွန်တော်တို့ ရုပ်မြင်သံကြားမှာ ရိုက်ရင် ခရိုမာနဲ့ ကာလာနဲ့ မတည့်တာတွေရှိတယ်ဟုတ်လား။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ပါတယ်။

**မင်းသားကြီးမြင့်စိုး**။ ။ အဲဒါတွေသဘောမျိုး သွားသတိရတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ အဲဒီမှာ ဒါရိုက်တာက ကတ္တီပါဖိနပ် ကျွန်တော့်ကို ဝယ်စီးခိုင်းတယ်။ စီးခိုင်းတော့ ဟိုတုန်းကရုပ်ရှင်က ဆရာရယ် black and white။ ကားထဲကျတော့ အဲဒီကတ္တီပါဖိနပ်ကြီးက ဂျပန်ဖိနပ်ကြီးနဲ့ သွားတူနေတယ်။

**ကြည်စိုးထွန်း** ။ ။ ဟား ဟား ဟား။

**မင်းသားကြီးမြင့်စိုး**။ ။ အောက်ကကြည့်တဲ့လူတွေက ဟာ ဘုရင်ကလည်း ဂျပန်ဖိနပ်ကြီးနဲ့ပါလားပေါ့။ အဲဒါလေးသတိရ ရှောင်စရာလေးတွေပေါ့ သတိရတယ် ဆရာ။

**ကြည်စိုးထွန်း** ။ ။ မှန်ပါတယ် မှန်ပါတယ်။ ကိုယ်ကတော့ အကောင်းစားပဲ။ ဒါပေမယ့် ဓာတ်ပုံထဲကျတော့ အညံ့စားကြီး ဖြစ်နေတော့လည်း။ တစ်ခါတလေကျတော့ အမြင်ကတစ်မျိုးဖြစ်သွားတာ သွားတွေ့တာပေါ့။




အဲဒီနောက်ကျတော့ တစ်ခါစတန့်မင်းသားထဲမှာ အင်မတန်ချောတဲ့ မင်းသားကြီးလို့လည်း ပြောရမှာပေါ့။ အင်မတန် စည်းကမ်းရှိပြီးတော့ အင်မတန် ကျန်းမာရေးလိုက်စားတဲ့ မင်းသားကြီးနဲ့ တွဲရပြန်ရော။

**မင်းသားကြီးမြင့်စိုး**။ ။ ဩော် ဟုတ်တယ်။

**ကြည်စိုးထွန်း** ။ ။ ဦးတင်ညွန့်နဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ ကိုတင်ညွန့်နဲ့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ အဲဒီကားကတော့ 'သစ္စာနဲ့မေတ္တာ'၊ မေသစ်ရယ် အဲဒီမှာ ဒါရိုက်တာရွှေဘော်ဗျ။

**မင်းသားကြီးမြင့်စိုး**။ ။ ဟုတ်တယ်။



မြင့်စိုး၊ ခင်ယုမေ

**ကြည်စိုးထွန်း** ။ ။ အောင်မင်္ဂလာက ရိုက်တာထင်တယ်။ ဒါရိုက်တာရွှေဘော်ကလည်း ကောင်းတာပဲ၊ တော်တာပဲ။

**မင်းသားကြီးမြင့်စိုး**။ ။ တော်တယ်ဆရာ။ သူက ဆေးရောင်စုံရိုက်ခဲ့တာပဲ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်တယ် ရန်ကုန်ရုပ်ရှင်ကပေါ့လေ သူ့အကြောင်း ကျွန်တော်အများကြီး ပြောဖူးပါတယ်။

**မင်းသားကြီးမြင့်စိုး**။ ။ တခိုင်လုံးရွှေတို့ ဘာတို့ ရိုက်ခဲ့တာ။

**ကြည်စိုးထွန်း** ။ ။ တော်ပါတယ်ခင်ဗျ တော်ပါတယ်။ ဟုတ်ကဲ့ ဒါနဲ့လည်း တွေ့ခဲ့ပြီးတော့ ဒါလည်းရိုက်ခဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ အဲဒီတင်ညွန့်ရုပ်ရှင်က တစ်ခုထပ်ရိုက်သေးတယ် ဆရာ။ 'မိမိကြီး' ဆိုတာရိုက်တယ်။

**ကြည်စိုးထွန်း** ။ ။ ဩော် ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ 'မိမိကြီး' ဆိုတာ ရိုက်တယ်။ ကြည်ကြည်ဌေးနဲ့ပေါ့။

**ကြည်စိုးထွန်း** ။ ။ ကြည်ကြည်ဌေးနဲ့ပေါ့နော်၊ အဲဒါလေးကတော့ ကျွန်တော်ရှာမတွေ့သေးဘူး။

**မင်းသားကြီးမြင့်စိုး**။ ။ ဟုတ်ကဲ့။

**ကြည်စိုးထွန်း** ။ ။ နောက်တစ်ခါကျတော့ ကိုယ်တိုင်ရိုက်တဲ့ဟာလို့ ပြောရမယ့်ဟာ တစ်ကားရှိတယ်နော်။

*စာမျက်နှာ ၂၅ သို့*

*စာမျက်နှာ ၂၄ မှ*

**မင်းသားကြီးမြင့်စိုး**။ ။ ဟုတ်ကဲ့ဆရာ။

**ကြည်စိုးထွန်း** ။ ။ 'မင်းကတော်'၊ ခင်ယုမေနဲ့ တွဲပြန်ပြီ။ မင်းသမီးတွေကလည်း အချောတွေနဲ့ချည်းတွဲတာ ကျွန်တော် တွေ့တယ်နော်။ သို့သော်လည်း မင်းသမီးအချောတွေနဲ့ တွဲတဲ့အထဲမှာ 'မုန်းပန်းတပွင့်' ကျတော့ တစ်မျိုးပဲနော်။ မေချစ်နဲ့တွဲတာ ဟုတ်လား။

**မင်းသားကြီးမြင့်စိုး**။ ။ 'မုန်းပန်းတပွင့်' မှာ မင်းသမီးသုံးယောက်နဲ့ တွဲတယ်ဆရာ။

**ကြည်စိုးထွန်း** ။ ။ ဩော် – မေချစ်ရယ်။

**မင်းသားကြီးမြင့်စိုး**။ ။ တင်တင်မူပါတယ်၊ နောက်ပြီးတော့ ဇာတ်မင်းသမီးလေးတစ်ယောက် နာမည်မေ့နေပြီ ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ အဲဒီမင်းသမီး တစ်ယောက်ပါတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ သုံးယောက်တွဲတော့ အဲဒီမှာဆရာရယ် အဲဒီ 'မုန်းပန်းတပွင့်' က ပထမဆုံးဒါရိုက်တာက ကျားဦးသိန်းမောင်။ ကျားဦးသိန်းမောင်က ကျွန်တော့်ဆရာဖြစ်တဲ့အတွက် အဲဒီဆောင်းဖလင်းက ဦးကျင်စိန်ကနေပြီးတော့ မောင်မြင့်စိုး ဒါရိုက်တာတစ်ယောက်နဲ့ ဆက်သွယ်ပေးပါ။

**ကြည်စိုးထွန်း** ။ ။ ဩော် ဟုတ်ပြီ။

**မင်းသားကြီးမြင့်စိုး**။ ။ ကျွန်တော်ကလည်း ရှင်းရှင်းပြောရရင် အခုခေတ်လိုပေါ့ ဆရာရယ် အနုပညာလည်းတော်ရမယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ စိတ်နေစိတ်ထားလည်း ကောင်းရမယ်။

**ကြည်စိုးထွန်း** ။ ။ ကိုယ်နဲ့လည်း အဆင်ပြေရမယ်။

**မင်းသားကြီးမြင့်စိုး**။ ။ အကျင့်စာရိတ္တလည်း ကောင်းရမယ်၊ ဘက်စုံပေါ့ ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ ဖြစ်တဲ့ပုဂ္ဂိုလ်နဲ့တွဲမှ နို့မို့ဆို ကြားထဲကပွဲစားက နာမည်ပျက်မယ်ပေါ့။

**ကြည်စိုးထွန်း** ။ ။ မှန်တာပေါ့။

**မင်းသားကြီးမြင့်စိုး**။ ။ ကျွန်တော် စိတ်ချရတဲ့ ရိုးလည်းရိုးသားတဲ့။



ဒီသီချင်းတွေ ဓာတ်ပြားသွင်းပြီးရောင်းဖို့။ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပေါ့ ဆရာရယ်။ ဒါကဘာလို့လဲဆိုတော့ အေဝမ်းမှာလည်း ဟိုတုန်းက ဒီလိုလုပ်တာကိုး။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ အေဝမ်းဓာတ်ပြား လုပ်တုန်းက။ ကျားဦးသိန်းမောင်က သီချင်းတော့ သီချင်းပေါ့။ ဒါပေမယ့် ဇာတ်လမ်းကို ဦးစားပေးပြီးတော့ ရိုက်ချင်တယ်။

**ကြည်စိုးထွန်း** ။ ။ ဒါပေါ့။

**မင်းသားကြီးမြင့်စိုး**။ ။ ဆရာတို့လိုပေါ့။ သူ့ဇာတ်လမ်းက ကျောရိုးမပျက်စေချင်ဘူးပေါ့။ ကျွန်တော်တို့အထင်တော့ တစ်ယောက်တစ်ယောက် အဲဒီ ဇာတ်လမ်းအရလည်း ဖြစ်နိုင်တယ်။ တစ်ယောက်တစ်ယောက် ငွေပေးငွေယူ တစ်ယောက် တစ်ယောက် ကတိမတည်တာတွေလည်း ဖြစ်နိုင်သလို တစ်ခုခုပေါ့ ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ တစ်စုံတစ်ခုပေါ့။

**မင်းသားကြီးမြင့်စိုး**။ ။ အကြောင်းတစ်ခုခုတော့ ရှိမှာပေါ့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ အဲဒါနဲ့ ဦးသိန်းမောင်နဲ့ ကျားသိန်းမောင်နဲ့ မရိုက်ဖြစ်ဘူး။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

မင်းသားကြီး ကယ်ရီဂရန်(Carry Grant) လေ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ပ့ါ။

**မင်းသားကြီးမြင့်စိုး**။ ။ ကယ်ရီဂရန်နဲ့ သွားတူတယ်ဆရာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်တယ် အဲဒါနဲ့လည်း တစ်ခါ 'ဤရုပ' ဆိုတာ ရိုက်ဖြစ်တယ်နော်။

**မင်းသားကြီးမြင့်စိုး**။ ။ 'ဤရုပ' ရိုက်တော့ ဖိုးပါကြီးပါတယ်။

**ကြည်စိုးထွန်း** ။ ။ အဲဒါက ဇဝနရဲ့ဝတ္ထုလား။

**မင်းသားကြီးမြင့်စိုး**။ ။ ဟုတ်ပါတယ်ဆရာ။ ဆရာဇဝနရဲ့ ဇာတ်ထုပ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ သူကဖိုးပါကြီးနဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ ကျွန်တော်နဲ့။

**ကြည်စိုးထွန်း** ။ ။ မင်းသားကြီးနဲ့က လိမ်ကြတာနော် လိမ်ကြတာ။

**မင်းသားကြီးမြင့်စိုး**။ ။ Mistake ပေါ့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ ဇာတ်လမ်းက ဖိုးပါကြီးက စာရေးဆရာ။ ကျွန်တော်က ဂီတဆရာ။ ဂီတဝါသနာ သူကစာရေးတာ။ စာရေးတော့ စွံတော့ သူကို စာရေးဆရာဆိုတော့ မိန်းကလေးတွေက မိတ်ဆက်ကြတာပေါ့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ စာဖတ်ပရိသတ်အမျိုးသမီးတွေက။

**မင်းသားကြီးမြင့်စိုး**။ ။ စာရေးဆရာနာမည်တောင် သူက တော်တော်ရုပ်ဆိုးနာမည်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ကုသ မှတ်လား။

**မင်းသားကြီးမြင့်စိုး**။ ။ ကုသ ဟုတ်တယ် ကုသ။ ကုသဆိုတဲ့ နာမည်နဲ့ မိတ်ဆက်ကြတော့ မင်းသမီးတင်တင်မူက မိတ်ဆက်တာပေါ့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ ဆရာကုသရှင့် ဆရာ့စာတွေက သိပ်နု သိပ်လှတယ်။ အရေးအသားလည်း သိပ်အဖွဲ့အနွဲ့တွေ သိပ်ကောင်းတယ် ဆိုတော့ ဆရာ့ကို မိတ်ဆက်ချင်ပါတယ်။ ဆရာ့ဓာတ်ပုံလေးကျေးဇူးပြုပြီးတော့ ကျွန်မဆီကို ပို့ပေးပါရှင်ပေါ့ ကျွန်မမျှော်လင့်ပါတယ်။ ဘာဘာညာညာနဲ့ပေါ့ ဆရာရယ်။ မြူတင်လေးနဲ့ လုပ်လိုက်တော့ သူက သူ့ပုံကို ပြလို့ရှိရင် သူ့ကို။

**ကြည်စိုးထွန်း** ။ ။ ခါမယ်ပေါ့ ခါမှာစိုးလို့။

**မင်းသားကြီးမြင့်စိုး**။ ။ ကဲ မြင့်စိုး မင်းဓာတ်ပုံနဲ့ ငါပေးလိုက်မယ်ကွာဆိုတော့ ကျွန်တော့် ဓာတ်ပုံလှလှလေးကိုပေးလိုက်ရော။

**ကြည်စိုးထွန်း** ။ ။ ဟုတ်။



ကိုမျိုးလှိုင်



ဒါရိုက်တာ မြတ်တင်အေး



မျိုးချစ်စိန်



တက္ကသိုလ်နေဝင်း



တက္ကသိုလ်စိုး

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ ဒါနဲ့ ဦးသိန်းမောင်နဲ့ ဆက်သွယ်ပေးလိုက်တယ်။ ဘယ်လိုဖြစ်လာလဲဆိုတော့ အဲဒီ ဦးကျင်စိန်ဆိုတာ ဒါရိုက်တာမြတ်တင်အေးရဲ့အဖေပါ။ ငယ်ငယ်လေး ရှိသေးတယ်။ ဦးကျင်စိန်က သူက ဟိုတုန်းက ပဒေသာဓာတ်ပြားကုမ္ပဏီမှာ သူကအကြီးဆုံး ကိုမျိုးလှိုင်တို့လူပေါ့ ဒီလိုခေတ်။

**ကြည်စိုးထွန်း** ။ ။ ခွေးတံဆိပ်။

**မင်းသားကြီးမြင့်စိုး**။ ။ ခွေးတံဆိပ်မဟုတ်ဘူး၊ ပဒေသာဓာတ်ပြား။

**ကြည်စိုးထွန်း** ။ ။ ပဒေသာက ကိုမျိုးလှိုင် မဟုတ်လား။

**မင်းသားကြီးမြင့်စိုး**။ ။ ကိုမျိုးလှိုင်လေ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်လား။

**မင်းသားကြီးမြင့်စိုး**။ ။ ကိုမျိုးလှိုင်နဲ့ သူက အတူတူပဲ လုပ်ခဲ့တာ။

**ကြည်စိုးထွန်း** ။ ။ ဩော် ဟုတ်လား။

**မင်းသားကြီးမြင့်စိုး**။ ။ လုပ်ခဲ့တော့ ဦးကျင်စိန်က သူက သီချင်းအကြောင်း နားလည်တယ်။ သီချင်းကို ဟိုတုန်းက ဆရာရွှေပြည်အေးတို့ ဘာတို့ တက္ကသိုလ်စိုးတို့ အဲဒီလိုနာမည်ကြီးတဲ့ ဆရာတွေနဲ့ သီချင်းရေးခိုင်းတာ။

**ကြည်စိုးထွန်း** ။ ။ ဩော် ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ သီချင်းတွေကလည်း အလွန်ကောင်းတယ်။ ကျွန်တော်လည်း အဆိုတော် ပြဇာတ်မင်းသားဆိုတော့ သီချင်းတွေ အဲဒီ ဇာတ်ထုပ်မှာ သီချင်းပဲ ဆယ်ပုဒ်ဆယ့်ငါးပုဒ်လောက် ဆိုရတယ်။ သီချင်းတွေကလည်း အလွန်ကောင်းတယ်။

**ကြည်စိုးထွန်း** ။ ။ Musical ဖြစ်တာပေါ့။

**မင်းသားကြီးမြင့်စိုး**။ ။ ရည်ရွယ်ချက်က ဇာတ်ကားထွက်သွားပြီးရင်

**မင်းသားကြီးမြင့်စိုး**။ ။ မရိုက်ဖြစ်တော့ ကျွန်တော်က မေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက မောင်မြင့်စိုး၊ ဘာမှမပူနဲ့ သီချင်းကောင်းတယ်။ ဒါနဲ့ ဦးကျင်စိန်နဲ့ ရိုက်ဖြစ်တယ်။ သီချင်းတွေက ပေါက်တယ်။ ဇာတ်ကားကတော့ သိပ်ပြီး အောင်မြင်တဲ့အထိ မရောက်ဘူးပေါ့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ မှန်တန်းပဲသွားတာပေါ့။

**ကြည်စိုးထွန်း** ။ ။ နောက်ကျတော့ ခုနက 'ဤရုပ'။

**မင်းသားကြီးမြင့်စိုး**။ ။ 'ဤရုပ' ဟုတ်ပြီဆရာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ဖိုးပါကြီးနဲ့နော်၊ ဖိုးပါကြီးနဲ့တင်တင်မူနဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ ဟုတ်ပါတယ်။

**ကြည်စိုးထွန်း** ။ ။ ဒါရိုက်တာက တက္ကသိုလ်နေဝင်း။

**မင်းသားကြီးမြင့်စိုး**။ ။ ဗိုလ်ထွန်းလှ ဆရာ။

**ကြည်စိုးထွန်း** ။ ။ ဗိုလ်ထွန်းလှပေါ့။ ရုပ်ရှင်အင်မတန်ဝါသနာပါတာကိုး။

**မင်းသားကြီးမြင့်စိုး**။ ။ ဟုတ်တယ်။

**ကြည်စိုးထွန်း** ။ ။ ကျွန်တော်ဖတ်ဖူးတာက တက္ကသိုလ်နေဝင်းကို၊ အေဝမ်းကတောင်မှနော် ဗိုလ်ထွန်းလှကို သူက မင်းသားတင်ဖို့ အကြောင်းရှိတယ်။ မင်းသားလုပ်မလားဆိုပြီးတော့ စာရေးသေးတယ် ပြောတယ်။ သူက စာမပြန်ဘူးတဲ့ ဘာဖြစ်လို့လဲမသိဘူး စာမပြန်လိုက်လို့တဲ့။ အဲဒါလေး ကျွန်တော် တစ်နေရာမှာ ဖတ်ဖူးတယ်။

**မင်းသားကြီးမြင့်စိုး**။ ။ ပါးချိုင့်လေးနဲ့ ဆရာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ တက္ကသိုလ်နေဝင်းက ဟိုတုန်းက အင်္ဂလိပ်

**မင်းသားကြီးမြင့်စိုး**။ ။ ပို့လိုက်တော့ တင်တင်မူက စာရေးလည်းကောင်းတယ်၊ ရုပ်လည်းချောတယ်ဆိုတော့ စွဲလမ်းသွားပါလေရော ကုသကို။ ကျွန်တော်က ကုသဖြစ်နေတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ သူကလိုက်လာတော့ အဲဒီမှာ တလွဲတချော်တွေ ဖြစ်ကုန်တာပေါ့။

**ကြည်စိုးထွန်း** ။ ။ ဒါပေါ့ ဟာသတွေ။

**မင်းသားကြီးမြင့်စိုး**။ ။ အဲဒီမှာဆရာရဲ့ ကျွန်တော့်ဘဝမှာ ထူးထူးဆန်းဆန်း စာရေးဆရာ တက္ကသိုလ်နေဝင်းဖြစ်တဲ့အတွက် ကျွန်တော် အဲဒီဇာတ်ကားမှာ ဒိုင်ယာလော့ဒ်ကို အရှည်ကြီးပြောရတယ်ဆရာ။ ကျွန်တော့်ကို အဖိုးနဲ့ စာမျက်နှာနှစ်မျက်နှာ၊ သုံးမျက်နှာလောက်ကို ပြောရတယ်။ ဆရာဗိုလ်ထွန်းလှက အဲဒါတွေလည်း ပါမှာပေါ့ဆရာရယ်။ ရုပ်ရှင်ဆိုတာ ဆရာသိပါတယ်။

**ကြည်စိုးထွန်း** ။ ။ မှန်တာပေါ့။

**မင်းသားကြီးမြင့်စိုး**။ ။ ရုပ်ကရှင်မှ ကောင်းတာကိုး။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ ဒိုင်ယာလော့ဒ်တွေက အရှင်ဖြစ်နေတော့။ ရုပ်ရှင်ဖြစ်တယ်ပေါ့ ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး**။ ။ ရုပ်ရှင်ဖြစ်တော့ အဲဒီကားလည်း သိပ်ပြီးတော့ အောင်မြင်သင့်သလောက် မအောင်မြင်ဘူး။

**ကြည်စိုးထွန်း** ။ ။ ဒါပေါ့ မှန်တာပေါ့ ဒိုင်ယာလော့ဒ်များတော့။

*(ဆက်လက်ဖော်ပြပါမည်)*

# ပြန်ကြားရေးဝန်ကြီးဌာန
# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## အခြားရုံးသုံးပစ္စည်းနှင့် ရုံးသုံးစက်ကိရိယာများ ဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ အခြားရုံးသုံးပစ္စည်းများနှင့် ရုံးသုံးစက်ကိရိယာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်–

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Monitor 22'' with HDMI Port (Acer) | 10 Nos |
| ၂။ | Wire Binding Machine<br>(Binding Comb 120 Sheets)<br>Specification 300 x 16mm | 1 No |
| ၃။ | UPS 650 VA (Power Tree) | 5 Nos |
| ၄။ | Online UPS 3KVA Rack Type (Socomec) | 1 No |
| ၅။ | Digital Camera (Nikon D–850)<br>– (DSLR) Digital Camera<br>– AF–S Nikkor Lens 24mm –120 mm, F–4G ED VR (Fx)<br>– Nikon speedlight SB–500 (Flash Gun)<br>– UV Filter (77 mm)<br>– SD Card (32 GB) 95MB up<br>– XAQD–64GB–R–44OMB/W–400MB | 2 Nos |
| ၆။ | Air Conditioner (CHIGO)<br>2HP Split Type (R410 a)<br>Outdoor, Indoor With Frame,<br>Copper Pipe (10 ft), Safeguard | 17 Nos |
| ၇။ | Desktop Computer<br>CPU–Intel Core i7 8th Gen, RAM–8GB DDR4,<br>Hard Disk–1TB, GT 710 2GB Graphic with HDMI Port,<br>DVD R/W, Power Supply 700 W,<br>Monitor 21.5'' HDMI (Acer), Keyboard and Mouse (A4 Tech),<br>UPS 650 VA (Dragon Power) | 40 Nos |
| ၈။ | Printer (Canon LBP 2900B)<br>Print Resolution: 600x600 dpi<br>Paper Output : 100 sheets | 40 Nos |
| ၉။ | Color Printer (Epson L 805)<br>Max Print Resolution 5760 x 1440 dpi<br>Print Speed (Black/Color) 37/38 ppm<br>Color Ink Tank (C/M/Y/BK/LM/LC) | 2 Nos |
| ၁၀။ | Scanner (A4) (Epson V 39)<br>4800 x 4800 dpi | 40 Nos |
| ၁၁။ | Document Color Image Scanner (A4/Legal)<br>Epson DS–1630<br>Resolution 1200x 1200 dpi | 1 No |
| ၁၂။ | Projector (Acer) with Tripod Screen<br>Lumen : 4500<br>Lamp Hours : 20000/15000<br>High Contrast Ratio: 100000:1<br>Tripod Screen 84''x 84'' | 25 Nos |
| ၁၃။ | Laptop (HP)<br>Intel Core i5 8th Gen, 4GB DDR 4, 1 TB HDD | 1 No |
| ၁၄။ | Recorder 16 GB (Sony) | 4 Nos |
| ၁၅။ | Projector & Motorized Screen<br>(a) Vivitek Full HD Home Theater Projector<br>– Native Resolution : 1080P (1920x1080)<br>– Brightness: 300 ANs Lumens<br>– Contrast Ratio:15000: 1<br>– Image Size (Diagonal): 30''–317''<br>– Projection Distance: 1.8 m<br>– Projection Lens : F=2. 59–291<br>– f=16.87 – 21.87 mm<br>– Power Supply : AC 100–240 V 50/60 GHz<br>(b) Motorized Projector Screen<br>– MS–120120 (120–inch)<br>– Size: 120''x 120''<br>– Suitable for both home and office<br>– Can be mounted easily on the wall | 1 Set |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို(၁၆–၉–၂၀၂၀)ရက်မှ(၁၅–၁၀–၂၀၂၀)ရက်အထိ နေ့စဉ်(၀၉:၃၀)နာရီမှ(၁၆:၃၀)နာရီ ရုံးဖွင့် ရက်အတွင်း အောက်ပါလိပ်စာများတွင် တစ်စောင်လျှင် ငွေကျပ်(၁၀၀၀၀/–)နှုန်းဖြင့်လာရောက်ဝယ်ယူနိုင်ပါသည်။တင်ဒါပုံစံများ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏မှတ်ပုံတင်ကတ်ပြား(သို့မဟုတ်) လုပ်ငန်းလိုင်စင်မိတ္တူတင်ပြရပါမည်။

၃။ အိတ်ဖွင့်တင်ဒါများကို(၁၅–၁၀–၂၀၂၀)ရက်နေ့(၀၉:၃၀)နာရီမှ(၁၆:၀၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးအမှတ်(၇)၊နေပြည်တော်တွင်ဖြစ်စေ ပြန်ကြားရေးဝန်ကြီးဌာန၊ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂၈)သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်ဖြစ်စေ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း–၀၆၇–၃၄၁၂၃၆၉၊ ၀၆၇–၃၄၁၂၆၂၄၊ ၀၆၇–၃၄၁၂၂၀၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ–**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

– ရုံးအမှတ် (၇)၊နေပြည်တော်
ဖုန်း–၀၆၇–၃၄၁၂၃၆၉၊၀၆၇–၃၄၁၂၆၂၄၊၀၉၇–၃၄၁၂၂၀၉
– အမှတ်(၂၂၈)၊သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း–၀၁–၈၂၀၁၉၃၆၊၀၁–၈၃၇၁၃၄၀

**တင်ဒါတင်သွင်းရန်လိပ်စာ**

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
– ရုံးအမှတ်(၇)နေပြည်တော်
– ဖုန်း–၀၆၇–၃၄၁၂၃၉၀
– အမှတ်(၂၂၈)၊သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း–၀၁–၈၂၀၁၉၃၆၊၀၁–၈၃၇၁၃၄၀

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အကောင်အထည်ဖော်လျက်ရှိသည့် ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(FSDP)အောက်တွင် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် CMD Application အား Upgrade ပြုလုပ်ရန်အတွက်လိုအပ်သော Server များ၊Desktop PC များ၊Rack များ၊UPSများ၊ Network ပစ္စည်းများနှင့် ယင်းတို့နှင့်ဆက်စပ်ပစ္စည်းများပါဝင်သည့် ပစ္စည်းများဝယ်ယူခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ခြင်းတို့အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံကို ၁၄–၉–၂၀၂၀ ရက်မှ ၁၆–၉–၂၀၂၀ ရက်အထိ ရုံးဖွင့်ရက်များအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၊ရုံးအမှတ်(၅၅)၊စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ဘဏ်ခွဲ)၊ အမှတ် ၂၆(က)၊ စက်မှုလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့တို့တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၄–၉–၂၀၂၀ ရက်တွင် နံနက် ၉:၃၀ နာရီမှ မွန်းလွဲ ၂:၀၀နာရီအတွင်း မူရင်းများနှင့်တကွ CD soft copy တစ်စုံအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊နေပြည်တော်၊ရုံးအမှတ်(၅၅)၊စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနသို့လည်းကောင်း၊ မိတ္တူတစ်စုံနှင့် CD soft copy အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ဘဏ်ခွဲ)၊ အမှတ် ၂၆(က)၊ စက်မှုလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း၊ ချိပ်ပိတ်တင်သွင်းရန်ဖြစ်ပါသည်။(သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် တင်ဒါတန်ဖိုး၏ ၁%အား တင်ဒါအာမခံကြေးအဖြစ် ၃ လ သက်တမ်းရှိသော Bank Guarantee အား သတ်မှတ်တင်ဒါစာရွက်စာတမ်းများနှင့်အတူ ချိပ်ပိတ်တင်သွင်းရမည်။(ငွေသား သို့မဟုတ် P.O Cheque ဖြင့် တင်သွင်းခြင်းကို လုံးဝလက်ခံမည်မဟုတ်ပါ)

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးဌာန၊ နေပြည်တော်၊ ညွှန်ကြားရေးမှူး၊ ဖုန်း–၀၆၇–၃၄၁၈၅၉၅၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း–၀၆၇–၃၄၁၈၁၇၁ နှင့် စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန(ရန်ကုန်ဘဏ်ခွဲ)၊လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း–၀၁–၉၅၅၅၅၃၀၊ ၀၁–၉၅၅၉၄၈၉ နှင့် Email:pcu.fsdp@cbm.gov.mm သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းလက်အောက်ရှိ ဓာတ်အားပေးစက်ရုံများအတွက် အောက်ဖော်ပြပါလုပ်ငန်းနှင့်ပစ္စည်းများအား (မြန်မာကျပ်ငွေ) ဖြင့် (DDP At Site) ဝယ်ယူရန်နှင့်လုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်–

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း/လုပ်ငန်း |
|---|---|---|
| (က) | Tender No.01/<br>EPGE/2020–2021 | Fire Fighting Truck (10) Nos<br>ဝယ်ယူခြင်း။ |
| (ခ) | Tender No.02/<br>EPGE/2020–2021 | နန်ချိုဓာတ်အားပေးစက်ရုံရှိ Penstock<br>Pipe Line<br>(Ø 4.2 m, 521.03 ft) (27167.32 Sft)<br>အား အပြင်ပိုင်းBlasting & Painting<br>လုပ်ငန်းဆောင်ရွက်ခြင်း။ |
| (ဂ) | Tender No.03/<br>EPGE/2020–2021 | ဘီလူးချောင်း(၂)ဓာတ်အားပေးစက်ရုံရှိ<br>High Pressure<br>Pipe Line–B(Ø 9') အရှည် (3760')<br>အပြင်ပိုင်းအား Blasting & Painting<br>လုပ်ငန်းဆောင်ရွက်ခြင်း။ |

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ ၁၄:၀၀ နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ **တင်ဒါပိတ်ရက်** – ၁၂–၁၀–၂၀၂၀

၄။ **တင်ဒါပုံစံများအား** ၁၄–၉–၂၀၂၀ ရက်မှစတင်၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန ဝက်ဆိုက် (www.moee.gov.mm)တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း–၀၆၇–၈၁၀၄၂၇၈၊ ၀၆၇–၈၁၀၄၂၇၉**

## TIN AUNG ZAW
## GENERAL TRADING AND LOGISTICS COMPANY LIMITED
## အစည်းအဝေးဖိတ်ကြားခြင်း
## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇)၊ပုဒ်မ ၁၁၆(င)(၂)အရ

TIN AUNG ZAW GENERAL TRADING AND LOGISTICS COMPANY LIMITED သည် အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ရယူဆောင်ရွက်မည့် ကုမ္ပဏီ၏ မတည်ငွေရင်း လျှော့ချခြင်းနှင့် အထွေထွေလုပ်ငန်းညှိနှိုင်းအစည်းအဝေးအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် မပျက်မကွက် တက်ရောက်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**အစည်းအဝေးကျင်းပမည့်ရက်** – ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁၈ ရက်
**အစည်းအဝေးကျင်းပမည့်အချိန်** – နံနက် ၉:၃၀ နာရီ
**အစည်းအဝေးကျင်းပမည့်နေရာ** – ကုမ္ပဏီအစည်းအဝေးခန်းမ

TIN AUNG ZAW GENERAL TRADING AND LOGISTICS COMPANY LIMITED

## ကန့်ကွက်နိုင်ပါကြောင်း

